ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင်တည်ထောင်သည်။ 
Established in 1957

**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ တနင်္လာနေ့။ Monday, 21 August 2023 ၁၁၁၉၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

**ရုရှားဖက်ဒရေးရှင်း နိုင်ငံ Patriot Park ပန်းခြံအတွင်း၌ ဒုတိယကမ္ဘာစစ်အတွင်း တိုက်ပွဲဝင်ခဲ့သည့် မြန်မာ့စစ်သည်တော်မဟာမိတ်များ အမည်ရှိ အထိမ်းအမှတ်ရုပ်တုဖွင့်လှစ်**
စာမျက်နှာ » ၃

**နိုင်ငံခြားသုံးငွေ ကိုင်ဆောင်မှုနှင့် စပ်လျဉ်း၍ ကြေညာချက်**
စာမျက်နှာ » ၅

**ဖူးရောက်စေချင်သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဆီ ...**
ဆောင်းပါး စာမျက်နှာ » ၆

# ကျောက်ဖြူမြို့၌ ဇီဝဇိုးငှက်များကို မွေးမြူပြီး ခေတ်မီနည်းပညာများနှင့်ပေါင်းစပ်ကာ ပြည်တွင်းဈေးကွက်အထိ ထိုးဖောက်ရန်လုပ်ဆောင်နေသည့် သဘာဝငှက်သိုက်လုပ်ငန်း

ကျောက်ဖြူ ဩဂုတ် ၂၀

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ နေအိမ်သို့ သဘာဝအလျောက်ရောက်ရှိလာသော ဇီဝဇိုးငှက်များကို မွေးမြူထားရှိပြီး ခေတ်မီနည်းပညာများနှင့်ပေါင်းစပ်ကာ ပြည်တွင်းဈေးကွက်အထိ ထိုးဖောက်ရောင်းချရန်လုပ်ဆောင်နေသည့် MSME လုပ်ငန်းတစ်ခုဖြစ်သော KSW သဘာဝငှက်သိုက်လုပ်ငန်းမှာ အောင်မြင်လျက်ရှိကြောင်း အဆိုပါလုပ်ငန်းလုပ်ကိုင်နေသူ ဦးကျော်စွာဝင်းထံမှ သိရသည်။



"ကျွန်တော်တို့ ဒီငှက်သိုက်လုပ်ငန်းကိုစတင်လုပ်ခဲ့တာ ၂၀၂၀ ပြည့်နှစ်ခန့်က ဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသဟာ ပင်လယ်ကမ်းခြေဒေသ ဖြစ်တဲ့အတွက် နဂိုကတည်းက ဒီဇီဝဇိုးငှက်တွေက ရှိပြီးသားပါ။ ငှက်တွေ အိမ်ကိုစရောက်တုန်းက အကောင်ရေ သုံးလေးငါးဆယ်လောက် ရှိပါတယ်။ အခုဆိုရင် ငှက်ကောင်ရေ ၈၀၀ ကျော်လောက် ရှိနေပါပြီ။ ငှက်သိုက်တွေကို ကုန်ကြမ်းရောင်းချမှုအပြင် ကုန်ချောထုတ်လုပ်ပြီး မြန်မာတစ်နိုင်ငံလုံးကို ထုတ်လုပ်ဖြန့်ဖြူးသွားဖို့ လုပ်ဆောင်နေပါတယ်။ နိုင်ငံတော်က ပံ့ပိုးပေးဖို့အတွက်လည်း ကျွန်တော်တို့ ကြိုးစားထားပါတယ်" ဟု ၎င်းကပြောသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❐



# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ဒဏ်သင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ တတိယအကြိမ်မြောက် ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၀

ကျန်းမာရေးဝန်ကြီးဌာနသည် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ဒဏ်သင့် ရခိုင်ပြည်နယ်မှ ဒေသခံပြည်သူများ လိုအပ်သော အထူးကုသမှုများရရှိနိုင်စေရေးအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်တို့မှ နှလုံးရောဂါ ဆေးပညာ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြော ဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ပညာ၊ ဆီးချိုနှင့် ဟော်မုန်းဆေးပညာ၊ သွေးရောဂါပညာ၊ ရင်ခေါင်းဆေးပညာ၊ အရိုးအကြောအဆစ်ဆေးပညာ၊ အထွေထွေရောဂါကုဆေးပညာရပ်ဆိုင်ရာ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည်

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❍

ကြေးမုံ

# ကြည်ညိုဖွယ် ဝမ်းမြောက်နှုမော်သာစုခေါ်

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများကို ဩဂုတ်လ ၁ ရက်နေ့တွင် ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ပြီးနောက် ဩဂုတ်လ ၈ ရက်နေ့မှစတင်၍ ရဟန်းရှင်လူပြည်သူများအား ဖူးမြော်ကြည်ညိုခွင့်ပြုခဲ့သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အများပြည်သူတို့အား ဩဂုတ်လ ၁ ရက်နေ့မှ ဩဂုတ်လ ၁၆ ရက်နေ့အထိ အခမဲ့ဝင်ရောက်ဖူးမြော်ကြည်ညိုခွင့်ပြုခဲ့ရာ နေပြည်တော်နှင့် မြန်မာပြည်အရပ်ရပ်တို့မှ ရဟန်းသံဃာ၊ ပြည်သူများနှင့် ဝန်ထမ်းများ နေ့စဉ်လာရောက်ဖူးမြော်ကြည်ညိုကြပြီး ကောင်းမှုကုသိုလ်အစုစုကို ပြုလုပ်ခဲ့ကြသည်။ ဘုရားဖူးလာပြည်သူများမှာ တစ်နေ့တခြားများပြားလာရာ နေ့စဉ်ရုံးဖွင့်ရက်များ၌ ထောင်သောင်းချီလာရောက်ကြပြီး ရုံးပိတ်ရက်များတွင် သိန်းသောင်းချီလာရောက်ကြသဖြင့် ဘုရားဖူးလာပြည်သူများ ဆက်လက်ကြည်ညိုပွားများနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စက်တင်ဘာလ ၃ ရက်နေ့အထိ အခမဲ့ကြည်ညိုဖူးမြော်ခွင့်ပြုခဲ့သဖြင့် ဝမ်းမြောက်ဝမ်းသာ သာစုခေါ်ဆိုအပ်ပါသည်။

ဘုရားဖူးမြော်ခွင့် သတ်မှတ်ကာလရက်ပြည့်သည့်အခါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဘုရားဥယျာဉ်တော်ကြီးတစ်ခုလုံး တည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ထိန်းသိမ်းစောင့်ရှောက်မှုများပြုလုပ်နိုင်ရန် ဝင်ကြေးငွေဖြင့် ဝင်ရောက်ဖူးမြော်ခွင့်ပြုမည်ဖြစ်ကြောင်းသိရသည်။ မာရဝိဇယကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည်။ ဆင်းတုတော်ကြီးကို ကြည်ညိုသပ္ပာယ်ဖွယ်ရာဖြစ်စေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အနုပညာလက်ရာများကိုလည်း ပညာရပ်အမြင့်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ထုဆစ်ပုံဖော်ခဲ့သည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပါအဝင် သာသနိကအဆောက်အအုံများ၊ ရင်ပြင်တော်နှင့် ဘုရားပရိဝုဏ်တော်ကြီးတစ်ခုလုံးအား တန်ဖိုးကြီးမားသောစကျင်ကျောက်ပြားများဖြင့် တည်ဆောက်ခဲ့သည်။

ထိုကဲ့သို့ ကြီးကျယ်ခမ်းနားသော ဗိသုကာလက်ရာမြောက်မြားစွာဖြင့် တည်ဆောက်ခဲ့မှုသည် အခြားမည်သည့်နေရာတွင်မှ ရှိနိုင်မည်မဟုတ်ပေ။ စကျင်ကျောက်တော်ကြီး ပေါ်ထွန်းလာမှု၊ စနစ်တကျကြီးကြပ်ကွပ်ကဲတည်ဆောက်ထားမှုများနှင့် အချိန်ကာလဒေသများအရလည်း ယခုကဲ့သို့ ထပ်မံတည်ဆောက်နိုင်ရန်မှာ မလွယ်ကူပေ။ စကျင်ကျောက်ဆိုသည်မှာ မြန်မာ့ထုံးတမ်းအစဉ်အလာအရ ရတနာတန်းဝင် အဖိုးတန်ကျောက်တစ်မျိုးဖြစ်ပြီး လာရောက်ဖူးမြော်ကြည်ညိုသူများအတွက် ငြိမ်းချမ်းမှု၊ အေးမြမှု၊ ဂုဏ်ကျက်သရေရှိမှု စသည့်ဂုဏ်သတ္တိများကို ရရှိနိုင်ပေသည်။ ထို့ကြောင့် ဘုရားပရိဝုဏ်တစ်ခုလုံး ပျက်စီးယိုယွင်းမှုများမရှိစေရေးအတွက် အသေးအဖွဲမှအစ စနစ်တကျအလေးထား တန်ဖိုးထားထိန်းသိမ်းဆောင်ရွက်နိုင်ရန် လိုအပ်ပေသည်။

ထို့အပြင် လုံခြုံရေး၊ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လျှပ်စစ်မီးများ၊ အဆောက်အအုံ၊ ဥယျာဉ်ပန်းခြံများသာမက လိုအပ်သည်များကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရန်အတွက် လိုအပ်သည့်ကုန်ကျစရိတ်ငွေကြေးများကို စနစ်တကျစီမံခန့်ခွဲဆောင်ရွက်သွားရန်လိုအပ်သည်။ အချို့နိုင်ငံများတွင်လည်း ၎င်းနိုင်ငံ ဘုရားအစရှိသည့် ဘာသာရေးအဆောက်အအုံများသို့ ဝင်ရောက်လေ့လာဖူးမြော်ကြည်ညိုသည့်အခါ ဝင်ကြေးများပေးဆောင်ရသည့်အစဉ်အလာရှိသည်။ မြန်မာနိုင်ငံအနေဖြင့် သာမန်အများပြည်သူများ ဖူးမြော်နိုင်သည့် သတ်မှတ်နှုန်းထားကိုသာ သတ်မှတ်ထားသည်။ ရဟန်းသံဃာ၊ သီလရှင်များနှင့် ကျောင်းသား ကျောင်းသူများကို အခမဲ့ဖူးမြော်ခွင့်နှင့် ဝန်ထမ်းများအား ဝန်ထမ်းအသိအမှတ်ပြုကတ်ဖြင့် ၅၀ ရာခိုင်နှုန်း လျှော့ချကောက်ခံရန် စီမံထားသည်။

ရဟန်းရှင်လူပြည်သူအပေါင်းတို့သည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရုပ်ပွားတော်မြတ်ကြီးနှင့် ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်၊ ဂန္ဓကုဋိတိုက်၊ သုဓမ္မာဇရပ်၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနဗိမာန်တော်၊ ကျောက်စာရုံစေတီတော်များအပါအဝင် အခြားဘာသာရေးဆိုင်ရာအဆောက်အအုံများတွင် စိတ်အေးချမ်းသာစွာနားနေ၍ လေ့လာခြင်း၊ ဖူးမြော်ကြည်ညိုခြင်း၊ တရားဘာဝနာအားထုတ်ခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ လှူဒါန်းပူဇော်ခြင်း စသည်တို့ကို ပွားများကုသိုလ်ယူနိုင်ကြပြီဖြစ်သည်။ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ကြည်ညိုဖွယ်ရာအဆင်းဖြင့် သပ္ပာယ်တင့်တယ်စွာ အထင်အရှားပေါ်ထွန်းလာပြီဖြစ်သည်။ မြန်မာပြည်တစ်ဝန်းရှိ ဘုရားဖူးပြည်သူများသာမက ပြည်ပမှ ခရီးသွားဧည့်သည်များပါ ကြိတ်ကြိတ်တိုးလာရောက်ဖူးမြော်ကြည်ညိုနေကြသည့်မြင်ကွင်းများမှာ ဗုဒ္ဓဘာသာဝင်အပေါင်းတို့သာမက အခြားဘာသာဝင်များပါ စိတ်နှလုံးဘဝင်ချမ်းမြေ့ကြသဖြင့် ဝမ်းမြောက်နှုမော် သာစုအကြိမ်ကြိမ်ခေါ်ဆိုမိပါကြောင်း။ ။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများ ပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင်ကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

## နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် အခြားစားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရွှေမြိုင်ပရိယတ္တိ စာသင်တိုက်ရှိ သံဃာတော်များ၊ စာသင်သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥနှင့် အခြားလှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းသည်။



နယ်စပ်ရေးရာဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းတွင် ဝါတွင်းကာလ ဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲ မရှိစေရေးအတွက် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ကုလားပဲများနှင့် လှူဖွယ်ပစ္စည်းများကို ထောက်ပံ့ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကန်ကြီးထောင့်မြို့နယ် ဆပ်ကွင်း အထက၌ လူငယ်စကားဝိုင်း ကျင်းပ

**ကန်ကြီးထောင့် ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဆပ်ကွင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ဩဂုတ် ၁၈ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးရဲနိုင်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးရဲနိုင်က လူငယ်စကားဝိုင်း ဆောင်ရွက်ခြင်းကြောင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြား၍ လူငယ်စကားဝိုင်းကို ဆက်လက် ကျင်းပသည်။

အဆိုပါစကားဝိုင်းတွင် ရပ်မိ ရပ်ဖ ဦးမြင့်ဦး၊ အထက်တန်းပြဆရာမ ဒေါ်ဂျူးမေဖောတို့က လူငယ်နှင့်ပညာ၊ GRADE – 12 မှ မောင်ချစ်ဦးမောင်က လူငယ်နှင့် ယဉ်ကျေးမှု၊ Grade – 11 မှ မောင်အားသစ်အောင်က လူငယ်နှင့် စာဖတ်ခြင်း၊ Grade – 10 မှ မကေအင်ကြင်းက လူငယ်နှင့် မျိုးချစ်စိတ်ဓာတ်၊ မရတနာရွှေဇင်ထွန်းက လူငယ်နှင့် ကျန်းမာရေးစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဠ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - | ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - | ဦးနိုင်လင်းကြည်၊ | စာပြင် | - | ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာတည်းများ | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ Patriot Park ပန်းခြံအတွင်း၌ ဒုတိယကမ္ဘာစစ်အတွင်း တိုက်ပွဲဝင်ခဲ့သည့် မြန်မာ့စစ်သည်တော် မဟာမိတ်များ အမည်ရှိ အထိမ်းအမှတ်ရုပ်တု ဖွင့်လှစ်



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shoigu ရုရှားဖက်ဒရေးရှင်းနိုင်ငံ Patriot Park ပန်းခြံအတွင်း၌ ဒုတိယကမ္ဘာစစ်အတွင်း တိုက်ပွဲဝင်ခဲ့သည့် “မြန်မာ့စစ်သည်တော် မဟာမိတ်များ” အမည်ရှိ အထိမ်းအမှတ်ရုပ်တုဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ကျေးဇူးတင် ဂုဏ်ယူ ဝမ်းမြောက်စကား ပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားတပ်မတော်ပင်မဘုရားရှိခိုးကျောင်းတော်ကြီး Main Cathedral of the Armed Forces တည်ရှိရာ မော်စကိုခရိုင် ကူဘင်ကာမြို့ မျိုးချစ်ပန်းခြံ Patriot Park အတွင်း၌ ဒုတိယကမ္ဘာစစ်ကာလအတွင်း တိုက်ပွဲဝင်ခဲ့ကြသည့် **“မြန်မာ့စစ်သည်တော် မဟာမိတ်များ”**အမည်ရှိ အထိမ်းအမှတ်ရုပ်တုဖွင့်ပွဲကို ဩဂုတ် ၁၄ ရက်တွင် ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shoigu နှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် တာဝန်ရှိသူများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်မိုးကျော်နှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shoigu နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းတို့ ဒုတိယကမ္ဘာစစ်ကာလအတွင်း တိုက်ပွဲဝင်ခဲ့ကြသည့် “မြန်မာ့စစ်သည်တော် မဟာမိတ်များ”အမည်ရှိ အထိမ်းအမှတ်ရုပ်တုရှေ့၌ ဂုဏ်ပြုပန်းစည်းများချ၍ အလေးပြုကြစဉ်။

အခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာ၌ ယခုကဲ့သို့ **“မြန်မာ့စစ်သည်တော် မဟာမိတ်များ”**အမည်ရှိ အထိမ်းအမှတ် ရုပ်တုကို စိုက်ထူခြင်းသည် ယခုနှစ်တွင် ကျရောက်ခဲ့သည့် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုခြင်းဖြစ်သကဲ့သို့ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ ပိုမိုတောင့်တင်း ခိုင်မာလာမည်ကို ထုတ်ဖော်ပြသခြင်းဖြစ်သကဲ့သို့ ရုရှား-မြန်မာနိုင်ငံ ပူးပေါင်းကာ ဖက်ဆစ်တို့ကို တော်လှန်ခဲ့ကြသည်ကို ပြန်လည်အမှတ်ရနေစေမည့် စစ်မှန်သော သမိုင်း၏ အမှန်တရားများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းသည် အရေးပါသော နိုင်ငံရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

**အခမ်းအနား တက်ရောက်လာကြသူများက ဒုတိယကမ္ဘာစစ်ကာလအတွင်း တိုက်ပွဲဝင်ခဲ့ကြသည့် “မြန်မာ့စစ်သည်တော် မဟာမိတ်များ”အမည်ရှိ အထိမ်းအမှတ် ရုပ်တုရှေ့၌ ဂုဏ်ပြုပန်းစည်းများ ချကြစဉ်။**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဒုတိယကမ္ဘာစစ်ကာလအတွင်း တိုက်ပွဲဝင်ခဲ့ကြသည့် **“မြန်မာ့စစ်သည်တော် မဟာမိတ်များ”**အမည်ရှိ အထိမ်းအမှတ် ရုပ်တုရှေ့၌ ဂုဏ်ပြုပန်းစည်းများချ၍ အလေးပြုကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

**ဂုဏ်ပြုတည်ဆောက်**

အဆိုပါ ရုရှားတပ်မတော် ပင်မဘုရားရှိခိုးကျောင်းတော်ကြီးကို ၂၀၂၀ ပြည့်နှစ် မေ ၉ ရက်တွင် ကျရောက်သော Victiory Day of Great Patriotic War (၇၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရုရှားတပ်မတော်၏ ဗဟိုစစ်ဘက်ဆိုင်ရာ ကျက်သရေဆောင်နေရာ Center of Military Glory ဖြစ်လာစေရန်နှင့် သမိုင်းတစ်လျှောက် အကြမ်းတမ်းဆုံး၊ သွေးထွက်သံယိုမှုအများဆုံး စစ်ပွဲကြီးတွင် ကျဆုံးခဲ့ကြသည့် ရုရှားစစ်သည်တော်များကို အမှတ်တရဖြစ်လာစေရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုအချိန်တွင် ဒုတိယကမ္ဘာစစ်အတွင်း ရုရှားနိုင်ငံနှင့်အတူ ဖက်ဆစ်တို့ကို ပူးပေါင်းလက်တွဲတိုက်ခိုက်ခဲ့ကြသည့် ရုရှားတပ်နီတော်အပါအဝင် နိုင်ငံအသီးသီးမှ တိုက်ပွဲဝင်ခဲ့ကြသူများအား ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ရုပ်တုများကို စိုက်ထူထားရှိခြင်းဖြစ်ကြောင်း၊ **“မြန်မာ့စစ်သည်တော် မဟာမိတ်များ”** အမည်ရှိ အထိမ်းအမှတ်ရုပ်တုကို ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဖက်ဆစ်တော်လှန်ရေးတွင် အသက်သွေးချွေး

**စာမျက်နှာ ၄ သို့ »»**



»»» စာမျက်နှာ ၃ မှ
စတေးကာ ပါဝင်တိုက်ပွဲဝင်ခဲ့ကြသော မြန်မာ့တပ်မတော်သားများကို ဂုဏ်ပြုလိုသည့်အတွက် မဟာမိတ် စစ်သည်တော်များ ပြင်ပပြကွက်တွင် စိုက်ထူခဲ့ခြင်းဖြစ်ကြောင်းနှင့် မော်စကိုမြို့ M.B Grekova အနုပညာ စတူဒီယိုမှ ထုဆစ်ပုံဖော်ခဲ့ခြင်းဖြစ်ကြောင်း။

**အထူးရွေးချယ်ထုဆစ်ခဲ့ခြင်းဖြစ်**

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ရန်သူများ၏ နယ်ချဲ့ကျူးကျော်သိမ်းပိုက်မှုများကို တုံ့ပြန်တိုက်ခိုက်ရာတွင် မြန်မာ့တပ်မတော်သားများ၏ အခန်းကဏ္ဍသည်လည်း တစ်ကမ္ဘာလုံး၏ စစ်အောင်မြင်ရခြင်းအပေါ် သိသိသာသာ သက်ရောက်မှုရှိခဲ့သည်ကို အသိအမှတ်ပြု လေးစားဂုဏ်ပြုသောအားဖြင့် အဆိုပါ ရုပ်တုကို စိုက်ထူခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ရုပ်တုပြုလုပ်စိုက်ထူရန် အကြံဉာဏ်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzugetovich Shoigu က စတင်အကြံပြုခဲ့ပြီး မြန်မာ့တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)မှ စစ်ဘက်သမိုင်းပညာရှင်များ၏ အစီရင်ခံတင်ပြချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ သဘောတူညီချက် တင်ပြတောင်းခံ၍ ရုပ်တုအသွင်သဏ္ဍာန်အား အထူးရွေးချယ် ထုဆစ်ခဲ့ခြင်းဖြစ်ကြောင်း။

အဆိုပါ ရုပ်တုထုဆစ်မှုအပိုင်းနှင့် အောင်မြင်စွာ စိုက်ထူနိုင်ရေးအတွက် ရုရှားကာကွယ်ရေးဝန်ကြီးက ကိုယ်တိုင်ကိုယ်ကျကြီးကြပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရုပ်တုတွင် မြန်မာ့သမိုင်းဝင် စစ်ဝတ်တန်ဆာများကို ဝတ်ဆင်ထားဟန် စစ်သည်နှစ်ဦး၏ ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်နေပုံကို တွေ့မြင်ကြရမည်ဖြစ်ကာ ရဲသွေးရဲမာန်အပြည့်ဖြင့် ရန်သူကို မမှုဘဲ အောင်မြင်မှုပန်းတိုင်ဆီ ရှေ့သို့ လှမ်းချီနေသည့်ဟန် ပီပြင်စွာ သရုပ်ဖော်ထားကြောင်း။

**ထည့်သွင်းထုဆစ်ထား**

စစ်သည်တော်တစ်ဦး၏ လက်တွင် ရန်သူများထံမှ သိမ်းဆည်းရမိသော ရိုင်ဖယ်သေနတ်ကို ကိုင်ဆောင်ထားပြီး ဒုတိယတစ်ဦး၏ လက်တစ်ဖက်တွင် ဆိုဗီယက်ပြည်ထောင်စုထုတ် Mosin အမျိုးအစား ရိုင်ဖယ်ကို ကိုင်ဆောင်ထားကာ ကျန်လက်တစ်ဖက်တွင် ထိုခေတ်အခါက အသုံးပြုခဲ့သော အမျိုးသား အောင်လံတော်ကို ဆုပ်ကိုင်ထားသည့်ဟန် ထုဆစ်ပုံသွင်းထားခြင်း ဖြစ်ကြောင်း၊ ရုပ်တု၏ ဘယ်ဘက်အောက်ခြေတွင် ခြင်္သေ့ရုပ်တုကို ထည့်သွင်းထားရှိပြီး ခြင်္သေ့ရုပ်တုသည် ရှေးကျလှသော မြန်မာ့ဟန် အနုပညာ လက္ခဏာတစ်ခုလည်းဖြစ်ကာ ခြင်္သေ့ရုပ်၏ အသွင်သဏ္ဍာန်ကို မန္တလေးတောင်ခြေမှ ခြင်္သေ့ကြီးနှစ်ကောင်နှင့် ပုံစံတူထုဆစ်ထားကြောင်း၊ အဓိပ္ပာယ်မှာ ရန်သူတို့အား အောင်မြင်စွာ တွန်းလှန်တိုက်ထုတ်နိုင်ခဲ့သည့် မန္တလေးမြို့တိုက်ပွဲကို သရုပ်ဖော်လိုခြင်းဖြစ်ပြီး စစ်သည်တော်တို့၏ ခြေရင်းတွင် ရန်သူတို့၏ တပ်သုံးအလံများ၊ စစ်သုံးဓားများကို နင်းခြေထားသည့်ဟန် ထည့်သွင်းထုဆစ်ထားကြောင်း။

**"မြန်မာ့စစ်သည်တော် မဟာမိတ်များ"**ရုပ်တုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ စိုက်ထူလိုက်ခြင်းသည် နှစ်နိုင်ငံ၏ ယိုင်နဲ့သွားမည်မဟုတ်သည့် ညီရင်းအစ်ကိုပမာ ပူးပေါင်းဆောင်ရွက်တတ်သည့် မဟာမိတ်စိတ်ဓာတ်ကို ဖော်ကျူးနေခြင်းပင်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ယူနန်တိုင်းရင်းဆေးစက်ရုံနှင့် ဆိုလာစက်ရုံများသို့ သွားရောက်လေ့လာ

**ကူမင်း ဩဂုတ် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့သည် ကူမင်းမြို့ရှိ (Yunnan Baiyao) ယူနန်တိုင်းရင်းဆေးစက်ရုံသို့ ယနေ့ နံနက်ပိုင်းတွင် သွားရောက်လေ့လာရာ စက်ရုံမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး လိုက်လံရှင်းလင်းပြသသည်။

**China Tobacco Schweitzer စက်ရုံ**

အဆိုပါစက်ရုံကို ၁၉၇၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခင်ရိုးရာနည်းပညာဖြင့် ဆောင်ရွက်နေရာမှ စက်မှုလုပ်ငန်းအဖြစ် ခေတ်မီကုန်ထုတ်လုပ်မှုစနစ်ကို ကူးပြောင်းဆောင်ရွက်ခဲ့ကြောင်း၊ ထုတ်လုပ်သည့် ဆေးပစ္စည်းများ၏ အရည်အသွေးကိုလည်း အဆင့်မြှင့်တင်ပြီး ဆေးဝါးထုတ်ကုန်အသစ်များ စဉ်ဆက်မပြတ် စမ်းသပ်ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံပြခန်းတွင် စက်ရုံဖြစ်ပေါ်လာမှု သမိုင်းကြောင်း၊ လုပ်ငန်းလုပ်ဆောင်မှုစနစ်၊ စီမံခန့်ခွဲမှုပုံစံတို့ကို ရှင်းလင်းပြသမှုများကို လိုက်လံကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့တွင် လိုက်ပါလာသည့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြင့်မြတ်က သိရှိလိုသည်များကို မေးမြန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် China Tobacco Schweitzer စက်ရုံသို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက စက်ရုံဝန်းအတွင်း လှည့်လည်ရှင်းလင်းပြသသည်။ CTS ကုမ္ပဏီကို ၂၀၁၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် လုပ်ငန်းများစတင်လည်ပတ်ခဲ့ကြောင်း၊ ထုတ်ကုန်များကို ကျန်းမာရေးဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း China Tobacco Schweitzer စက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။

# (၇)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ နောက်ဆုံးနေ့ မြန်မာပြခန်းများ ဆက်လက်ပြသပြီး စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုး



**နေပြည်တော် ဩဂုတ် ၂၀**

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Dianchi International Convention and Exhibition Center တွင် ကျင်းပနေသည့် (၇) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ၏ နောက်ဆုံးနေ့ဖြစ်သည့် ယနေ့တွင် မြန်မာနိုင်ငံပြခန်းများ ဆက်လက်ပါဝင်ပြသရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

**ဈေးကွက်ရရှိရေးဆောင်ရွက်**

မြန်မာပြခန်းသို့ လာရောက်ကြသူများကို မြန်မာ့ထုတ်ကုန်များဖြစ်သည့် ကော်ဖီ၊ လက်ဖက်စို၊ လက်ဖက်ခြောက်၊ ဆီးဖျော်ရည်နှင့် စားသောက်ကုန်များကို မိတ်ဆက်ကျွေးမွေး၍ ဈေးကွက်ရရှိရေး ဆောင်ရွက်ခဲ့ကြသည်။ ပြခန်းဆောင်အတွင်း ပြသထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာ့ခရီးသွားနေရာများကိုလည်း ပြခန်းသို့လာရောက်သူများက စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြသည်။

ထို့ပြင် ကုန်စည်ပြပွဲတွင် ပါဝင်ပြသနေသာ မြန်မာကုမ္ပဏီ/ အသင်းအဖွဲ့များဖြစ်သည့် ကိုးကန့်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၊ AJ Myanmar Good Brother Group Co. ,Ltd၊ Global Earth Agro and Aqua International Co.,Ltd တို့သည် ဂုဏ်ထူးဆောင် နိုင်ငံပြခန်းဆောင်တွင် တရုတ်နိုင်ငံ ကူမင်းမြို့၊ ချုံချင့်မြို့နှင့် ကွမ်ရှီးပြည်နယ် သုံးရှင်းမြို့ အခြေစိုက် ကုမ္ပဏီ လေးခုတို့နှင့် ပို့ကုန်/သွင်းကုန်လုပ်ငန်း၊ ကုန်စည်ဖြန့်ဖြူးရေး၊ လယ်ယာထွက်ကုန်၊ ရေထွက်ပစ္စည်းများနှင့်ပတ်သက်သည့် ပူးပေါင်းဆောင်ရွက် ရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❍ ရှေ့ဖုံးမှ
ဩဂုတ် ၁၉ ရက်နှင့် ၂၀ ရက် တို့တွင် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်ကာ ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့မှ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဒေသခံအငြိမ်းစား ဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါ အထူးကုဆေးကုသရေးအစီအစဉ်တွင် စစ်တွေမြို့အပါအဝင် ရခိုင်ပြည်နယ်အတွင်းရှိ အခြားသော မြို့နယ်များဖြစ်သည့် ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ရသေ့တောင်၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မြေပုံ၊ မောင်တော၊ ဘူးသီးတောင် မြို့နယ် ၁၀ မြို့နယ်မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများပါ လာရောက်ပြသခဲ့ပြီး နှစ်ရက်အတွင်း နှလုံးရောဂါဆိုင်ရာ ၁၀၁ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ၇၅ ဦး၊ ဦးနှောက်နှင့်အာရုံကြောဆေးကုသမှုဆိုင်ရာ ၉၅ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ ၄၈ ဦး၊ ဆီးချိုနှင့် ဟော်မုန်းဆိုင်ရာ ၆၉ ဦး၊ သွေးရောဂါဆိုင်ရာ ၁၆ ဦး၊ အထွေထွေရောဂါဆိုင်ရာ ၁၈၅ ဦး၊ ရင်ခေါင်းရောဂါဆိုင်ရာ ၂၅ ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာ ၂၅၇ ဦး စုစုပေါင်း ဒေသခံပြည်သူ ၈၇၁ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့သည်။

**စီစဉ်ဆောင်ရွက်ပေး**

အဆိုပါလူနာများအနက် နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း (Echocardiography) ၃၁ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းမှန်ပြောင်းကြည့်ရှုခြင်း (OGDS) ၁၄ ဦး၊ အူမကြီးမှန်ပြောင်းကြည့်ရှုခြင်း (Colonoscopy) နှစ်ဦး၊ ဒူးခေါင်းတွင်းဆေးထိုး၍ကုသပေးသူ ငါးဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း (CT scan) ကိုးဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၇၁ ဦး၊ ဓာတ်ခွဲစမ်းသပ်သူ ၁၆၈ ဦး၊ Ultrasound ရိုက်ကူးခြင်း ၂၉ ဦး၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း(ECG) ၁၂၄ ဦးတို့ကို စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့ပြီး နှလုံးရောဂါဆက်လက်ဆေးကုသရန် လိုအပ်သော လူနာ ခြောက်ဦးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း၊ ရင်ခေါင်းဆေးကုသမှု ဆက်လက်ဆောင်ရွက်ရန် လိုအပ်သော လူနာ တစ်ဦးကို အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်သို့လည်းကောင်း လွှဲပြောင်းကုသနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိစေရေးနှင့် ပြည်သူများ စိုက်ထုတ်ကုန်ကျရသောဆေးကုသမှုစရိတ် လျှော့နည်းကျဆင်းစေရေးအတွက် ရန်ကုန်/မန္တလေးမှ အထူးကုဆေးကုသရေးအဖွဲ့များ၏ ကွင်းဆင်းကုသမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိရာ ယခုခရီးစဉ်သည် ၂၀၂၃ ခုနှစ်အတွင်း ရခိုင်ပြည်နယ်သို့ တတိယအကြိမ် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၊ မကွေးတိုင်းဒေသကြီး မကွေးမြို့တို့တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ အခြားသော တိုင်းဒေသကြီး/ ပြည်နယ်များ၌လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ပသို့ထွက်ခွာမည့်သူများအတွက် အသေးသုံး နိုင်ငံခြားငွေ ငွေသားများဝယ်ယူနိုင်ရန် အသိပေးကြေညာချက်

နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များ၏ Money Changer ကောင်တာများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရောင်းဝယ်ခွင့်ပြုထားသည့် ငွေကြေးအမျိုးအစား(၇)မျိုး (အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ၊ ထိုင်းဘတ်၊ မလေးရှားရင်းဂစ်၊ တရုတ်ယွမ်နှင့် ဂျပန်ယန်း) တို့အား ရောင်းဝယ်ရန် ခွင့်ပြုထားပါသည်။

မြန်မာနိုင်ငံသားများအနေဖြင့် ပြည်ပသို့ထွက်ခွာရာတွင် နိုင်ငံတကာငွေပေးချေမှုကတ်များ (Debit Card နှင့် Credit Card) အပြင် အသေးသုံးနိုင်ငံခြားငွေ ငွေသား ဆောင်ယူသွားနိုင်ရေးအတွက် ဈေးကွက်အတွင်း လွယ်ကူစွာဝယ်ယူနိုင်ရန်နှင့် တရားမဝင် ငွေလဲလှယ်နေသူများက ဈေးကစားခြင်းကို ထိန်းသိမ်းရန်တို့ကို ရည်ရွယ်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (သို့မဟုတ်) AD လိုင်စင်ရ ဘဏ်များ၏ Money Changer ကောင်တာများတွင် ပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်မည့်သူ၊ ဆေးကုသရန်သွားရောက်မည့်သူနှင့် ပညာသင်သွားရောက်မည့်သူများအား တစ်ဦးလျှင် နိုင်ငံခြားငွေ ငွေသား အမေရိကန်ဒေါ်လာ ၃၀၀ မှ ၅၀၀ ခန့် (ယင်းနှင့်ညီမျှသောနိုင်ငံခြားငွေ ငွေသား) ရောင်းချခြင်းကို (၃၁-၅-၂၀၂၃) ရက်နေ့မှစတင် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ပြည်ပသို့ထွက်ခွာသူများအနက် ဘုရားဖူးထွက်ခွာသူများ၊ ပြည်ပနိုင်ငံအစိုးရနှင့် အသင်းအဖွဲ့များ၏ ဖိတ်ကြားချက်အရ အစည်းအဝေးတက်ရောက်ရန် ထွက်ခွာသူများကိုလည်း ရောင်းချပေးသွားမည်ဖြစ်ပါသည်။

ပြည်ပသို့ အမှန်တကယ်ထွက်ခွာမည့်သူများအား အဆင်ပြေလွယ်ကူစွာ ရောင်းချပေးနိုင်ရေးအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ဆိုက်ရောက်/ထွက်ခွာ) ဘဏ်ကောင်တာ ၃ ခုတွင် AD လိုင်စင်ရဘဏ်များမှ နေ့စဉ်အလှည့်ကျရောင်းချသွားမည်ဖြစ်ပါသည်။ လေဆိပ် ကောင်တာများအပြင် အသေးသုံးနိုင်ငံခြားငွေ ငွေသား ရောင်းချပေးသည့်အစီအစဉ်အရ ဝယ်ယူရရှိနိုင်သည့်ဘဏ်ကောင်တာများမှာ ကမ္ဘောဇဘဏ်လီမိတက်၊ AYA Bank PCL၊ CB Bank PCL၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ရေဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ ရိုးမဘဏ်လီမိတက်၊ ယူအေဘီဘဏ်လီမိတက်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်၊ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ ကမ္ဘာ့ရတနာဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်တို့ဖြစ်ပြီး အဆိုပါကောင်တာများတွင် ဝယ်ယူနိုင်ကြောင်းကိုလည်း ဘဏ်များ၏ Website နှင့် Facebook Page များတွင် ကြေညာထားပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## နိုင်ငံခြားသုံးငွေကိုင်ဆောင်မှုနှင့် စပ်လျဉ်း၍ ကြေညာချက်

နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၉ အရ နိုင်ငံတော်တွင် နိုင်ငံခြားသုံးငွေ ရောင်းဝယ်မှုလုပ်ငန်းများကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူများကသာ ဆောင်ရွက်ခွင့်ရှိပြီး နိုင်ငံခြားသုံးငွေ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရရှိသူများသည် နိုင်ငံခြားငွေ ငွေသားနှင့် ခရီးသွားချက်လက်မှတ်များကိုသာ ရောင်းဝယ်ခွင့်ရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၃၀-၉-၂၀၁၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ အမှတ် ၇/၂၀၁၄ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းအပိုဒ် ၁၅ တွင် “ပြည်တွင်း၌နေထိုင်သူ တစ်ဦးသည် တရားဝင်နည်းလမ်းဖြင့်ရရှိထားသည့် အမေရိကန်ဒေါ်လာ ၁၀,၀၀၀/- အထိ သို့မဟုတ် ယင်းနှင့်ညီမျှသောငွေထက်မပိုသော နိုင်ငံခြားငွေများကို လက်ခံရရှိသည့်နေ့မှ ၆ လ အတွင်း ကိုင်ဆောင်ခွင့်ရှိသည်။ ယင်း ၆ လကာလကျော်သည်အထိ အသုံးမပြုဘဲရှိနေသည့် နိုင်ငံခြားငွေများအား နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူများထံတွင် ဈေးကွက်ပေါက်ဈေးဖြင့် ရောင်းချလဲလှယ်ခြင်း သို့မဟုတ် ဘဏ်စာရင်းသို့ ထည့်သွင်းခြင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း” အတိအလင်း ဖော်ပြထားပါသည်။

သို့ဖြစ်ပါ၍ အများပြည်သူများအနေဖြင့် ခွင့်ပြုချက်/လိုင်စင်မရှိဘဲ နိုင်ငံခြားငွေများ လက်ဝယ်ကိုင်ဆောင်ထားသည်ကိုတွေ့ရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ထပ်မံသတိပေးပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မန္တလေးမြို့ပေါ်ရှိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီးသံဃနာယက (ဂိုဏ်းပေါင်းစုံ) ဥက္ကဋ္ဌဆရာတော်ကြီးများထံမှ ဩဝါဒခံယူ

မန္တလေး ဩဂုတ် ၂၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမတိုက် မိတ္ထီလာကျောင်းဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇနပီယ မဟာထေရ်အရှင်သူမြတ်ကြီး အမှူးပြုသော နိုင်ငံတော်ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဩဝါဒခံယူသည်။



ဦးစွာ မိတ္ထီလာကျောင်းဆရာတော် ဘဒ္ဒန္တသုဇနပီယ မဟာထေရ်အရှင်သူမြတ်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ဧည့်ပရိသတ်များက ဆရာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် မိတ္ထီလာကျောင်း ဆရာတော် ဘဒ္ဒန္တသုဇနပီယ၊ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရာဘိဝံသ၊ အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရ၊ ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက် နယားကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒိယ၊ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသတို့က ဩဝါဒကထာများ မိန့်ကြားတော်မူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မိတ္ထီလာကျောင်းဆရာတော် ဘဒ္ဒန္တသုဇနပီယ မဟာထေရ်အရှင်သူမြတ်ကြီး အမှူးပြုသော ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မဟာနာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကေသရာဘိဝံသ မထေရ်မြတ်ထံမှ အနုမောဒနာ တရားနာယူ ကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော်ကြီးများကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုလ္လာဘာသာဘိဝံသ ဆရာတော်ကြီး၊ ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသဆရာတော်ကြီး၊ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ် မဟာနာယက ဘဒ္ဒန္တကေသရာဘိဝံသနှင့် ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမ ဘုရားကြီးတိုက် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသနှင့် ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇနပီယဆရာတော်ကြီးတို့ သီတင်းသုံးရာ စာသင်တိုက်ကြီးများသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထားရာ ဆရာတော်ကြီးများက ဩဝါဒကထာများမြွက်ကြားကြသည်။

သတင်းစဉ်

❒ ကျောက်ဖြူမြို့မှ

အဆိုပါ ဇီဝဖိုးငှက်များမှာ အိမ်သို့သဘာဝအလျောက်လာရောက်နေထိုင်ခဲ့သော ဇီဝဖိုးငှက်များကို နေခွင့်ပြုထားခဲ့ပြီး ငှက်များနေထိုင်နိုင်ရန် ပြုပြင်ဖန်တီးပေးခဲ့ရာမှ တဖြည်းဖြည်းငှက်များများပြားလာကာ တစ်နှစ်လျှင် နှစ်ကြိမ်သားပေါက်နေကြောင်း၊ လက်ရှိတွင် ဇီဝဖိုးငှက်များကို အပြင်ခေါ်သံ၊ အတွင်းခေါ်သံ စနစ်များအပြင် အပူချိန်များသည့်အချိန်တွင် ငှက်များအပူချိန်မများစေရန်အတွက် ဝိုက်ချာ၊ ရေငွေ့ပေးစနစ်ဖြင့် မွေးမြူထားကြောင်း၊ ငှက်သားပေါက်အရွယ်သို့ရောက်ရှိပြီး အသိုက်များကို စွန့်လွှတ်ချိန်မှသာ အသိုက်ဟောင်းများကိုခွာယူ၍ ရရှိလာသည့် ငှက်သိုက်များကို အသင့်စားသုံးနိုင်သည်အထိ ခေတ်မီနည်းပညာများကိုအသုံးပြု၍ ပြည်တွင်းဈေးကွက်များအထိ ထိုးဖောက်ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း ပြောသည်။

KSW သဘာဝငှက်သိုက်လုပ်ငန်းနှင့်ပတ်သက်၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ညိုညိုမြင့်က ကျောက်ဖြူခရိုင်အတွင်းတွင် MSME လုပ်ငန်း ၁၆၁ ခုရှိကြောင်း၊ ဌာနအနေဖြင့် MSME လုပ်ငန်းများတိုးတက်စေရန် ကွင်းဆင်းဆောင်ရွက်ပြီး လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ လိုအပ်ချက်များကို မေးမြန်းပြီး တတ်နိုင်သမျှကူညီဆောင်ရွက်ပေးကြောင်း၊ လုပ်ငန်းရှင်များအတွက် ရုံးချုပ်ကဖွင့်လှစ်ပေးသည့် သင်တန်းများကိုလည်း zoom metting တွေနှင့် တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးကြောင်း၊ အခါအားလျော်စွာ ဒေသတွင်းတွင်ဖြစ်စေ၊ နိုင်ငံအတွင်းတွင်ဖြစ်စေ ကျင်းပနေသည့် MSME ထုတ်ကုန်ပြပွဲများတွင်လည်း ကျောက်ဖြူခရိုင်မှ လုပ်ငန်းရှင်များပါဝင်ပြီး ပြသနိုင်ရန် စီစဉ်ချိတ်ဆက်ပေးကြောင်းနှင့် “KSW သဘာဝငှက်သိုက်လုပ်ငန်း”သည်လည်း MSME လုပ်ငန်းတွင် တစ်ခုအပါအဝင် ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဇီဝဖိုးငှက်များမှ ရရှိလာသော ငှက်သိုက်သည် ပရိုတင်းဓာတ်ကြွယ်ဝပြီး အာဟာရဓာတ်များစွာပါဝင်သည့်အတွက် မြန်မာနိုင်ငံတွင် ငှက်သိုက်ကို သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါဖြစ်နေသူများနှင့် အားအင်ကုန်ခန်းနေသူများအား ငှက်သိုက်ပေါင်းကျွေးလေ့ရှိကြောင်း သိရသည်။

တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဩဂုတ် ၂၀

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မိုး/ဇလ

# ဖူးရောက်စေချင်သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဆီ ...

မြင့်မောင်စိုး

"စကျင်ကျောက်နဲ့ ထုလုပ်ထားတဲ့ ဘုရားတွေထဲမှာတော့ ကမ္ဘာ့အမြင့်ဆုံးတဲ့"

"ပြီးတော့ မြတ်စွာဘုရားရဲ့ ပိဋကတ်သုံးပုံကိုလည်း စကျင်ကျောက်ပြားတွေမှာ ပါဠိလိုရော၊ ရိုမန်နိုက်ဇ်လိုရော ဖတ်ရှုလေ့လာနိုင်အောင် ကျောက်စာရုံစေတီတွေကို ထည့်သွင်းတည်ဆောက်ထားတာတဲ့"

ဒီအချက် နှစ်ချက်နဲ့တင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးဖြစ်အောင်ဖူးမယ်၊ ရောက်အောင်ကို သွားမယ်ဆိုတဲ့စိတ်ကို တုံးတုံးချလိုက်တာ။ ဒါနဲ့ပြီးခဲ့တဲ့ စနေနေ့က ရုံးကားအစီအစဉ်နဲ့ သွားတာပေါ့။ ရုံးကားပေါ်မှာ ဝန်ထမ်းတွေအပြင် ဝန်ထမ်းမိသားစုတွေ၊ ခင်ရာမင်ရာ မိတ်ဆွေတွေလည်း ပါတာပေါ့။

ဘာပဲဖြစ်ဖြစ် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးခွင့်ရတော့မှာမို့ အားလုံးက ရွှင်လန်းတက်ကြွနေတာပေါ့။ စိတ်ထဲမှာ ပြောမပြတတ်အောင် ကြည်ညိုသဒ္ဓါစိတ်တွေကလည်း ပွားများနေတာပေါ့။ လမ်းတစ်လျှောက်မှာ စိမ်းလန်းတဲ့ လယ်ကွင်းတွေ၊ ဘုရားစေတီတွေ၊ လမ်းမကျယ်ကြီးတွေ၊ အစီအရီရှိနေတဲ့ အဆောက်အအုံတွေ၊ စိန်ခြယ်လို၊ စိန်ပန်းလို ပန်းအလှပင်တွေကလည်း ရှုမျှော်မဆုံး။ သေချာတာကတော့ ဘုရားဖူးလာပြည်သူတွေရဲ့ရင်ထဲမှာ ဘုရားကြီးအား ဖူးမြော်ရတော့မယ်ဆိုတဲ့အသိနဲ့ စိတ်နှလုံးအေးချမ်းနေတာအမှန်ပါပဲ။

ဘုရားကြီးအဝင်လမ်းကလည်း ကောင်းလိုက်တဲ့ဖြစ်ခြင်း။ အသွားတစ်လမ်း၊ အပြန်တစ်လမ်း၊ လမ်းလယ်ကျွန်းနဲ့ ဘေးဝဲယာပန်းအလှတွေနဲ့ အမြင်ဆန်းပါဘိ။ သာသာယာယာ ရှိလှပါဘိ။

### စည်ကားများပြား

ရုံးပိတ်ရက်ဖြစ်လို့ ဘုရားဖူးလာကားတွေကလည်း အကြီးအသေး စုံလို့။ ရုံးကား၊ အိမ်စီးကား၊ ဆိုင်ကယ်၊ တုတ်တုတ်ပါ မကျန်အောင် များပြားလိုက်သည့်ဖြစ်ခြင်း။ အသွား/အပြန် ယာဉ်မျိုးစုံနဲ့ ယောက်ယက်ခတ်လို့ ပြည့်ကျပ်နေလို့ ဘုရားမုခ်ဦးမရောက်မီကတည်းက ယာဉ်တွေလမ်းဘေးထိုးရပ်ပြီး လမ်းလျှောက်ကြရ။ စည်ကားများပြားလိုက်သည့်ဖြစ်ခြင်း။ ပျားအုံတုတ်နဲ့ထိုးသလို ဖွေးဖွေးလှုပ်သွားလာနေကြတဲ့ လူအစုအဝေးကြီး၊ လူအုပ်ကြီးတွေဆိုတာ အံ့မခန်းပါပဲ။ လူကြီး၊ လူငယ်၊ ဦးဦး၊ ဒေါ်ဒေါ်၊ အဘိုး၊ အဘွား၊ ရဟန်းသံဃာများပါမကျန် လူတိုင်းရဲ့ မျက်နှာများမှာတော့ ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်း၊ ဝမ်းမြောက်ခြင်း၊ အေးချမ်းခြင်း အရိပ်အယောင်တွေက ပြည့်နှက်လို့နေ။ ဘုရားဖူးရတဲ့ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြတဲ့ ပုံပန်းသဏ္ဌာန်ကို မြင်ရတော့ စိတ်ထဲက အမှတ်မထင် သာဓုသုံးကြိမ် ရေရွတ်လိုက်မိပါတော့တယ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဖူးမြော်ရန်လာရောက်ကြသည့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများနှင့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးအား တွေ့ရစဉ်။

ကျွန်တော်တို့အဖွဲ့ဟာ အဝင်မုခ်ဝကို ကျော်ဖြတ်ပြီး များမကြာမီ အဝင်၊ အထွက် စစ်ဆေးတဲ့ စစ်ဆေးရေးဂိတ်ကို ဖြတ်ရပါတယ်။ တာဝန်ကျဝန်ထမ်းတွေကလည်း ဖော်ဖော်ရွေရွေပါပဲ။ ဘုရားဖူးတဲ့လူတွေက များလွန်းတော့ အဖွဲ့လိုက်၊ အဖွဲ့လိုက် တစ်သုတ်ပြီး တစ်သုတ် ဝင်သွားကြတာ အဝင်လမ်းမကြီး တစ်ခုလုံးပြည့်သွားပါတယ်။ သက်ကြီးရွယ်အိုတွေနဲ့ ကျန်းမာရေး သိပ်မကောင်းတဲ့သူတွေ၊ အသက်အရွယ်ကြီးသူတွေကတော့ မော်တော်ယာဉ်ငယ်(ဘာဂီ)လေးတွေ စောင့်စီးကြတာပေါ့။ ကျွန်တော်တို့အဖွဲ့ကတော့ လမ်းလျှောက်ရင်း အဝေးကနေ ဘုရားကြီးဆီကို ငေးမောလိုက်၊ ဘုရားဖူးပြီး ပြန်လာကြသူတွေကိုကြည့်လိုက်နဲ့ သုခမ္မာဇရပ်တွေအနီး ရောက်လာကြပါတယ်။

ဇရပ်တွေထဲမှာလည်း လူတွေကအပြည့်။ ပါလာတဲ့ထမင်းချိုင့်ဖြည်စားသူစား၊ နားသူနား၊ တရားဘာဝနာ ပွားများသူကပွားများနဲ့ အတော်လေးကို စည်စည်ကားကား ရှိလှပါတယ်။ သုခမ္မာဇရပ်တွေကတော့ ဘုရားကြီးရဲ့ ရှေ့မျက်နှာစာ၊ စကျင်ကျောက်သား ရင်ပြင်ကြီးရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ ရှိနေတာပါ။ သုခမ္မာဇရပ်ကခြောက်ဆောင်၊ မော်ကွန်းတိုက်၊ ဂေါပကရုံးတွေအပါဆိုရင်တော့ တစ်ဖက် လေးဆောင်စီနဲ့ အားလုံးပေါင်း ရှစ်ဆောင် ရှိပါတယ်။

### နတ်ပြည်ရောက်သွားသလို

သုခမ္မာဇရပ်တွေကလည်း စုလစ်မွမ်းချွန် အနုလက်ရာတွေ၊ ကနုတ်ပန်းတွေနဲ့ ဆောက်လုပ်ထားလိုက်တာ တကယ့်ကို နတ်ပြည်ရောက်သွားသလိုပါပဲ။ ရှေ့တည့်တည့်က စကျင်ကျောက်သား ရင်ပြင်မှာဆိုရင်လည်း ရေပန်းတွေနဲ့ အေးလို့၊ လမ်းလျှောက်သူလျှောက် ၊ အမှတ်တရဓာတ်ပုံရိုက်သူရိုက်၊ ဘုရားဖူးမြော်သူက ဖူးမြော်နဲ့ တကယ့်ကိုပဲ စိတ်ချမ်းသာကိုယ်ချမ်းသာရှိလိုက်သည့်ဖြစ်ခြင်း။

ဘုရားကြီးရှိတဲ့ ရင်ပြင်ပေါ်မတက်မီ မင်္ဂလာတံတားမှာဆိုရင်လည်း လူတွေက ကြိတ်ကြိတ်တိုးလို့၊ မိန်းမပျိုငယ်လေးတွေကလည်း မင်္ဂလာတံတားကြီးနဲ့အတူ အမှတ်တရ ဓာတ်ပုံမှတ်တမ်းရိုက်သေးတယ်ဗျ။ တံတားကြီးရဲ့အောက် အမှတ်မထင် ငုံ့ကြည့်လိုက်ပြန်တော့လည်း ပဒုမ္မာကြာတွေတောင်ပွင့်လို့၊ ဩော် ကျက်သရေမင်္ဂလာ ရှိလိုက်တဲ့ဖြစ်ခြင်း။

မင်္ဂလာတံတားကို မန္တလေးရတနာပုံ နန်းမြို့အဝင်တံတားနဲ့ ပုံစံတူဆောက်ထားတာပါတဲ့။ မင်္ဂလာတံတားပေါ်ကနေ ဘုရားရင်ပြင်ပေါ်မတက်မီ နောက်ပြန်လှည့်ကြည့်မိလိုက်ပြန်တော့ ဖြူဖွေးနေတဲ့ စကျင်ကျောက်သားရင်ပြင်ပေါ်မှာ သွားလာလှုပ်ရှားနေကြတဲ့ ဘုရားဖူးပြည်သူတွေရယ်၊ သုခမ္မာဇရပ်တွေမှာ အပန်းဖြေအနားယူနေကြသူတွေရယ်၊ ဟိုအဝေးမှာရှိနေတဲ့ ဖြူဖြူဖွေးဖွေး ကျောက်စာရုံစေတီတွေရယ်၊ အဂ္ဂါဓိပတိမည်သော သာသနာ့ဗိမာန်တော်ကြီးရယ် အားလုံးကို လှမ်းမြင်ကြည့်မိလိုက်တဲ့အခါမှာတော့ တကယ့်ကိုပဲ နတ်ပြည်ရောက်နေသလား အောက်မေ့မိသွားတယ်။

### ထူးခြားတဲ့ ကုသိုလ်စိတ်တိုးပွား

ဘုရားရင်ပြင်မှာတော့ ဘုရားဖူးပြည်သူတွေဟာ ထိုင်ပြီးဦးချလို့မရအောင် ပြည့်နှက်လို့ နေပါတယ်။ ဘုရားကြီးကို စူးစူးစိုက်စိုက် မော့ကြည့်ပြီး ရင်သပ်ရှုမော အံ့ဩမဆုံးဖြစ်နေသူတွေ၊ ပြုံးတော်မူဟန် ဘုရားကြီးကိုဖူးရင်း ပီတိသောမနဿဖြစ်နေသူတွေ၊ အမှတ်တရဓာတ်ပုံရိုက်သူတွေ၊ ဘုရားရှိခိုးဝတ်ပြုဆုတောင်းနေသူတွေကိုတွေ့ရတော့ အတော်လေးကို စိတ်ထဲမှာကြည်နူးမိပါတယ်။

ဘုရားကြီးကို သေချာစိုက်ပြီး ဖူးလေလေ ကြည်ညိုသဒ္ဓါစိတ်ပွားများလေလေ ဖြစ်နေတာကို သတိပြုမိပါတယ်။ တစ်ခါတလေ ဘုရားကြီးကို မော့ဖူးရင်း တိမ်တောင်တိမ်လိပ်တွေကြားထဲက ကြွမြန်းလာသလိုလို၊ နတ်ဘုံနတ်နန်းထက်က တရားဟောနေသလိုလိုလို့တောင် ထင်မိပါသေးတယ်။ ကြည်ညိုသဒ္ဓါစိတ်ကတော့ အံ့မခန်းပါပဲ။ သေချာတာတစ်ခုကတော့ ဘုရားကြီးကို ကိုယ်တိုင်ကိုယ်ကျလာရောက်ဖူးမြော်ရတာဟာ သတင်းစာတွေမှာ၊ ရုပ်မြင်သံကြားမှာ ဖူးတွေ့ရတာနဲ့ လုံးဝမတူပါဘူး။ ကိုယ်တိုင်သွားရောက် ဖူးမြော်ရတဲ့အရသာကတော့ ပြောပြလို့မတတ်အောင်ပါ။ တကယ့်ကို ထူးခြားတဲ့ ကုသိုလ်စိတ်တိုးပွားလာမှာ အမှန်ပါပဲ။ တကယ်ရောက်ဖူးမှ တကယ်သိမှာဖြစ်ပါတယ်။ ပြောမယုံ ကြုံဖူးမှသိ ဆိုသလိုပါပဲ။ ကိုယ်တိုင်သွားရောက်ဖူးမြော်မှ ကိုယ်တိုင်ဘုရားဖူးရတဲ့ ပီတိစိတ်ကို ခံစားရရှိနိုင်မှာဖြစ်ပါတယ်။

ဘုရားကြီးရဲ့ ရှေ့တည့်တည့်အောင်မြေမှာတော့ အသက်အရွယ်ကြီးသူတွေက အောင်မြေနင်းရင်း အောင်ဆုတွေတောင်းနေလိုက်ကြတာ နေရာမလပ်အောင် ပြည့်ကျပ်လို့နေပါတယ်။ ဘာအောင်ဆုတွေတောင်းနေသလဲတော့ မသိ။ သားရေး၊ သမီးရေး ၊ စီးပွားရေး၊ ကြီးပွားချမ်းသာရေး၊ လူချမ်းသာနတ်ချမ်းသာဖြစ်ရေး စုံလို့နေမှာပေါ့။ ဘာပဲဖြစ်ဖြစ် တောင်းဆုတွေ ပြည့်ပါစေ၊ အောင်ပါစေလို့ ဆုတောင်းပါတယ်ဗျာ။

ဒါနဲ့အောင်မြေဆိုလို့ ပေါ့ပေါ့တန်တန်အောင်မြေလို့တော့ မမှတ်လိုက်နဲ့။ နိုင်ငံတစ်ဝန်းရှိ အောင်မြေဌာနပေါင်း ၃၅ ဌာနက အောင်မြေတွေနဲ့ ဝိဇယဘူမိနိမ္မာနအောင်မြေအဖြစ် တည်ထားတာတဲ့။ ဘာပဲဖြစ်ဖြစ် အောင်ဆုအဖြာဖြာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။

### သဒ္ဓါဓိပတိခေါင်းလောင်းတော်ကြီး

ပြီးတော့ဘုရားကြီးရဲ့ ဝဲဘက်ထောင့်တစ်နေရာမှာ သဒ္ဓါဓိပတိ ခေါင်းလောင်းတော်ကြီးဆိုတာလည်း ရှိသေးတယ်။ ဒီခေါင်းလောင်းတော်ကြီးကိုတော့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ ဇနီး၊ သား၊ သမီး၊ မြေးများ မိသားစုက လှူဒါန်းထားတာဖြစ်ပါတယ်။ ကြေးပိဿာချိန် ၇၃၈ ပိဿာ ရှိတယ်။ အမြင့်က ၅ ပေ၊ ထိပ်ဝအကျယ် ၄ ပေ ၁ လက်မတဲ့။ ထူးခြားတာကတော့ ခေါင်းလောင်းတော်ကြီးရဲ့ အမည်ကို သဒ္ဓါဓိပတိလို့ ပေးထားတာပဲ။ အတော်သင့်မြတ်ကောင်းမွန်တဲ့အမည်ပါ။

စာမျက်နှာ ၇ သို့ ❖

"မင်္ဂလာတံတားပေါ်ကနေ ဘုရားရင်ပြင်ပေါ်မတက်မီ နောက်ပြန်လှည့်ကြည့်မိလိုက်ပြန်တော့ ဖြူဖွေးနေတဲ့ စကျင်ကျောက်သားရင်ပြင်ပေါ်မှာ သွားလာလှုပ်ရှားနေကြတဲ့ ဘုရားဖူးပြည်သူတွေရယ်၊ သုခမ္မာဇရပ်တွေမှာ အပန်းဖြေအနားယူနေကြသူတွေရယ်၊ ဟိုအဝေးမှာရှိနေတဲ့ ဖြူဖြူဖွေးဖွေး ကျောက်စာရုံစေတီတွေရယ်၊ အဂ္ဂါဓိပတိမည်သော သာသနာ့ဗိမာန်တော်ကြီးရယ် အားလုံးကို လှမ်းမြင်ကြည့်မိလိုက်တဲ့အခါမှာတော့ တကယ့်ကိုပဲ နတ်ပြည်ရောက်နေသလား အောက်မေ့မိသွားတယ်"

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညို၊ အထူးစည်ကားများပြား



နေပြည်တော် ဩဂုတ် ၂၀

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္တုကံတော်တွင် တည်ထားပူဇော် ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော် ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူး စည်ကားလျက်ရှိသည်။

**ပေးအပ်လှူဒါန်း**

ယနေ့တွင်လည်း ဘုရားဖူး လာရောက်ကြသည့် ရဟန်းရှင်လူ ပြည်သူများသည် ဗုဒ္ဓဥယျာဉ်တော် အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးနှင့် ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ၊ ဂန္ဓကုဋီတိုက်များ၊ သုခမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ မာရဝိဇယ ကျောင်းတော်၊ အဂ္ဂါဓိပတိသာသနဝိမာန်တော်ကြီး၊ ကျောက်စာရုံစေတီ အဆူ ၇၂၀ တို့ အပါအဝင် အခြား ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်ကြပြီး ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။



အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူ အများပြည်သူများ အနေဖြင့် စက်တင်ဘာ ၃ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း အခမဲ့ လာရောက်ဖူးမြော် ကြည်ညိုနိုင်ရန် ဖွင့်လှစ်ထားရှိကြောင်းနှင့် ယနေ့ရုံးပိတ်ရက်တွင် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြရာ အထူးပင်စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





❖ စာမျက်နှာ ၆ မှ

ဘာကြောင့်လဲဆိုတော့ သူတော်ကောင်းဥစ္စာ ခုနစ်ပါးထဲမှာ သဒ္ဓါ၊ သီလ၊ ပညာ၊ စာဂ ဆိုတာတွေပါတယ် မဟုတ်လား။ ဒီထဲမှာ သဒ္ဓါက အရေးအကြီးဆုံးပဲ။ သဒ္ဓါမရှိရင် ဘာမှလုပ်လို့မရဘူး။ သဒ္ဓါရှိမှ လုပ်လို့ရတာ။ သဒ္ဓါဆိုတာ ယုံကြည်မှု။ ယုံကြည်မှုရှိမှ လုပ်လို့ရတာ။ ဒါနပဲပြုပြု၊ သီလပဲဆောက်တည် ဆောက်တည်၊ ဘာဝနာပဲပွားပွား သဒ္ဓါက အရေးအကြီးဆုံး အချက်ပဲ။ ဒါကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက သဒ္ဓါတစ်လုံး ကောင်းလိုက်တာနဲ့ပဲ အပါယ်လေးပါးကျစေတတ်တဲ့ ဒိဋ္ဌိဗျာပါဒ ကင်းစင်အောင် လုပ်နိုင်ပါသတဲ့။ ဖြစ်ပျက်မြင်တဲ့ ဝိပဿနာတရားအားထုတ်ဖို့ဆိုရင် သဒ္ဓါဆိုတဲ့ ယုံကြည်မှုဆိုတာ အရေးအကြီးဆုံးပဲတဲ့။ ဒါကြောင့်မို့ ဒါနတွေပြုကြဖို့၊ သီလတွေမြဲကြဖို့၊ ဘာဝနာတွေပွားများကြဖို့ သဒ္ဓါဓိပတိခေါင်းလောင်းတော်ကြီးက အသိပေးနေသလိုပါပဲ။ ဒါကြောင့် ဘုရားဖူးရောက်တုန်း ရောက်ခိုက် ခေါင်းလောင်းလည်း ထိုးကြပါ။ ဒါန၊ သီလ၊ ဘာဝနာ ဆိုတာတွေလည်း တတ်နိုင်သလောက်လုပ်ကြပါ။

**ဂန္ဓကုဋီတိုက်တွေဆီ**

ကျွန်တော်တို့ ဘုရားဖူးအဖွဲ့ဟာ ရုပ်ပွားတော်မြတ်ကြီးရဲ့ ဘေးတစ်ဖက်တစ်ချက်နဲ့ အနောက်ဘက်မှာရှိနေတဲ့ ဂန္ဓကုဋီတိုက်တွေဆီလည်း ရောက်ကြသေးတယ်။ ဒီဂန္ဓကုဋီတိုက်တွေကိုလည်း စကျင်ကျောက်တွေနဲ့ ဆောက်လုပ်ထားတာ တွေ့ရတယ်။ စုစုပေါင်း ၂၄ ဆောင်တောင်ရှိတယ်။ အထဲမှာတော့ ၂၄ ပစ္စည်းပဋ္ဌာန်းမြတ်ကို တစ်ခုတစ်ဆောင်နှုန်း ကျောက်ထွင်းပန်းချီတွေ ရေးထွင်းထားတာလည်း အနုလက်ရာ မြောက်လှပေတယ်။ စကျင်ကျောက်သားပေါ်မှာ ရေးထွင်းထားတာဆိုတော့ ဘယ်တော့မှ ပျောက်ကွယ်သွားတော့မှာ မဟုတ်ပါဘူး။ ဒီဂန္ဓကုဋီတိုက်တွေဆိုတာကလည်း ၂၄ ဆောင် ဆက်ပြီး ဆောက်ထားတာဆိုတော့ စင်္ကြံလမ်းလိုဖြစ်နေတာပေါ့။ ဘုရားဖူးပြည်သူတွေဟာ သုခမ္မာဇရပ်တွေထဲကနေ တစ်ဆက်တည်း ဂန္ဓကုဋီတိုက်တွေဆီ လျှောက်လာမယ်ဆိုလည်း ရပါတယ်။ ဂန္ဓကုဋီတိုက်တွေထဲမှာ ဗုဒ္ဓဝင်ဆိုင်ရာ ဇာတ်နိပါတ်တော်လာ သရုပ်ဖော်ပန်းချီကားတွေ ချိတ်ဆွဲပြသထားတာကြောင့် ဘုရားဖူးသူတွေအတွက်တော့ တကယ့်ဗဟုသုတဟင်းလေးအိုးကြီးလို့ ဆိုရမှာပဲ။ သိစရာ၊ မှတ်စရာတွေက စုံလို့ပေါ့။ ပန်းချီကားကြီးတွေနဲ့ အောက်ခြေဘက်မှာ ပန်းချီကားအကြောင်းအရာတွေ ရေးသားထားတာမို့ သရုပ်ဖော်ထားတဲ့ ပန်းချီကားအကြောင်းကို သိရ၊ မှတ်သားရမှာပါ။

**ဘုရားလည်းဖူး ဗဟုသုတလည်းရ**

ဒီလိုဗုဒ္ဓဝင်ဆိုင်ရာ ပန်းချီကားတွေကို ဂန္ဓကုဋီတိုက်တွေရဲ့အပေါ်ဘက် ထောင့်လေးထောင့်မှာ ချိတ်ဆွဲပြသထားတာဆိုတော့ ဘုရားလည်းဖူး ဗဟုသုတလည်းရပြီပေါ့ ။ ဂန္ဓကုဋီတိုက်တွေထဲက ပန်းချီကားတွေကို ကြည့်ရှုရင်း တစ်ဆောင်ပြီး တစ်ဆောင် ကူးလာလိုက်တာ နောက်ဆုံးတော့ ဝိသုံဂါမသိမ်တော်ကြီးခေါ် အဂ္ဂါဓိပတိ သာသနဝိမာန်တော်ကြီးဆီလည်း ရောက်ခဲ့ပါသေးတယ်။ တကယ့်ကိုပဲ ကြီးကျယ်ခမ်းနားတဲ့ အဆောက်အအုံကြီးပါပဲ။ အထဲမှာလည်း မီးလုံးတွေ ထွန်းထားတာလင်းလို့၊ ထိန်လို့၊ လေအေးပေးစက်တွေ လွှတ်ထားတာလည်း အေးလို့၊ စိမ့်လို့။ အထဲကဘုရားကိုလည်း အဝင်ဝကနေထိုင်ပြီး ရှိသေလေးမြတ်စွာ ဖူးမြော်ကန်တော့နိုင်ပါတယ်။

မုစလိန္ဒကန်နဲ့ နဂါးရုံဘုရား၊ ကျောက်စာရုံစေတီများကိုတော့ ဒီတစ်ခေါက်မှာ အဝေးကပဲ လှမ်းဖူးလိုက်ပါတယ်။ အချိန်မရတော့လို့ နောက်တစ်ခေါက်ရောက်တော့မှ အသေးစိတ်လေ့လာပါဦးမယ်။ ။

# နိုင်ဂျာနိုင်ငံမှ နိုင်ငံရေးသင်ခန်းစာ

**အနောက်အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ နိုင်ဂျာနိုင်ငံမှာ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့က နိုင်ဂျာသမ္မတ မိုဟာမက်ဘာဇွမ်ကို သမ္မတရဲ့အစောင့်တပ်က ထိန်းသိမ်းလိုက်ပါတယ်။ နိုင်ဂျာနိုင်ငံရဲ့ ဖြစ်စဉ်အပေါ် ရှုထောင့်အမျိုးမျိုး၊ အမြင်အမျိုးမျိုးနဲ့ ချဉ်းကပ်နေကြပါတယ်။**

မျိုးငြိမ်းငယ်

အာဏာသိမ်းမှုဖြစ်ပွားခဲ့တဲ့ နိုင်ဂျာနိုင်ငံဟာ ၁၉၆၀ ပြည့်နှစ်ကမှ ပြင်သစ်ဆီက လွတ်လပ်ရေး ရခဲ့တာပါ။ နိုင်ဂျာနိုင်ငံဟာ အနောက်အာဖရိကမှာ ရှိတဲ့ ကုန်းတွင်းပိတ်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အနောက်အာဖရိကမှာ အကြီးဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ နယ်မြေအကျယ်အဝန်းအနေနဲ့ စတုရန်းကီလိုမီတာ ၁၂ သိန်းနီးပါးရှိပါတယ်။ နိုင်ငံ့ဧရိယာရဲ့ ၈၀ ရာခိုင်နှုန်းခန့်ဟာ ဆာဟာရသဲကန္တာရဖြစ်ပါတယ်။ လူဦးရေအနေနဲ့ ၂၄ ဒသမ ၄ သန်းရှိပါတယ်။ ၂၀၂၃ ခုနှစ် ဘက်စုံဆင်းရဲမွဲတေမှု ညွှန်းကိန်းတွေအရ နိုင်ဂျာနိုင်ငံဟာ ကမ္ဘာမှာ အဆင်းရဲဆုံးနိုင်ငံ တစ်နိုင်ငံပါ။

## ပြည်တွင်းနောက်ခံအခြေအနေ

နိုင်ဂျာနိုင်ငံဟာ ၁၉၂၂ ခုနှစ်မှာ ပြင်သစ်တို့ရဲ့ အနောက်အာဖရိကအတွင်းက ကိုလိုနီနယ်မြေတစ်ခု ဖြစ်ခဲ့ပါတယ်။ ၁၉၅၈ ခုနှစ်မှာ ပြင်သစ်ကိုလိုနီအတွင်းမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်တစ်ခုဖြစ်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်မှာ လွတ်လပ်ရေး ရရှိခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးနောက်မှာ တစ်ပါတီစနစ်နဲ့ အုပ်ချုပ်ခဲ့ပါတယ်။ အဲဒီကာလအတွင်း စီးပွားရေးအခက်အခဲတွေ၊ မှုးယစ်ဆေးဝါး၊ အကျင့်ပျက်ခြစားမှုနဲ့ စားရေရိက္ခာပြတ်လပ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ နိုင်ဂျာနိုင်ငံဟာ ပြင်သစ်တို့ဆီကနေ လွတ်လပ်ရေးရပြီးတဲ့ နှစ်ပေါင်း ၆၀ ကျော်အတွင်းမှာ အာဏာသိမ်းမှု ငါးကြိမ်နဲ့ မငြိမ်မသက်မှုတွေ ဆက်တိုက်ဖြစ်ခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်က နိုင်ဂျာနိုင်ငံမှာ ပါတီစုံရွေးကောက်ပွဲကျင်းပခဲ့ပြီး အရပ်ဘက်အစိုးရ တက်လာခဲ့ပါတယ်။ ၁၉၉၀ နဲ့ ၉၅ အကြားမှာ အင်တ်ဘေးပြဿနာတွေကြောင့် နိုင်ဂျာမြောက်ပိုင်းမှာ တော်လှန်ပုန်ကန်မှုတွေ ဖြစ်ပွားခဲ့ပြီး ၁၉၉၆ ခုနှစ်မှာ တပ်မတော်က အာဏာရယူခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာလည်း နိုင်ဂျာနိုင်ငံမှာ နိုင်ငံရေးမတည်ငြိမ်မှုတွေ ဆက်တိုက်ဆိုသလို ဖြစ်ပွားခဲ့ပါတယ်။ ဒ့ါအပြင် မကြာခဏ မိုးခေါင်တာနဲ့ ဆင်းရဲမွဲတေမှုတွေကြောင့် နိုင်ဂျာနိုင်ငံဟာ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ နိုင်ငံရဲ့ စီးပွားရေးတိုးတက်ဖို့အတွက် ရေနံတူးဖော်တာ၊ ရွှေတူးဖော်တာတွေ လုပ်ဆောင်ခဲ့ပါတယ်။ ဒ့ါအပြင် နိုင်ဂျာနိုင်ငံဟာ ကမ္ဘာမှာ ယူရေနီယံအများဆုံး ထုတ်လုပ်တဲ့ သတ္တမမြောက်နိုင်ငံဖြစ်ပြီး ကမ္ဘာ့ယူရေနီယံထွက်ရှိမှု စုစုပေါင်းရဲ့ ငါးရာခိုင်နှုန်းရှိတဲ့ နိုင်ငံပါ။ ဒါပေမဲ့လည်း နိုင်ငံရေးအကျပ်အတည်းတွေနဲ့ စီးပွားရေးကျဆင်းမှုတွေကြောင့် နိုင်ဂျာနိုင်ငံမှာ မတည်ငြိမ်မှုတွေ ဆက်လက်ဖြစ်ပွားခဲ့ပါတယ်။

၂၀၁၁ ခုနှစ်ကစတင်ပြီး နိုင်ငံအနောက်မြောက်ဘက်နဲ့ အနောက်တောင်ဘက်ဒေသတွေမှာ အကြမ်းဖက်မှုတွေ ဆက်တိုက်ဖြစ်ပွားခဲ့တဲ့အပြင် အရှေ့မြောက်ဘက်မှာ ဘိုကိုဟာရမ်နဲ့ အခြားအကြမ်းဖက်အဖွဲ့တွေကြောင့် တိုက်ပွဲတွေ ဖြစ်ပွားခဲ့ပါတယ်။ နိုင်ငံရဲ့အရှေ့တောင်ပိုင်းဘက်မှာ ခွဲထွက်ရေး လှုံ့ဆော်မှုတွေကြောင့် မငြိမ်သက်မှုတွေ ဆက်လက်ဖြစ်ပွားနေပါတယ်။



အမိမြေကာကွယ်စောင့်ရှောက်ရေး အမျိုးသားကောင်စီ၏ ဦးဆောင်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် Mohamed Toumba က နိုင်ဂျာနိုင်ငံ မြို့တော်နီယာမေရှိ အားကစားကွင်း၌ ဩဂုတ် ၆ ရက်က ပြုလုပ်သည့် အာဏာသိမ်းမှုကို ထောက်ခံဆန္ဒပြသူများအား ကြိုဆိုနှုတ်ဆက်စဉ်။

## အနောက်အုပ်စုလွှမ်းမိုးမှု

နိုင်ဂျာနိုင်ငံရဲ့ အကျပ်အတည်းဟာ ဒေသတွင်းကို ရုရှားနိုင်ငံရဲ့ အာဏာလွှမ်းမိုးမှုနဲ့ အခြားမငြိမ်သက်မှုတွေကြောင့်လို့ အနောက်နိုင်ငံတွေက ရှုမြင်ကြပါတယ်။ တစ်ဖက်မှာလည်း နိုင်ဂျာနိုင်ငံအတွင်းက စစ်သွေးကြွသောင်းကျန်းမှုကို တိုက်ဖျက်ရာမှာ ကူညီဖို့အတွက် နိုင်ဂျာနိုင်ငံအတွင်းမှာ ပြင်သစ်နဲ့ အမေရိကန် စစ်အခြေစိုက်စခန်းတွေကို လက်ခံထားပါတယ်။ နိုင်ဂျာနိုင်ငံ မြို့တော် Niamey ရှိ နိုင်ငံတကာလေဆိပ်အနီးက လေတပ်အခြေစိုက်စခန်း ၁၀၁ ဟာ အမေရိကန်နဲ့ ပြင်သစ်တပ်ဖွဲ့တွေအတွက် ပူးတွဲမစ်ရှင်နေရာတစ်ခုအဖြစ် အသုံးပြုနေပါတယ်။ အခြေစိုက်စခန်းမှာ အမေရိကန်တပ်ဖွဲ့ဝင် ၈၀၀ ခန့်နဲ့ ပြင်သစ်တပ်ဖွဲ့ဝင် ၁၅၀၀ ခန့် ရှိနေပြီး စစ်ဘက်နဲ့ အရပ်ဘက်လေ့ကျင့်ရေး မစ်ရှင်နှစ်ခုလုံးအတွက် ဥရောပနိုင်ငံတွေက တပ်ဖွဲ့ဝင်တွေလည်း ရှိနေပါတယ်။ ဒ့ါအပြင် အခြေစိုက်စခန်းကို အနောက်နိုင်ငံတွေက စစ်လေယာဉ်အမျိုးမျိုးအတွက် အသုံးပြုနေကြပါတယ်။

အမေရိကန်နိုင်ငံက နိုင်ဂျာနိုင်ငံ Agadez ဒေသမှာ နိုင်ဂျာလေတပ်စခန်း ၂၀၁ လို့ခေါ်တဲ့ တန်ဖိုးကြီးမားတဲ့ ဒရုန်းအခြေစိုက်စခန်းတစ်ခု တည်ဆောက်ထားပါတယ်။ အဲဒီအခြေစိုက်စခန်းဟာ အာဖရိကမှာရှိတဲ့ အမေရိကန်ရဲ့ ဒုတိယအကြီးမားဆုံး လေတပ်အခြေစိုက်စခန်း ဖြစ်ပါတယ်။ နိုင်ဂျာနိုင်ငံမှာရှိတဲ့ စစ်ဘက်ဆိုင်ရာလုပ်ဆောင်မှုတွေထဲမှာဆို အီးယူ၊ အီတလီ၊ ဂျာမနီနဲ့ အက်စတိုးနီးယားတို့လည်း ပါဝင်ပါတယ်။

တစ်ဖက်မှာ ရုရှားနိုင်ငံက နိုင်ဂျာနိုင်ငံနဲ့ အိမ်နီးချင်း မာလီနဲ့ ဘာကီနာဖာဆိုတို့နဲ့ နီးနီးကပ်ကပ် ဆက်ဆံရေးထူထောင်ထားပါတယ်။ ဒါကြောင့် အာဖရိကနိုင်ငံတွေအတွက် ရုရှားနိုင်ငံက ပိုမိုကောင်းမွန်တဲ့ မဟာမိတ်အဖြစ် ယူဆထားကြပါတယ်။ ဩဂုတ်လ အာဏာသိမ်းမှုဖြစ်ပွားစဉ်က နိုင်ဂျာလူထုဟာ ရုရှားအလံတွေဝှေ့ယမ်းပြီး ရုရှားကို ထောက်ခံကြောင်း ပြသခဲ့ကြပါတယ်။

## ယူရေနီယံ

နိုင်ဂျာနိုင်ငံဟာ အာဖရိကရဲ့ အဆင့်မြင့်ဆုံး ယူရေနီယံသတ္တုရိုင်းတွေ ပိုင်ဆိုင်ထားပါတယ်။ နိုင်ဂျာနိုင်ငံရဲ့ ယူရေနီယံထုတ်လုပ်မှုအနေနဲ့ ကမ္ဘာမှာ သတ္တမအများဆုံးဖြစ်ပြီး ကမ္ဘာ့ထုတ်လုပ်မှုရဲ့ ငါးရာခိုင်နှုန်းရှိပါတယ်။ ပြင်သစ်နိုင်ငံက နိုင်ဂျာနိုင်ငံရဲ့ ယူရေနီယံထုတ်လုပ်တဲ့လုပ်ငန်းသုံးခုမှာ ရင်းနှီးမြှုပ်နှံထားပါတယ်။ အဲဒီလုပ်ငန်းတွေရဲ့ ၉၀ ရာခိုင်နှုန်းကို ပြင်သစ်တို့ ပိုင်ဆိုင်ထားပါတယ်။ ပြင်သစ်တို့အနေနဲ့ အဲဒီယူရေနီယံမိုင်းလုပ်ငန်းတွေ လုပ်ကိုင်နေတာ ဆယ်စုနှစ် လေးခုကျော်ပါပြီ။ ပြင်သစ်နိုင်ငံဟာ သူ့ရဲ့ နျူကလီးယားဓာတ်ပေါင်းဖိုတွေ လည်ပတ်ဖို့အတွက် နှစ်စဉ် ပျမ်းမျှ ယူရေနီယံ တန်ချိန် ရှစ်ထောင်ခန့် လိုအပ်ပါတယ်။ ဒါကြောင့် လိုအပ်တဲ့ယူရေနီယံကို နိုင်ဂျာနိုင်ငံဆီကနေ တင်သွင်းနေပြီး ၂၀၀၅ ခုနှစ်နဲ့ ၂၀၂၀ ပြည့်နှစ်ကြားမှာ တန်ချိန် ၂၄၇၈၇ (၁၇ ဒသမ ၉ ရာခိုင်နှုန်း) ရှိခဲ့ပါတယ်။ ဒ့ါအပြင် အခြားတင်ပို့မှုအနေနဲ့ ၂၀၂၂ ခုနှစ်အတွင်းမှာ အီးယူကို ယူရေနီယံ ဒုတိယအများဆုံး တင်သွင်းခဲ့ပြီး စုစုပေါင်းတင်သွင်းမှုရဲ့ ၂၅ ဒသမ ၃၈ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။

ဒါပေမဲ့ ဇူလိုင်လ အာဏာသိမ်းပြီးနောက်မှာ နိုင်ဂျာအစိုးရသစ်က ပြင်သစ်နိုင်ငံကို ယူရေနီယံ တင်သွင်းမှု ရပ်ဆိုင်းမယ်လို့ ကြေညာခဲ့ပါတယ်။ နိုင်ဂျာနိုင်ငံက ယူရေနီယံတင်သွင်းတာကို ရပ်ဆိုင်းလိုက်တဲ့အတွက် ပြင်သစ်ရဲ့ နျူကလီးယား ဓာတ်အားပေးကဏ္ဍကို လတ်တလောအားဖြင့် သိသိသာသာ အကျိုးသက်ရောက်မှုမရှိဘူးလို့ ဆိုပါတယ်။ အဲဒီလိုရပ်ဆိုင်းလိုက်တဲ့အတွက် နိုင်ဂျာနိုင်ငံအနေနဲ့ သူ့ရဲ့ ယူရေနီယံတွေ ရောင်းချဖို့ ဝယ်ယူသူအသစ် ရှာဖွေရမှာဖြစ်ပါတယ်။ နိုင်ဂျာနိုင်ငံရဲ့ ယူရေနီယံတွေကို ဝယ်ယူဖို့အဖြစ်နိုင်ဆုံးက တရုတ်နိုင်ငံဖြစ်မယ်လို့ ကျွမ်းကျင်သူတွေက ခန့်မှန်းထားကြပါတယ်။

## တရုတ်နိုင်ငံ၏ အခန်းကဏ္ဍ

တရုတ်နိုင်ငံက နိုင်ဂျာနိုင်ငံမှာ စက်မှုဇုန်၊ ရေနံပိုက်လိုင်းနဲ့ ယူရေနီယံထုတ်လုပ်ဖို့ ဆွေးနွေးနေပါတယ်။ တရုတ်နိုင်ငံဟာ သူ့ရဲ့ နျူကလီးယားအစီအစဉ်အတွက် ယူရေနီယံပမာဏများများရရှိဖို့ ရှာဖွေနေပါတယ်။ လွန်ခဲ့တဲ့ တစ်လလောက်က တရုတ်အစိုးရပိုင် နျူကလီးယားစွမ်းအင်ကုမ္ပဏီဟာ နိုင်ဂျာနိုင်ငံ အလယ်ပိုင်း Azelik မှာရှိတဲ့ သတ္တုတွင်းတစ်ခုမှ ယူရေနီယံထုတ်ယူမှုကို ပြန်လည်စတင်ဖို့အတွက် နိုင်ဂျာအစိုးရနဲ့ သဘောတူညီမှုရထားပြီး ဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ ပြင်သစ်နိုင်ငံပြီးရင် နိုင်ဂျာနိုင်ငံရဲ့ ဒုတိယအကြီးဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ ဖြစ်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ လွန်ခဲ့တဲ့ ဆယ်စုနှစ် နှစ်ခုအတွင်း ရေနံနဲ့ ယူရေနီယံတူးဖော်ရေးအတွက် ဒေါ်လာဘီလီယံနဲ့ချီပြီး ရင်းနှီးမြှုပ်နှံထားပါတယ်။ နိုင်ဂျာနိုင်ငံအတွင်းမှာ တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏအနေနဲ့ ၂၀၂၀ ပြည့်နှစ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၈ ဘီလီယံရှိခဲ့ပါတယ်။ ဒ့ါအပြင် ၂၀၀၉ ခုနှစ်က နိုင်ဂျာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် တရုတ်နိုင်ငံက ချေးငွေ အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၉၃ သန်း ပေးအပ်ခဲ့ပါတယ်။

## နောက်ခံအကြောင်းရင်း

နိုင်ဂျာနိုင်ငံ အာဏာသိမ်းမှုဖြစ်စဉ်ဖြစ်ပွားရတဲ့ အကြောင်းရင်းက အင်အားကြီးနိုင်ငံတွေရဲ့ ပြိုင်ဆိုင်မှု တစ်ခုတည်းမဟုတ်ပါဘူး။ ပြည်တွင်းမငြိမ်သက်မှု၊ လုံခြုံရေးအခြေအနေ၊ စီးပွားရေးကျဆင်းမှုနဲ့ အစိုးရရဲ့ စွမ်းဆောင်ရည်အားနည်းမှု စတဲ့အခြေခံအကြောင်းရင်းများစွာလည်း ပါဝင်ပါတယ်။ နိုင်ငံရဲ့ နယ်စပ်ဒေသတွေမှာ ဂျီဟတ်စစ်သွေးကြွမှုနဲ့ လူမျိုးရေးအကြမ်းဖက်မှုတွေ ကျယ်ပြန့်လာတဲ့အပြင် နိုင်ငံအတွင်း နိုင်ငံခြားတပ်ဖွဲ့တွေထားရှိတဲ့အပေါ် ဆန့်ကျင်နေတာတွေဟာ နိုင်ဂျာသမ္မတ မိုဟာမက် ဘာဇွမ်အတွက် အကျပ်အတည်းပါ။ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်းက ပြင်သစ်တပ်ဖွဲ့တွေ ချထားတာကို နိုင်ဂျာလူထုက ကန့်ကွက်ဆန္ဒပြခဲ့ပါတယ်။ အဲဒီဖြစ်စဉ်က နိုင်ဂျာနိုင်ငံမှာ ပြင်သစ်ဆန့်ကျင်မှုတိုးပွားလာနေတာကို မီးမောင်းထိုးပြနေတာဖြစ်သလို နိုင်ငံခြားတပ်ဖွဲ့တွေ ပိုမိုလက်ခံဖို့ အစိုးရရဲ့ဆုံးဖြတ်ချက်ကို ဆန့်ကျင်ကြောင်း ဖော်ပြခဲ့ကြတာလည်း ဖြစ်ပါတယ်။ နိုင်ဂျာနိုင်ငံမှာ အာဏာမသိမ်းခင်ကရော အာဏာသိမ်းပြီးနောက်မှာပါ အနောက်နိုင်ငံတွေက စစ်စခန်းဖွင့်အသုံးပြုနေကြတာကို လက်မခံခဲ့ကြပါဘူး။

စာမျက်နှာ ၉ သို့ ❍

- ✪ နိုင်ဂျာနိုင်ငံဟာ အာဖရိကရဲ့ အဆင့်မြင့်ဆုံး ယူရေနီယံသတ္တုရိုင်းတွေ ပိုင်ဆိုင်ထားပါတယ်။ နိုင်ဂျာနိုင်ငံရဲ့ ယူရေနီယံထုတ်လုပ်မှုအနေနဲ့ ကမ္ဘာမှာ သတ္တမအများဆုံးဖြစ်ပြီး ကမ္ဘာ့ထုတ်လုပ်မှုရဲ့ ငါးရာခိုင်နှုန်းရှိပါတယ်။ ပြင်သစ်နိုင်ငံက နိုင်ဂျာနိုင်ငံရဲ့ ယူရေနီယံထုတ်လုပ်တဲ့လုပ်ငန်းသုံးခုမှာ ရင်းနှီးမြှုပ်နှံထား
- ✪ နိုင်ဂျာနိုင်ငံက ယူရေနီယံတင်သွင်းတာကို ရပ်ဆိုင်းလိုက်တဲ့အတွက် ပြင်သစ်ရဲ့ နျူကလီးယား ဓာတ်အားပေးကဏ္ဍကို လတ်တလောအားဖြင့် သိသိသာသာ အကျိုးသက်ရောက်မှုမရှိဘူးလို့ ဆိုပါတယ်။ အဲဒီလို ရပ်ဆိုင်းလိုက်တဲ့အတွက် နိုင်ဂျာနိုင်ငံအနေနဲ့ သူ့ရဲ့ယူရေနီယံတွေ ရောင်းချဖို့ ဝယ်ယူသူအသစ်ရှာဖွေရမှာဖြစ်

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၀**

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် နေပြည်တော် ပျဉ်းမနားမြို့ အောင်စည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပျဉ်းမနားမြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့ အောင်စည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ အောင်စည်သာကျောင်းတိုက် ဆရာတော်ထံ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက လည်းကောင်း၊ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော်ထံ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဖွဲ့ဝင်းမြင့်က လည်းကောင်း၊ မာန်အောင် ပရိယတ္တိစာသင်တိုက် ဆရာတော်ထံ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်ကလည်းကောင်း၊ အုန်းတောပရိယတ္တိစာသင်တိုက် ဆရာတော်ထံ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းက လည်းကောင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများကို အောင်စည်သာကျောင်းတိုက် ဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဖွဲ့ဝင်းမြင့်နှင့် စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်တို့က လက်ခံရယူကြသည်။

ယင်းနောက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးတစ်ဦးက ရှင်းလင်း လျှောက်ထားသည်။

အောင်စည်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေပြည်တော် ပျဉ်းမနားမြို့နယ် အတွင်းရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များနှင့် ဘိုးဘွားရိပ်သာများသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ် လှူဒါန်းလျက်ရှိပြီး ယနေ့ လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၂၂၆၁၀၀၀၀၊ ဆန်ရှစ်ပြည် ၉၉၇ အိတ်၊ ဆီ ၂၉၂ ဒသမ ၂၀ ပိဿာ၊ ပဲ ၂၇၉၇ ပိဿာ၊ ဆား ၂၇၉၇ ပိဿာ၊ ဆေးမျိုးစုံ ၃၄၈၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ရဲတပ်ဖွဲ့မှူး၏ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် မောက်မယ်မြို့သမိုင်းဝင် နန်းဖတ်ခုမ် စေတီတော်ဝင်း အတွင်း/အပြင် နေရာတို့၌ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# တောင်ကြီးမြို့နယ် ကျောက်တစ်လုံးကြီးမြို့ ကန်တန်ကျေးရွာ၌ သံဂဟေဆက်သင်တန်းဖွင့်

**တောင်ကြီး ဩဂုတ် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျောက်တစ်လုံးကြီးမြို့ နောင်ပစ်ကျေးရွာအုပ်စု ကန်တန်ကျေးရွာ၌ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် သံဂဟေဆက်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ကန်တန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်ထူးက အဖွင့်အမှာစကား ပြောကြားပြီး ကန်တန်ကျေးရွာဥက္ကဋ္ဌ ဦးခွန်ထွန်းရီက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ကန်တန်ကျေးရွာအတွင်းရှိ ကျေးရွာနေ ဒေသခံသင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ပထမအကြိမ် ၃၀ ရက်ကြာ စာတွေ့လက်တွေ့ အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ပြီး ဒုတိယအကြိမ် ၁၅ ရက်ကို သံထည်ပရိဘောဂများ ထုတ်လုပ်ခြင်းများကို လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**



**မြန်မာ့ပင်လယ်ပြင်**

**နေပြည်တော် ဩဂုတ် ၂၀**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**

❍ စာမျက်နှာ ၈ မှ

**အကျိုးစီးပွားပြိုင်ဆိုင်မှုအကျိုးဆက်**

နိုင်ဂျာအာဏာသိမ်းမှုကို အင်အားသုံးဖြေရှင်းဖို့အတွက် Ecowas အဖွဲ့ခေါင်းဆောင်တွေက တပ်ဖွဲ့တစ်ရပ် အသင့်ဖွဲ့စည်းဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ Ecowas က နိုင်ဂျာအကျပ်အတည်းကို ငြိမ်းချမ်းတဲ့ နည်းလမ်းနဲ့ ဖြေရှင်းဖို့ ကြိုးစားမှာဖြစ်ပေမယ့် အဲဒီနည်းလမ်းကို နောက်ဆုံးအခြေအနေမှသာ အသုံးပြုသွားမယ်လို့ နိုင်ဂျီးရီးယားသမ္မတ ဘိုလာတီနူဘူက ဩဂုတ်လ ၁၀ ရက်နေ့က ပြောပါတယ်။ Ecowas ရဲ့ဆုံးဖြတ်ချက်ကို ပြင်သစ်နိုင်ငံက ထောက်ခံကြောင်း ဖော်ပြခဲ့ပါတယ်။ Ecowas ရဲ့ စစ်ရေးအရေးယူမှုကြောင့် ကာလရှည်ကြာ ထိပ်တိုက်တွေ့ဆုံတာတွေ ဖြစ်လာနိုင်ကြောင်း ရုရှားက သတိပေးခဲ့ပါတယ်။ အမေရိကန်ကတော့ ဖြုတ်ချခံထားရတဲ့ မိုဟာမက်ဘာဇွမ်ကို ပြန်လည်ခန့်အပ်ဖို့ကြိုးပမ်းတာတွေကိုထောက်ခံပြီး ဝဂ်နာအဖွဲ့ဟာ မတည်ငြိမ်မှုကို အခွင့်ကောင်းယူနေတယ်လို့ ပြောပါတယ်။ နိုင်ဂျာအစိုးရသစ်ကတော့ အခုဖြစ်ပွားတဲ့ အာဏာသိမ်းမှုဟာ ပြင်သစ်နဲ့ စစ်ရေးပူးပေါင်းလုပ်ဆောင်တာတွေ အားလုံးရဲ့ အဆုံးသတ်ဖြစ်ပြီး ပြင်သစ်တပ်ဖွဲ့တွေ လက်ခံထားတာကိုလည်း ဖျက်သိမ်းသွားမယ်လို့ ဆိုပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် နိုင်ဂျာနိုင်ငံရဲ့ဖြစ်စဉ်အပေါ် အာဏာရှင်ဟောင်း ပြင်သစ်နိုင်ငံအပါအဝင် အင်အားကြီးနိုင်ငံတွေရဲ့ ခြေရှုပ်နေမှုဟာ ထင်သလောက်မရိုးရှင်းပါဘူး။ နိုင်ဂျာပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် မဟုတ်သလို ဒီမိုကရေစီ ထွန်းကားရေးအတွက်လည်း မဟုတ်ပါဘူး။ သူတို့ အကျိုးစီးပွားအတွက်သာ ဖြစ်ပါတယ်။

လွတ်လပ်ရေးရပြီးကတည်းက နိုင်ဂျာနိုင်ငံဟာ နိုင်ငံရေး၊ စီးပွားရေး၊ ဂျီဟတ်စစ်သွေးကြွမှု၊ အကြမ်းဖက်မှုပဋိပက္ခ စတဲ့ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရပါတယ်။ နိုင်ဂျာနိုင်ငံမှာ ယူရေနီယံ သယံဇာတတွေ ပိုင်ဆိုင်ထားပေမယ့် နိုင်ငံရဲ့ စီးပွားရေးကတော့ ချွတ်ခြုံကျနေဆဲပါပဲ။ အခုဖြစ်စဉ်ကို အကြောင်းပြုပြီး Ecowas က စစ်ရေးအရ ဝင်ရောက်စွက်ဖက်မယ်ဆိုရင် နိုင်ဂျာနိုင်ငံဟာ ပိုမိုဆိုးရွားတဲ့ အခြေအနေတွေနဲ့ ဆက်ပြီးရင်ဆိုင်ရဦးမှာပါ။ နိုင်ဂျာပြည်သူတွေကတော့ စစ်ရေးအရ ဝင်ရောက်စွက်ဖက်မယ်ဆိုတဲ့ Ecowas ရဲ့ ဆုံးဖြတ်ချက်ကို ဒေါသတကြီး တုံ့ပြန်နေကြပါတယ်။

အခုဆိုရင် နိုင်ဂျာနိုင်ငံဟာ ပြည်တွင်းပြဿနာတွေအပြင် အင်အားကြီးနိုင်ငံတွေရဲ့ စွက်ဖက်မှုအောက် ရောက်နေပါတယ်။ ကမ္ဘာမှာ ဒီမိုကရေစီစနစ်၊ လူ့အခွင့်အရေး၊ ဈေးကွက်စီးပွားရေးစနစ်ဆိုတာတွေဟာ လူသားတစ်ဦးချင်းနဲ့ လူ့အဖွဲ့အစည်းအတွက် အကျိုးရှိကြပါတယ်။ ဒါပေမဲ့လည်း အင်အားကြီးနိုင်ငံအချို့ဟာ ဒီမိုကရေစီတွေ၊ လူ့အခွင့်အရေးတွေကို အသုံးချပြီး နိုင်ငံငယ်တွေအပေါ် လွှမ်းမိုးအသုံးချဖို့ ကြိုးစားနေကြပါတယ်။ ခေတ်သစ်ကိုလိုနီစနစ်ရဲ့ နည်းလမ်းတစ်ခုလို့ ဆိုနိုင်ပါတယ်။ အဲဒီလို ကြီးနိုင်ငယ်ညှဉ်း ဖြစ်စဉ်တွေရှိနေသမျှ ကမ္ဘာကြီးမှာ ပဋိပက္ခတွေ၊ တင်းမာမှုတွေနဲ့ ထိပ်တိုက်ရင်ဆိုင်မှုတွေ ရှိနေဦးမှာ ဖြစ်ပါတယ်။ ။


ကိုးကား

၁။ https://www.bbc.com/news/world-africa-13943662

၂။ https://en.wikipedia.org/wiki/Niger

၃။ https://www.aa.com.tr/en/africa/western-military-presence-in-niger-faces-uncertainty-following-coup/2959863

၄။ https://www.bbc.com/news/world-africa-66365376

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ကီလိုမီတာ ၅၀ ခရီးရှည်ပြိုင်ပွဲ အရည်အချင်းစစ် မြင်းစီးပြိုင်ပွဲကို တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၀

အိုလံပစ်အားကစားနည်းတစ်ခုဖြစ်သည့် မြင်းစီးအားကစားနည်း ဖွံ့ဖြိုးတိုးတက်၍ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေး၊ မြင်းစီးအားကစားသမားများစွာ ပေါ်ထွက်လာစေရေးနှင့် ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရေးတို့အတွက် ရည်ရွယ်၍ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် FEI One Star Endurance Qualification Round 1 (ကီလိုမီတာ ၅၀ ခရီးရှည်ပြိုင်ပွဲ) အရည်အချင်းစစ် မြင်းစီးပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ မြင်းစီးအားကစားကွင်း၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးလှိုင်၊ ဦးဇော်မင်းထက်၊ အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ချုပ်အမှုဆောင်များ၊ မြင်းစီးကလပ်အသီးသီးမှ တာဝန်ရှိသူများ၊



မြန်မာ့လက်ရွေးစင် မြင်းစီးအားကစားသမားဟောင်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက (ကီလိုမီတာ ၅၀ ခရီးရှည်ပြိုင်ပွဲ) အရည်အချင်းစစ် မြင်းစီးပြိုင်ပွဲကို တာလွှတ်ပေးပြီး ပြည်ထောင်စုဝန်ကြီးသည် မြင်းများထားရှိသည့် မြင်းဇောင်းနေရာများကို ကြည့်ရှုစစ်ဆေးကာ မြင်းများ စနစ်တကျထားရှိနိုင်ရေးနှင့် အဆောက်အအုံများကို ပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြိုင်ပွဲဝင် မြင်းစီးအားကစားသမားများသည် (၂၅ ကီလိုမီတာ) ယှဉ်ပြိုင်စီးနင်း၍ ပထမအကျော့ ပန်းဝင်ခဲ့ကြပြီး သတ်မှတ်ထားသည့် Water point နေရာများတွင် မြင်း၏ခံနိုင်ရည်အားနှင့် နှလုံးခုန်နှုန်းကို စစ်ဆေးကာ ဒုတိယအကျော့ (၂၅ ကီလိုမီတာ) ထပ်မံယှဉ်ပြိုင်စီးနင်းကြသည်။

ယင်းနောက် (ကီလိုမီတာ ၅၀ ခရီးရှည်ပြိုင်ပွဲ) အရည်အချင်းစစ် မြင်းစီးပြိုင်ပွဲတွင် MEIkTILA RIDING CLUB၊ MO RIDING CLUB၊ NAY PYI TAW RIDING CLUB၊ YECC RIDING CLUB တို့မှ ပြိုင်ပွဲဝင်အားကစားသမား အတွဲ(၂၃)တွဲ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် အောင်လက်မှတ်ချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး(ကီလိုမီတာ ၅၀ ခရီးရှည်ပြိုင်ပွဲ) အရည်အချင်းစစ် မြင်းစီးပြိုင်ပွဲ အောင်မြင်ခဲ့သည့် မြင်းနှင့် အားကစားသမား အတွဲ (၁၄)တွဲကို တာဝန်ရှိသူများက အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်အနေဖြင့် မြင်းနှင့် အားကစားသမားများအား One Star အဆင့်ရရှိစေရေးအတွက် ခရီးရှည်မြင်းစီးပြိုင်ပွဲကို ယခုပြိုင်ပွဲအပါအဝင် လေးကြိမ်ထပ်မံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေသတ္တဝါမွေးမြူထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးလာရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၀

ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များကို ပြည်တွင်း၌ ဖူလုံစွာစားသုံးနိုင်ရေးနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေ တိုးတက်ရှာဖွေပေးနိုင်ရေးအတွက် ရေသတ္တဝါ မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဆိပ်ကြီးအရှေ့ရှိ ငါးလုပ်ငန်းဦးစီးဌာန ပုစွန်သားဖောက်စခန်း တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရန်၊ ဝင်ငွေတိုးပွားရန်နှင့် ငါး၊ ပုစွန် မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန် အခြေအနေပေးသည့် သဘာဝရေပြင်ကျယ်များနှင့် အခြေအနေပေးသည့် နေရာများတွင် ငါးမွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်ရေးအတွက် နည်းပညာနှင့် အကူအညီများ ကူညီဆောင်ရွက်ပေးကြရန် မှာကြားပြီး ပုစွန်မွေးမြူရေးကန်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်သို့ ရောက်ရှိပြီး ငါးတန်သားဖောက်ခြင်း၊ ငါးတန်မွေးမြူထားရှိမှုနှင့် ဥစားဘဲမွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် A&N Food Foor Amcondation အအေးခန်းစက်ရုံသို့ ရောက်ရှိပြီး နိုင်ငံခြားပို့ကုန် ကဏန်းအသား အေးခဲချောင်း ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရေးနှင့် အရည်အသွေးပြည့်ဝသော ပို့ကုန်များဖြစ်စေရေး တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**



# မိုးကုတ်မြို့နယ်၌ အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား မိုးရာသီ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ

မိုးကုတ် ဩဂုတ် ၂၀

မန္တလေး တိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအုပ်စု မိုးရာသီ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက်က မိုးကုတ်မြို့ အောင်နန်းအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ သပိတ်ကျင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်တင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးအောင်မြင့်ကျော်နှင့် တာဝန်ရှိသူများ၊ အားကစားသမားများ၊ ဘောလုံးဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ဦးစွာ သပိတ်ကျင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက ဗိုလ်လုပွဲ၌ ဆင်ခွာအသင်းနှင့် အောင်ချမ်းသာ(က)အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးရာ ဆင်ခွာအသင်းမှ အောင်ချမ်းသာ(က)အသင်းအား ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဒိုင်အဖွဲ့ဝင်များအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲမြတ်တင့်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး တတိယဆုရရှိသည့် အုန်းပင်အသင်းအား ဆုဆွဲပြားနှင့် ငွေသားဆုငါးသိန်း၊ ဒုတိယဆုရရှိသည့် အောင်ချမ်းသာ(က) အသင်းအား ဆုဆွဲပြားနှင့် ငွေသားဆု ခုနစ်သိန်း၊ ပထမဆုရရှိသည့် ဆင်ခွာအသင်းအား ဆုဖလား၊ ဆုဆွဲပြားနှင့် ငွေသားဆု ဆယ်သိန်း၊ အကောင်းဆုံး အားကစားသမား ဆုများနှင့် အကောင်းဆုံး ဂိုးသမားဆုတို့ကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျုံပျော်မြို့ ဒါးကချောင်းအတွင်းသို့ ငါးသားပေါက်ကောင်ရေ သုံးသိန်း မျိုးစိုက်ထည့်

ကျုံပျော် ဩဂုတ် ၂၀

ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်ကာ ၂၀၂၃-၂၀၂၄ လုပ်ငန်းရာသီအတွက် သဘာဝရေပြင်အတွင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းကို မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျုံပျော်မြို့ ဒါးကချောင်း ခဲဘောင်ကူးတို့ဆိပ်ရေပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ကျုံပျော်မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ကျုံပျော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန တာဝန်ခံ ဦးသန်းအောင်မော်၊ ပုသိမ် ငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးမျိုးနိုင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေး ကော်မတီနှင့် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ၊ ရေလုပ်သားများ တက်ရောက်ပြီး ငါးမြစ်ချင်းသားပေါက်ကောင်ရေ တစ်သိန်းခွဲနှင့် ငါးခုံးမ သားပေါက်ကောင်ရေ တစ်သိန်းခွဲတို့ကို ဒါးကချောင်း အတွင်း မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသင့်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးအတွက် ပြန်လည်ဆက်စပ်မိသည်များ .......

မိုးမြင့်

ယနေ့ကမ္ဘာ့ပြဿနာများကို ဆန်းစစ်ကြည့်လျှင် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအရ အားပြိုင်မှုများနှင့် ကမ္ဘာအနှံ့ ဩဇာထူထောင်၊ ပါဝါအပြိုင်တည်ဆောက်ကြခြင်းကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံရေးအရ ကျောထောက်နောက်ခံပေးပြီး ထင်သာမြင်သာရှိသည့် စစ်ရေးအရ ဝင်စွက်ဖက်မှုပုံစံမျိုးရှိသကဲ့သို့ နောက်ကွယ်မှ စီးပွားရေးအရ နယ်ချဲ့ပုံစံအမျိုးမျိုးဖြင့် တိုင်းပြည်တစ်ပြည်ကို ကိုယ်လိုချင်သည့်ပုံစံမျိုး ပုံဖော်သိမ်းသွင်းပုံများကို လေ့လာသိရှိထားရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံ၏ တည်နေရာပထဝီအနေအထားအရ အင်အားကြီးနိုင်ငံများ၏စိတ်ဝင်စားမှု အခံရဆုံးနိုင်ငံအဖြစ် အစဉ်အဆက်ဖြစ်ခဲ့သည်။ တရုတ်နိုင်ငံကို ထိန်းချုပ်လိုသည့် အမေရိကန်က မြန်မာနိုင်ငံကို အဓိကပစ်မှတ်ထားသည်။ မြန်မာနိုင်ငံတွင် သူတို့လိုချင်သော ဩဇာခံအစိုးရပေါ်ပေါက်ရေး၊ သူတို့လိုချင်သောအစိုးရမရလျှင် နိုင်ငံအစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်သုဉ်းရေးနည်းလမ်းများက အမေရိကန်နှင့် အနောက်အုပ်စု၏ မဟာဗျူဟာများဖြစ်သည်။ ယနေ့အချိန်အထိ သူတို့ခင်းသောလမ်းတွင် ကျင့်သုံးသော ထိုနည်းလမ်းများ ဘယ်အထိ ခရီးရောက်နေပြီလဲ မှန်းဆ၍ရသည်။ ယခုအခါတွင်မူ ပြည်သူများအနေဖြင့် ပစ္စုပ္ပန်ကာလဖြစ်ရပ်အချို့နှင့် အတိတ်ဖြစ်စဉ်များအပေါ် ဆက်စပ်စဉ်းစားပြီး အတိုင်းအတာတစ်ခုအထိ ဝေဖန်ပိုင်းခြားဆန်းစစ်လာနိုင်ကြပြီဟူ၍ ယူဆမိပါသည်။

## မရိုးရှင်းသည့် ကမ္ဘာ့ပြဿနာများ

ယနေ့ကမ္ဘာ့ပြဿနာများသည် ရိုးရှင်းစွာတွက်ဆ၍မရတော့သည့် အခြေအနေများဖြစ်သည်။ ယခုကာလတွင် ဘာကြောင့်ရုရှားနိုင်ငံက ယူကရိန်းအပေါ် အထူးစစ်ဆင်ရေးကြီးတစ်ရပ်ကို အကန့်အသတ်ဖြင့် ဆင်နွှဲနေသလဲ၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် လောင်စာအကျပ်အတည်းကို ဘယ်သူက စတင်ဖန်တီးခဲ့သလဲ၊ တရုတ်ကိုထိန်းချုပ်ဖို့ ထိုင်ဝမ်ပြဿနာနှင့်အတူ အင်ဒို - ပစိဖိတ်အရှေ့ကို ဘာကြောင့် အမေရိကန်က ဦးဆောင်နေသလဲ၊ နိုင်ဂျာမှာ တပ်က ဘာကြောင့်အာဏာသိမ်းရသလဲ၊ ပါကစ္စတန်မှာ ဒီမိုကရေစီနည်းလမ်းကျ ပြည်သူက ရွေးကောက်တင်မြှောက်ထားသော ဝန်ကြီးချုပ်အင်မရာခန်းကို တပ်၏ထောက်ခံမှုဖြင့် ဖြုတ်ချ၊ ထောင်ချမှုတွင် အမေရိကန်တို့ ဘာကြောင့်နှုတ်ဆိတ်နေကြသလဲ၊ တရုတ်ကို ထိုင်ဝမ်နှင့် ထောင်ချောက်ဆင်ထားပြီး မြန်မာနိုင်ငံကို မငြိမ်မသက်ဖြစ်အောင်လုပ်၊ ပြည်တွင်းစစ်မီးမွှေးနေခြင်းမှာ ဘာအတွက်လဲ.. စသည် စသည်ဖြင့် ဇာတ်ညွှန်းများနှင့်အတူ တစ်ဦးတည်းသော ဒါရိုက်တာကိုလည်း မြင်တတ်ဖို့လိုသည်။

တရုတ် - အမေရိကန် ထိပ်တိုက်မတွေ့ဘဲ မြန်မာနိုင်ငံမှတစ်ဆင့် ထိန်းချုပ်ဖို့ကြိုးစားသည့်အခါ မဟာဗျူဟာမြောက် ကြားခံဇုန်ဖြစ်မှန်းမသိ ဖြစ်နေရသည့် ဤနိုင်ငံတွင် နိုင်ငံ့အမျိုးသားအကျိုးစီးပွားနှင့်နိုင်ငံ့လုံခြုံရေး မကျိုးပျက်အောင် ဘယ်လောက်ကြိုးစားနေရသလဲ မြင်ကြည့်၊ တွေးကြည့်ဖို့လိုပါသည်။

နိုင်ငံနှင့် ပြည်သူအတွက် မကြည့်၊ မိမိအကျိုး၊ မိမိအဖွဲ့အကျိုးကိုသာ ကြည့်တတ်သူများ၏ အဖျက်လုပ်ရပ်များကြောင့် ယနေ့ထိတိုင် မြန်မာပြည်သူများ ဒုက္ခပင်လယ်ဝေဆဲဖြစ်သည်ကို သင်ခန်းစာယူသင့်ပါပြီ။ ကမ္ဘာ့ပြည်သူများလည်း ထို့အတူပင်။ တစ်ဆင့်ပြီးတစ်ဆင့် ရပ်လုံးကြွဖွံ့ဖြိုးလာသော တရုတ်နိုင်ငံနှင့် ကမ္ဘာ့နံပါတ် (၁) နေရာကို လက်မလွှတ်ချင်သည့် အမေရိကန်၊ စစ်အင်အားချင်း ယှဉ်လာသော ပြိုင်ဘက်ရုရှားနှင့် ကမ္ဘာအနှံ့ အမေရိကန်အကျိုးစီးပွားများ ထိပ်တိုက်တွေ့ကြသည့်အခြေအနေသည် ယခုအချိန်တွင် အဆိုးဆုံးဖြစ်နေသည်။

## သတိလက်လွှတ်မဖြစ်ကြရန်လိုအပ်ဆဲ

ယနေ့ ကျွန်ုပ်တို့ နိုင်ငံသားအားလုံး၏တာဝန်မှာ နိုင်ငံရော ပြည်သူပါ အစိတ်စိတ်အမြွှာမြွှာ မပြိုကွဲ၊ မပျက်စီးရေးဖြစ်သလို မြန်မာနိုင်ငံ အလုံးစုံပျက်သုဉ်းရေးမှာ ပြည်တွင်း/ ပြည်ပရန်သူတို့၏ အန္တိမရည်မှန်းချက်ဖြစ်သည် ဆိုသည့်အချက်ကို သတိလက်လွှတ်မဖြစ်ရန်လိုပြန်သည်။ ကမ္ဘာတစ်လွှား သူတို့အလိုမရှိသောအစိုးရများ ပြုတ်ကျစေမည့် လျှို့ဝှက်စီမံကိန်းများတွင် မြန်မာနိုင်ငံလည်း ပါသည်။ သူတို့လိုချင်သော အစိုးရတက်လာရန်၊ မလိုချင်သောအစိုးရကို ဆန့်ကျင်တိုက်ခိုက်ရန်၊ အစိုးရမပြုတ်လျှင် နိုင်ငံကို ဖျက်ဆီးမည်၊ လုံးဝအဖတ်ဆယ်မရအောင် ဖျက်မည်၊ မြေပေါ်မြေအောက် ငွေပုံအောပြီး အစိုးရဆန့်ကျင်သူများ၊ NGOs များ၊ ဖောင်ဒေးရှင်းအဖွဲ့အစည်းများ၊ ပါတီများကို ကြီးကြီးမားမား ထောက်ပံ့ခဲ့ကြသည်။

သံရုံးများ၊ သူလျှိုများက ကျောင်းသားလူငယ်ထု၊ စစ်သား၊ ရဲ၊ ဝန်ထမ်းအဆင့်မြင့်သူများအထိ ဘာသာရေးအပါအဝင် လူထုလူတန်းစားအလွှာစုံ၌ မွေနှောက်ထိုးဖောက် သပ်လျှိုဖြိုခွဲ၊ သွေးခွဲပြီး ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲရုပ်သေးရုပ်များအဖြစ် အသုံးချခဲ့ကြသည်။ လူထုအပေါ် လွှမ်းမိုးဩဇာရှိသူများ (influencers) ကို ရွေးချယ်မွေးထားပြီး အသုံးချခဲ့သည်ကို သောင်းနှင့်ချီသော သိန်းဂဏန်းငွေကျပ်ပမာဏရှိ သူတို့၏ဘဏ်အကောင့်များက သက်သေခံပြီးဖြစ်သည်။

အမှားအမှန် ခွဲခြားနားလည်နိုင်စွမ်းနည်းပါးသည့် GZ အမည်ခံ သွေးဆူလူငယ်လူရွယ်များကား ဆန္ဒပြလူမြင်ကွင်းထဲ ပေါ်လိုက်ပျောက်လိုက်လူလည်များကြားတွင် အသုံးချခံသက်သက်ဖြစ်သွားခဲ့ရသည်။ ဖျက်သိမ်းခံခဲ့ရသည့် လုံခြုံရေးဆိုင်ရာဥပဒေများ၏ ရလဒ်များဖြစ်သည့် တရားမဝင်ခိုးဝင်များ၊ စိမ့်ဝင်အကြမ်းဖက်များနှင့် ခိုးသွင်းလက်နက်များအတွက် ငွေကြေးပမာဏကြီးမားစွာ ပုံအောအသုံးပြုခဲ့ကြသည်။ ကြိုးဆွဲခံရုပ်သေးများကလည်း ပြည်ပကခိုင်းတာ အကုန်လုပ်သည်။ ဘတ်ဂျက်တွင် ပြည်သူ့အကျိုးပြုကိစ္စများအတွက် ငွေကိုမသုံး၊ သူတို့အကျိုးရှိမည့်ကိစ္စများတွင်မူ ကျပ်သိန်းထောင်ချီသုံးသွားခဲ့သည်။

ရန်သူ မိတ်ဆွေ ခွဲခြားမသိလောက်အောင်၊ အကြမ်းဖက်ကို အကြမ်းဖက်မှန်း မသတ်မှတ်နိုင်လောက်အောင် ဖြစ်ခဲ့ရသည်မှာ သင်ခန်းစာယူစရာဖြစ်သည်။ နောက်ဆုံးအမေရိကန်စစ်ပြန် FBR (Free Burma Rangers) ဟုခေါ်သည့် လက်နက်ကိုင်အဖွဲ့များက EAOs များကို လက်နက်ကိုင်အကြမ်းဖက်သင်တန်းများပေးပြီး အဖျက်လုပ်ရပ်များကို ရက်ရက်စက်စက် ကျူးလွန်နေကြဆဲဖြစ်သည်။ ယခင်ရော၊ ယခုမှာပါ နိုင်ငံတော်နှင့် တိုင်းရင်းသားများ၏ ဘာသာသာသနာ၊ မျိုးချစ်စိတ်ရေခံမြေခံနှင့် အမျိုးသားအကျိုးစီးပွားများ မပျက်ပျက်အောင် ဖျက်ဆီးကြဆဲဖြစ်သည်ကို ... မြင်အောင်ကြည့် သတိထားလုပ်ကိုင်ကြရန်ဖြစ်ပါသည်။

## နှစ်ရှည်အဖျက်စီမံကိန်းများနှင့် ဆက်စပ်စဉ်းစားနိုင်

မြန်မာနိုင်ငံနှင့်ပြည်သူများအပေါ် နိုင်ငံခြားတိုင်းပြည်အချို့၏ အဖျက်လုပ်ငန်းများသည် နှစ်ရှည်စီမံကိန်းများဖြစ်၍ ယခင်ရော၊ ယခုရော၊ နောင်တွင်ပါ ဖျက်ဆီးနေကြဦးမည်ဖြစ်သည်။ အမေရိကန်နှင့် ဗြိတိန်တို့သည် မြန်မာနိုင်ငံကို အစဉ်တစိုက်ဖျက်ဆီးရေးတွင် အဓိကကြိုးကိုင်သူတာဝန်ရှိသူများအဖြစ် တိုက်ရိုက်စွပ်စွဲရမည်သာဖြစ်သည်။ မြန်မာနိုင်ငံအရေးတွင် CIA နှင့် MI 6 တို့သည် အဓိကစပွန်ဆာများဖြစ်ပြီး ဂျော့ဆိုးရော့စ်နှင့် သူ့သား အလက်ဇန္ဒြားဆိုးရော့စ်၊ အတိုင်ပင်ခံအနီးကပ်စီးပွားရေးအကြံပေး ရှောင်တာနယ်လ်နှင့် ဗြိတိသျှသံရုံးတွင် နေရာပေးခံရသည့် ဂျိုးဖစ်ရှာတို့သည် မြန်မာ့အရေးအရာများတွင် အနီးကပ်ခြယ်လှယ်သူများဖြစ်ခဲ့ကြသည်ကို ယနေ့ပြည်သူအများစု နားလည်သဘောပေါက်လာကြပေပြီ။ INGO၊ NGO နှင့် ပရဟိတအမည်ခံ ဖောင်ဒေးရှင်းများစွာသည် ဆိုးရော့စ်၏ ငွေကြေးအထောက်ပံ့ခံအဖွဲ့အစည်းများဖြစ်ခဲ့ပြီး ထိုငွေကြေးများသည် မြန်မာနိုင်ငံအကျိုးစီးပွားအတွက်မဟုတ်၊ မူလထောက်ပံ့သူများအတွက်သာ ပြန်လည်အကျိုးပြုခဲ့ခြင်းဖြစ်ပြီး တိုင်းပြည်ပျက်စီးရေးအတွက် အရင်းအနှီးများသာဖြစ်ခဲ့သည်။

၂၀၁၅ နှင့် ၂၀၂၀ ရွေးကောက်ပွဲနှစ်ခုစလုံးတွင် သောင်ပြိုကမ်းပြိုအနိုင်ရရှိမှုများတွင် ဆိုးရော့စ်၏ ငွေကြေးများ ပါဝင်ပတ်သက်မှုနှင့် မကင်းခဲ့ပါ။ ပြည်တွင်း ဘဏ်တစ်ခု၌ တရားမဝင်ငွေကြေးအပ်နှံ၊ ထုတ်သွင်း အရှုပ်အရှင်းများတွင် ဆိုးရော့စ်၏ ဒေါ်လာငွေများပါခဲ့သည်။ စာမျက်နှာ ၁၂ သို့ ✳

> မြန်မာနိုင်ငံနှင့် ပြည်သူများအပေါ် နိုင်ငံခြားတိုင်းပြည်အချို့၏ အဖျက်လုပ်ငန်းများသည် နှစ်ရှည်စီမံကိန်းများဖြစ်၍ ယခင်ရော၊ ယခုရော နောင်တွင်ပါ ဖျက်ဆီးနေကြဦးမည်ဖြစ်သည်။ အမေရိကန်နှင့် ဗြိတိန်တို့သည် မြန်မာနိုင်ငံကို အစဉ်တစိုက်ဖျက်ဆီးရေးတွင် အဓိကကြိုးကိုင်သူတာဝန်ရှိသူများအဖြစ် တိုက်ရိုက်စွပ်စွဲရမည်သာဖြစ်သည်။ မြန်မာနိုင်ငံအရေးတွင် CIA နှင့် MI 6 တို့သည် အဓိကစပွန်ဆာများဖြစ်ပြီး ဂျော့ဆိုးရော့စ်နှင့် သူ့သား အလက်ဇန္ဒြားဆိုးရော့စ်၊ အတိုင်ပင်ခံအနီးကပ်စီးပွားရေးအကြံပေး ရှောင်တာနယ်လ်နှင့် ဗြိတိသျှသံရုံးတွင် နေရာပေးခံရသည့် ဂျိုးဖစ်ရှာတို့သည် မြန်မာ့အရေးအရာများတွင် အနီးကပ်ခြယ်လှယ်သူများဖြစ်ခဲ့ကြသည်ကို ယနေ့ပြည်သူအများစု နားလည်သဘောပေါက်လာကြပေပြီ။ INGO၊ NGO နှင့် ပရဟိတအမည်ခံ ဖောင်ဒေးရှင်းများစွာသည် ဆိုးရော့စ်၏ ငွေကြေးအထောက်ပံ့ခံအဖွဲ့အစည်းများဖြစ်ခဲ့ပြီး ထိုငွေကြေးများသည် မြန်မာနိုင်ငံအကျိုးစီးပွားအတွက်မဟုတ်၊ မူလထောက်ပံ့သူများအတွက်သာ ပြန်လည်အကျိုးပြုခဲ့ခြင်းဖြစ်ပြီး တိုင်းပြည်ပျက်စီးရေးအတွက် အရင်းအနှီးများသာဖြစ်ခဲ့

> ရှောင်တာနယ်လ်သည် Open Society နှင့် NED (National Endowment for Democracy) တွင်လည်း အလုပ်လုပ်သည်။ ထို့ပြင် US ကထောက်ပံ့ထားသည့် MDI (Myanmar Development Institute) မှတစ်ဆင့် အမေရိကန်၏ မြန်မာပြည်ဖျက်ဆီးရေး နှစ်ရှည်မူဝါဒကို ပုံဖော်ရာတွင် ၂၀၁၀ ပြည့်နှစ်ကတည်းက ထဲထဲဝင်ဝင်ပါဝင်ခဲ့သူဖြစ်သည်။ ထိုအဖွဲ့အစည်းများသည် မြန်မာပြည်ကို ထောင့်ပေါင်းစုံမှ သွယ်ဝိုက်ထိန်းချုပ်နေသည့်ယန္တရားများပင်ဖြစ်သည်။ ထို့ကြောင့်လည်း OS၊ NED၊ MDI စသည့် မြန်မာပြည်ဖျက်ဆီးရေးကွန်ရက်ကြီးကား ကြီးမားလှသည်ဟုဆိုရမည်ဖြစ်ပြီး အမှန်မှာ ခေတ်သစ်ကိုလိုနီနယ်ချဲ့နည်းပုံစံပင်ဖြစ်သည်။ တပ်မဲ့ရုံများ တပ်ပြင်ထုတ်ခံခဲ့ရပြီး တပ်အတွင်း၊ အပြင်အင်အားရွေးကောက်ပွဲအချက်အလက်များပေါက်ကြားအောင် ကြိုးစားခဲ့သည့်အခြေအနေများနှင့်လည်း ဆက်စပ်စဉ်းစားနိုင်

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့တွင်း အပန်းဖြေနေရာများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား ဩဂုတ် ၂၀

ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ဦးဆောင်၍ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်ရှိ ဗလမင်းထင် ဧက ၁၀၀ တင်း ၁၀၀ မိုးစပါးစံပြစိုက်ကွင်းအတွင်း တောင်သူများ အကျိုးဖြစ်ထွန်းစေရေး ငါးသားပေါက်ကောင်ရေ နှစ်သိန်း စိုက်ထည့်ခဲ့ပြီးဖြစ်ရာ ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် တရားမဝင် ငါးဖမ်းဆီးခြင်း မပြုလုပ်စေရေး ပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်းနှင့် ငါးစာတောင့်များ ကျွေးမွေးခြင်းကို ဆောင်ရွက်ကြသည်။

## ကြည့်ရှုစစ်ဆေး

အဆိုပါ မိုးစပါးစံပြစိုက်ကွက်အတွင်း ဖြတ်သန်းစီးဆင်းသည့် အင်ဂျန်းခချောင်းအတွင်း ဩဂုတ် ၁၅ ရက်က တောင်သူများအတွက် ငါးမြစ်ချင်းသားပေါက်ကောင်ရေ နှစ်သိန်း စိုက်ထည့်ပေးခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ၊ လုပ်ကွက်ငယ် ငါးမွေးတောင်သူများနှင့်အတူ စိုက်ထည့်ပေးထားသည့် ငါးသားပေါက်များအား ပိုက်ကွန်ပစ်ငါးဖမ်းခြင်း၊ ကျဉ်စက်ဖြင့် ရှော့တိုက်ငါးဖမ်းခြင်း စသည့် တရားမဝင်ငါးဖမ်းခြင်းများ ပြုလုပ်မှုမရှိစေရေး ပညာပေးဆိုင်းဘုတ်များ စိုက်ထူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်ဂျန်းခချောင်း (ပင်မမြောင်း) တစ်လျှောက် တပ်ကုန်းကွင်း၊ မန်ခိန်ကွင်းနှင့် ဒူဝါဇော်ရစ်လမ်းတို့မှ ငါးသားပေါက်များအတွက် အစာတောင့်များကို လှည့်လည်ကျွေးမွေးခဲ့ကြသည်။

ထို့အပြင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေ ၄ နာရီခွဲက မြစ်ကြီးနား



လေဆိပ် သန့်ရှင်းသာယာလှပရေးနှင့် မြို့တွင်း အများပြည်သူ အပန်းဖြေအနားယူရာနေရာများ၌ ပန်းမြို့တော်စီမံချက်ဖြင့် သန့်ရှင်းသာယာလှပလာစေရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# သထုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

သထုံ ဩဂုတ် ၂၀

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း



ကို ဩဂုတ် ၁၈ ရက်က သထုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း လှမဥ္စူခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

စကားဝိုင်းတွင် အထက(၂) သထုံကျောင်းမှ Grade -11 ကျောင်းသား ကျောင်းသူ လေးဦးတို့က "လူငယ်နှင့် ပညာရေး" "လူငယ်နှင့် စာပေ" "လူငယ်နှင့် ကိုယ်ကျင့်တရား" "လူငယ်နှင့် လူမှုဆက်ဆံရေး" ခေါင်းစဉ်တို့ဖြင့် ကျယ်ကျယ်ပြန့်ပြန့် မျှဝေဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြရာ စကားဝိုင်းပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၄၈၅ ခုစစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် နှစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂၀-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၉-၈-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီမှ (၂၀-၈-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၄၈၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂ ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။

✳ စာမျက်နှာ ၁၁ မှ

**သူသည် မြန်မာအစိုးရ၏ အုပ်ချုပ်ရေးများတွင်လည်း ပါဝင်စွက်ဖက်ရန် ကြိုးစားခဲ့သေးသည်။ ဘာကြောင့်ယူခဲ့ကြသည်၊ ဘာကြောင့်ပေးသည်ကို တွေးမိသူရှားလိမ့်မည်။ နိုင်ငံတစ်နိုင်ငံကို အလုံးစုံဖျက်ဆီးလိုလျှင် ဘယ်နေရာကအရင်းအမြစ်ကို ဘယ်လိုဖြို့ခွဲရမည်ဆိုသည်ကို နိုင်ငံတကာပြည်တွင်းရေး ပတ်မွှေနေသည့် CIA နှင့် MI 6 တို့က အသိဆုံးဖြစ်သည်။**

ပြီးခဲ့သည့်အစိုးရလက်ထက် ဝန်ကြီးဌာနအသီးသီးတွင် ဖြန့်ကြက်တာဝန်ပေးခဲ့သော နိုင်ငံခြားသားအကြံပေးများလက်ထဲ မြန်မာနိုင်ငံ လူ့စွမ်းအား၊ စီးပွားရေး၊ စစ်ရေးအင်အား ဒေတာအချက်အလက်များ သတင်းပေါက်ကြားချိုးဖောက်ခံခဲ့ရသည့် ဖြစ်စဉ်များနှင့်အတူ မြန်မာပြည်တွင်းရေးတွင် အဓိကခြယ်လှယ်တာဝန်ရှိခဲ့သူမှာ စီးပွားရေးအကြံပေးဆိုသူ ရှောင်တာနယ်လ်ပင်ဖြစ်သည်။ အချက်အလက်များအရ မြန်မာနိုင်ငံကို မြန်မာပြည်သူများက အမှန်တကယ်အုပ်ချုပ်ခဲ့တာဟုတ်ရဲ့လားထင်မှတ်မှားစရာပင်ဖြစ်သည်။

ရှောင်တာနယ်လ်က တရုတ်၏ ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံတန် မြန်မာကျောက်ဖြူ ရေနက်စီမံကိန်းကို အထူးစိတ်ဝင်စားသည်။ ထို့ကြောင့်လည်း ရှောင်တာနယ်လ်ဆိုသူ အဖမ်းခံခဲ့ရခြင်းဖြစ်သည်။ ထိုသို့လုပ်ရပ်မျိုးကို ဘယ်လိုနိုင်ငံမျိုးကမျှ ခွင့်လွှတ်မည်မဟုတ်သည့်အပြင် ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်းကမျှလည်း လက်ခံမည်မဟုတ်ပါ။ ထိုသူက စီးပွားရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းများတွင် အကြံပေးတစ်ယောက်ဖြစ်ခဲ့ဖူးသကဲ့သို့ အမေရိကန်ပြည်နယ်ဦးစီးဌာနများ၊ အမေရိကန်အေဂျင်စီများ၊

> **❛ လူငယ်များအနေဖြင့် ယုံကြည်မှုတစ်ခု အရင်းပြု၊ အယူမှားပြီး ဘုရားပြီး ငြိမ်းဖျက်ခံ ပခုံးထမ်းတင်ပေးဘဝများအဖြစ်သို့ မရောက်မိရန်လိုသည်။ လွယ်လွယ်ကူကူ အသုံးချမခံရဘဲ ဘဝကို ကောင်းမွန်စွာဖြတ်သန်းကျော်ဖြတ် အောင်မြင်စေလိုသည်။ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲများအဖြစ်မခံ၊ အတိတ်ကို ကောင်းစွာသင်ခန်းစာယူပြီး ကိုယ့်လူမျိုး ကိုယ့်အမျိုးသားအကျိုးစီးပွားဘက်ကသာ ခိုင်ခိုင်မာမာ ရပ်တည်သင့် ❜**

USAID တို့တွင်လည်း အလုပ်လုပ်သည်။ နိုင်ငံခြားရေးတွင်လည်း အလုပ်လုပ်သကဲ့သို့ ကမ္ဘာ့ဘဏ်အတွက်လည်း အလုပ်လုပ်သည်။

**ရှောင်တာနယ်လ်သည် Open Society နှင့် NED (National Endowment for Democracy) တွင်လည်း အလုပ်လုပ်သည်။ ထို့ပြင် US က ထောက်ပံ့ထားသည့် MDI (Myanmar Development Institute) မှတစ်ဆင့် အမေရိကန်၏ မြန်မာပြည်ဖျက်ဆီးရေး နှစ်ရှည်မူဝါဒကို ပုံဖော်ရာတွင် ၂၀၁၀ ပြည့်နှစ်ကတည်းက ထဲထဲဝင်ဝင်ပါဝင်ခဲ့သူဖြစ်သည်။ ထိုအဖွဲ့အစည်းများသည် မြန်မာပြည်ကို ထောင့်ပေါင်းစုံမှ သွယ်ဝိုက်ထိန်းချုပ်နေသည့် ယန္တရားများပင်ဖြစ်သည်။ ထို့ကြောင့်လည်း OS၊ NED၊ MDI စသည့် မြန်မာပြည်ဖျက်ဆီးရေးကွန်ရက်ကြီးကား ကြီးမားလှသည်ဟုဆိုရမည်ဖြစ်ပြီး အမှန်မှာ ခေတ်သစ်ကိုလိုနီနယ်ချဲ့နည်းပုံစံပင်ဖြစ်သည်။ တပ် မဲရုံများ တပ်ပြင်ထုတ်ခံခဲ့ရပြီး တပ်အတွင်း၊ အပြင်အင်အား ရွေးကောက်ပွဲအချက်အလက်များ ပေါက်ကြားအောင် ကြိုးစားခဲ့သည့်အခြေအနေများနှင့်လည်း ဆက်စပ်စဉ်းစားနိုင်ပါသည်။**

တကယ်တော့ ယနေ့ကမ္ဘာတွင် လက်သစ်ကိုလိုနီခေတ်၏ သားကောင်များ၊ စနစ်၏ သားကောင်များ သိသလိုလို၊ မသိသလိုလို ဖြစ်မှန်းမသိဖြစ်ခဲ့ရရှာသောသူများ အများအပြားရှိခဲ့သည်မှာ အထင်အရှားပင်ဖြစ်ပါသည်။ မြန်မာတိုင်းရင်းသားများသည် ခေတ်သစ်ကိုလိုနီနယ်ချဲ့တို့၏ တစ်ဆင့်ခံအုပ်ချုပ်ရေးပုံစံ၊ သွယ်ဝိုက်အုပ်ချုပ်ခံခဲ့ရသည့်ရုပ်လုံး ယခင်အစိုးရလက်ထက်က တစ်စထက်တစ်စ ပုံပေါ်ခဲ့သည်ဟုသာ သုံးသပ်လိုပါသည်။ သနားစရာကောင်းသည်မှာ ဒီမိုကရေစီလိုချင်သည့် ရိုးသားသည့်မြန်မာပြည်သူများအနေဖြင့် တကယ်စစ်မှန်ပြီး အနှစ်သာရပြည့်ဝသည့် ဒီမိုကရေစီကို ရယူပိုင်ဆိုင်ခွင့်မရှိခဲ့ခြင်းပင်ဖြစ်သည်။

ပြည်သူများပေးခဲ့သည့် ဒီမိုကရေစီအစစ်အမှန်ကို မိုက်မဲစွာဖြင့် မည်သူတို့က စွန့်ခွာခဲ့ကြသလဲ၊ စစ်မှန် စည်းကမ်းပြည့်ဝ ဟူသည့်စကားစုတစ်ခုကို ထပ်တိုးပြီး မြန်မာနိုင်ငံ၊ မြန်မာပြည်သူတို့နှင့် ထိုက်တန်သင့်လျော်သည့် ဒီမိုကရေစီပုံစံကို လက်ရှိ ဘယ်သူဘယ်ဝါတို့က ပုံဖော်နေသလဲ၊ တကယ်ပဲ သွားနေသလား၊ လက်ရှိ Road Map နှင့် အခင်းအကျင်းများကို ပညာဉာဏ်အမြော်အမြင်ဖြင့် ဆန်းစစ်ကြည့်စေလိုသည်။ အထူးသဖြင့် အညွန့်တလူလူဖြင့် အနာဂတ်မျိုးဆက်သစ်များကို ဤသို့အဖြစ်မခံလို၊ အတွေ့အကြုံရှိလူကြီးများအနေဖြင့် မိမိတို့၏စိတ်စေတနာကောင်းများဖြင့် လမ်းမှန်ကို ပြသပေးစေလိုသည်။

**လူငယ်များအနေဖြင့် ယုံကြည်မှုတစ်ခု အရင်းပြု၊ အယူမှားပြီး ဘုရားပြီး ငြိမ်းဖျက်ခံ ပခုံးထမ်းတင်ပေးဘဝများအဖြစ်သို့ မရောက်မိရန်လိုသည်။ လွယ်လွယ်ကူကူအသုံးချမခံရဘဲ ဘဝကိုကောင်းမွန်စွာ ဖြတ်သန်းကျော်ဖြတ်အောင်မြင်စေလိုသည်။ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲများအဖြစ်မခံ၊ အတိတ်ကို ကောင်းစွာသင်ခန်းစာယူပြီး ကိုယ့်လူမျိုး ကိုယ့်အမျိုးသားအကျိုးစီးပွားဘက်ကသာ ခိုင်ခိုင်မာမာ ရပ်တည်သင့်သည်ဟု မြင်ပါသည်။**

သဒ္ဒါလွန် - ကျွန်ဖြစ်တတ်သည်ကို သတိမူရန် အတိတ်နမူနာများလည်း ရှိပြီးဖြစ်သည်။ ခေတ်သစ်နယ်ချဲ့တို့၏ ကစားကွက်ထဲအရောက်မခံ၊ ဘယ်သူ့ရုပ်သေးရုပ်မျှလည်း အဖြစ်မခံ၊ လုံခြုံရေးစည်းမပေါက်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးခရီးရောက်အောင် စည်းလုံးညီညွတ်သင့်ကြပြီဟုသာ မြင်မိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ဝန်ကြီးချုပ် ကီရှီဒါ နျူကလီးယားဓာတ်အားပေးစက်ရုံ၌ စွန့်ပစ်ရေများ ပင်လယ်ထဲသို့ ထုတ်လွှတ်ရန် ကြိုတင်ပြင်ဆင်မှုများကို စစ်ဆေး



တိုကျို ဩဂုတ် ၂၀

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက ဖူကူရှီးမားဒိုင်အိချီ နျူကလီးယားဓာတ်အားပေးစက်ရုံသို့ ယနေ့သွားရောက်ကာ စွန့်ပစ်ရေများ ပင်လယ်ထဲသို့ ထုတ်လွှတ်ရန် ကြိုတင်ပြင်ဆင်မှုများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

စက်ရုံမှ ရေများစွန့်ပစ်မည့် ကမ်းလွန်ရေထွက်ပေါက်တည်နေရာကို အတည်ပြုကာ အခြားအသုံးပြုမည့် စက်ပစ္စည်းများကိုလည်း ကီရှီဒါက စစ်ဆေးခဲ့သည်။

အဆိုပါစွန့်ပစ်ရေများကို ပင်လယ်အတွင်းသို့ မစွန့်ပစ်မီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သောက်သုံးရေအရည်အသွေးဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ ညီညွတ်မှုရှိစေရန် ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိသည်။

ရေဒီယိုသတ္တိကြွပစ္စည်းအများစုကို ဖယ်ရှားထားသော်လည်း သတ္တိကြွအနည်းငယ်ပါဝင်သေးသည်။

သို့သော် ဂျပန်နိုင်ငံ၏ ရေထုတ်လွှတ်မှု အစီအစဉ်သည် နိုင်ငံတကာ ဘေးကင်းရေးစံနှုန်းများနှင့် ကိုက်ညီသည်ဟု နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီက ပြီးခဲ့သည့်လတွင် အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ခဲ့သည်။

စွန့်ပစ်ရေများအား ပင်လယ်အတွင်းသို့စွန့်ထုတ်ပစ်မည့်အချိန်ကို သေချာစွာ စဉ်းစားသုံးသပ်ပြီးနောက် ဆုံးဖြတ်ချက်ချမှတ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ကီရှီဒါက သတင်းထောက်များကို ပြောကြားသည်။

စွန့်ပစ်ရေများနှင့်ပတ်သက်၍ နားလည်မှုရရှိရန် ဂျပန်အစိုးရသည် ငါးလုပ်ငန်းသမဝါယမအသင်းများအဖွဲ့ချုပ်မှ အကြီးတန်းအရာရှိများနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

ငါးလုပ်ငန်းကိုယ်စားလှယ်များက စွန့်ပစ်ရေများ ပင်လယ်အတွင်းသို့ ထုတ်လွှတ်ခြင်းအစီအစဉ်ကို ကန့်ကွက်လျက်ရှိသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# လာအိုအစိုးရက အလုပ်သမားများအတွက် အနိမ့်ဆုံးလစဉ်လုပ်ခ တိုးမြှင့်ပေးမည်

ဗီယင်ကျန်း ဩဂုတ် ၂၀

လာအိုနိုင်ငံအစိုးရက လူနေမှုစရိတ်များမြင့်တက်မှုနှင့်အတူ လိုက်လျောညီထွေဖြစ်စေရန် ရည်ရွယ်၍ အလုပ်သမားများအတွက် အနိမ့်ဆုံးလစဉ်လုပ်ခကို ကစ် ၁၃၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၆၆ ဒေါ်လာ)မှ ကစ် ၁၆၀၀၀၀၀(အမေရိကန်ဒေါ်လာ ၈၂ ဒေါ်လာ)အထိ တိုးမြှင့်ပေးသွားရန် အတည်ပြုခဲ့ကြောင်း ယနေ့ဆင်ဟွာ သတင်းတစ်ရပ်အရ သိရသည်။

လာအိုနိုင်ငံ အစိုးရအဖွဲ့၏ ဇူလိုင်လအတွက် လစဉ်အစည်းအဝေးကို ကျင်းပပြီး အောက်တိုဘာ ၁ ရက်မှစတင်ကာ လာအိုနိုင်ငံရှိ အလုပ်သမားများအတွက် အနိမ့်ဆုံးလစဉ်လုပ်ခတိုးမြှင့်ရေးဆိုင်ရာ ကြေညာချက်တစ်ရပ်ကို လာအိုနိုင်ငံ ဝန်ကြီးချုပ်ရုံးက ဩဂုတ် ၁၆ ရက်က ထုတ်ပြန်ခဲ့ကြောင်း လာအိုပတ္တနာသတင်းဌာနက ဩဂုတ် ၁၉ ရက်တွင် သတင်းဖော်ပြခဲ့သည်။

လာအိုနိုင်ငံ အမျိုးသားလွှတ်တော်အမတ်များက ငွေကြေးဖောင်းပွလာမှုမြင့်မားလာသည်နှင့် အမျှ လာအိုနိုင်ငံတွင် နေထိုင်စားသောက်မှုစရိတ်များ သိသိသာသာမြင့်တက်လာခြင်းကြောင့် ၂၀၂၃ ခုနှစ် ဇွန်လတွင် အနိမ့်ဆုံးလုပ်ခကို တိုးမြှင့်ပေးရေး ညှိနှိုင်းဆွေးနွေးကာ အဆိုပြုခဲ့ခြင်းဖြစ်သည်။

ယခုနှစ် လက်ရှိအချိန်အထိ လာအိုနိုင်ငံမှ ကျွမ်းကျင်လုပ်သား ၃၀၂၀၀ ကျော်သည် ထိုင်းနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်လျက်ရှိပြီး ၁၃၃၉၄ ဦးသည်လည်း ပြည်ပတွင် အလုပ်လုပ်ကိုင်ရန် လာအိုနိုင်ငံမှ ထွက်ခွာသွားကြကြောင်း လာအိုနိုင်ငံအလုပ်သမားနှင့် လူမှုရေးရာဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

၂၀၂၂ ခုနှစ်အတွင်းက လာအိုနိုင်ငံသား ၅၀၀၇၁၂ ဦးသည် ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း၌ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းပေါင်း ၃၅၇၅ ခု အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီး

ကဘူး ဩဂုတ် ၂၀

အာဖဂန်နစ္စတန်အာဏာပိုင်များက ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံတစ်ဝန်း၌ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းပေါင်း ၃၅၇၅ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့ကြောင်း စီးပွားရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ ဒေသတွင်း ရုပ်မြင်သံကြားက သတင်းဖော်ပြသည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံတန်ဖိုးရှိ အဆိုပါ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများတွင် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့် စွမ်းအင်ကဏ္ဍများ ပါဝင်သည်။

ယခုနှစ်အတွင်း စိုက်ပျိုးရေးအပါအဝင် စက်မှုလုပ်ငန်းများ၊ လမ်းဖောက်လုပ်ရေး၊ ဆည်များနှင့် အခြားသော အခြေခံအဆောက်အအုံများ ပါဝင်မည်ဖြစ်ကြောင်း အာဖဂန်အိမ်စောင့်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာရ့် မူဂျာဟတ်က ယမန်နေ့တွင် ပြောကြားသည်။

ထို့ပြင် ရေကာတာစီမံကိန်းအသစ်များလည်း ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း၌ ရေစီမံခန့်ခွဲမှုဆိုင်ရာ စီမံကိန်းပေါင်း ၄၁၁ ခုကို အကောင်အထည်ဖော် ဆောက်လုပ်ရန်အတွက် စွမ်းအင်နှင့် ရေဝန်ကြီးဌာနက အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၅ သန်းကို ခွဲဝေသုံးစွဲခွင့်ပြုထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၏ လဆင်းယာဉ် Chandrayaan-3 ဩဂုတ် ၂၃ ရက်တွင် လကမ္ဘာပေါ်သို့ ဆင်းသက်မည်



နယူးဒေလီ ဩဂုတ် ၂၀

အိန္ဒိယနိုင်ငံ၏ လဆင်းယာဉ် Chandrayaan–3 သည် ဩဂုတ် ၂၃ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၄ မိနစ်တွင် လကမ္ဘာပေါ်သို့ ဆင်းသက်မည်ဖြစ်ကြောင်း အိန္ဒိယ အာကာသသုတေသနအဖွဲ့ (ISRO) က ယနေ့ တရားဝင်ကြေညာခဲ့ကြောင်း သိရသည်။

လဆင်းယာဉ် Chandrayaan–3 လကမ္ဘာပေါ်သို့ ဆင်းသက်မှုကို အစိုးရပိုင် တီဗီချန်နယ် Doordarshan နှင့် Facebook နှင့် YouTube ကဲ့သို့သော လူမှုမီဒီယာပလက်ဖောင်းများအပြင် အိန္ဒိယ အာကာသ သုတေသနအဖွဲ့ဝက်ဘ်ဆိုက်တွင် တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အာကာသအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

အိန္ဒိယနိုင်ငံက လဆင်းယာဉ် Chandrayaan–3 ကို ဇူလိုင် ၁၄ ရက်တွင် လွှတ်တင်ခဲ့ပြီး ဆင်းသက်သည့်အပိုင်းကို ဩဂုတ် ၁၇ ရက်တွင် အာကာသယာဉ်မှ ခွဲထုတ်ခဲ့ကြောင်း သိရသည်။

လဆင်းယာဉ် Chandrayaan–3 လကမ္ဘာပေါ်သို့ ဆင်းသက်ခြင်းဆိုင်ရာ တိုက်ရိုက်ထုတ်လွှင့်မှုကို စောင့်ကြည့်ကြရန် နိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းများနှင့် ပညာရေးအဖွဲ့အစည်းများ အားလုံးမှ ကျောင်းသူ ကျောင်းသူများကို ဖိတ်ကြားထားကြောင်း အိန္ဒိယ အာကာသ သုတေသနအဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**




# အာဖဂန်နစ္စတန်နိုင်ငံက ရုရှားနိုင်ငံသို့ စပျစ်ချိုသီးများ ပထမဆုံးကြိမ်တင်ပို့

ကဘူး ဩဂုတ် ၂၀

အာဖဂန်နစ္စတန်နိုင်ငံ ဟာရီတန်ဆိပ်ကမ်းမှတစ်ဆင့် ရုရှားနိုင်ငံသို့ လတ်ဆတ်သော စပျစ်ချိုသီးပုံး ၂၀၀၀ အား ပထမဆုံးကြိမ်တင်ပို့ခဲ့ကြောင်း မြောက်ပိုင်းဘဲလ်ခ်ပြည်နယ်၏ ကုန်သည်ကြီးများအသင်းက ဩဂုတ် ၂၀ ရက်တွင် ပြောကြားသည်။

အဆိုပါလတ်ဆတ်သည့် စပျစ်သီးများကို ဩဂုတ် ၁၉ ရက်တွင် ဟာရီတန်ဆိပ်ကမ်းမှတစ်ဆင့် ဥဇဘက်ကစ္စတန်နိုင်ငံသို့ အအေးခန်းပါသော ကုန်တင်ကားများဖြင့် သယ်ယူပို့ဆောင်ခဲ့ပြီး ဥဇဘက်ကစ္စတန်နိုင်ငံမှတစ်ဆင့် ရုရှားနိုင်ငံသို့ ထပ်မံတင်ပို့ခဲ့ခြင်းဖြစ်ကြောင်း ဘဲလ်ခ်ပြည်နယ် ကုန်သည်ကြီးများအသင်းနှင့် စက်မှုလုပ်ငန်း အကြီးအကဲ အဆာဒူလာအဆာဒီက ပြောကြားသည်။

ထို့ပြင် ပြီးခဲ့သည့်လများအတွင်းက အာဖဂန်နစ္စတန်နိုင်ငံက အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့သည့် ကုန်ပစ္စည်းအရေအတွက်လည်း သိသိသာသာမြင့်တက်မှုရှိခဲ့ကြောင်း အဆာဒူလာအဆာဒီက ထပ်လောင်းပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ လတ်ဆတ်သောသစ်သီးများနှင့် သစ်သီးခြောက်အများစုကို အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံသို့ အဓိကတင်ပို့ခဲ့ကြောင်း သိရသည်။ အာဖဂန်နစ္စတန်နိုင်ငံသည် တာဂျီကစ္စတန်၊ ဥဇဘက်ကစ္စတန်နှင့် တာ့ခ်မီနစ္စတန်နိုင်ငံအပါအဝင် အာရှအလယ်ပိုင်းနိုင်ငံများသို့ ကုန်ပစ္စည်းများတင်ပို့မှုသည်လည်း သိသိသာသာ မြင့်တက်မှုရှိခဲ့ကြောင်း အဆာဒူလာအဆာဒီက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်ဆန်းရပ်ကွက် အထက်ပုဇွန်တောင်လမ်း အမှတ်-၂၂၈ ရှိ ဦးဇော်နိုင် မီးစက်ရောင်းဝယ်ရေးဆိုင်၌ သွင်းကုန်ကြေညာလွှာ တင်ပြနိုင်ခြင်းမရှိသည့် SAWA 12000 Brand New Generator ၁၇ လုံး အပါအဝင် ကုန်ပစ္စည်း အမျိုး ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၃၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၁၇ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ် ဟသ်ာအဝိုင်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကြွေပန်းကန်ဆိုဒ်စုံ (အဟောင်း) ကီလိုဂရမ် ၂၃၀ အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် JMC Carrying Plus 2800 Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၉၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ နောင်ဆိုင်းကျေးရွာမှ နမ့်အွမ်ကျေးရွာ ရောင်ကွင်းလမ်းတစ်နေရာတွင် ပိုင်ရှင်မဲ့စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် ကွင်းထိုးဖော့ဖိနပ်ဆိုဒ်စုံ အရန် ၃၃၀ အပါအဝင် ကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၂၅၀၀၀) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Wai Wai Instant Rice Vermicelli အထုပ် ၇၅၆၀ (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၃၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Express Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၃၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဩဂုတ် ၁၈ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က မူဆယ်မြို့ ဆင်ဖြူစစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာတွင် စုပုံထားသော တရားမဝင်အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် Solar




ရှမ်းပြည်နယ်၌ သိမ်းဆည်းရမိမှု။

Light (65 W) အပါအဝင် ကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၃၁၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဩဂုတ် ၁၈ ရက်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေး-ဟန်မြင့်မိုရ်-အောင်ပန်း-တောင်ကြီးလမ်းပိုင်း သံရွာရဲကင်း၌ မြေပဲအိတ်နှင့် နှမ်းအိတ်များတင်ဆောင်လာသည့် လိုင်စင်မဲ့ Nissan Diesel ၁၂ ဘီးယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် ၇၃x၇၄ လမ်း၊ ၁၁၄(A)လမ်းရှိ ဂိုဒေါင်၌ တရားမဝင် အကောက်ခွန်မဲ့စက်မှုကုန်ကြမ်း(ဘေထုပ်) ကီလိုဂရမ် ၅၄၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀၀)ကိုလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာနအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၈ ရက်တွင် ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၉၈၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၂၇၄၀)ကိုလည်းကောင်း၊ ဩဂုတ် ၁၉ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင်သစ် ၁ ဒသမ ၄၉၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၁၃၀) ကိုလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၆၈၇၀) သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁၆ ရက်၊ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၇၀၄၂၈၇၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အလုပ်သမားရေးရာဆိုင်ရာ ဥပဒေများ အသိပညာပေး ရှင်းလင်းဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၀

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားဆက်ဆံရေးဦးစီးဌာနနှင့် အလုပ်သမားရေးရာညှိနှိုင်းရေးကော်မတီအဖွဲ့တို့ ပူးပေါင်းပြီး အလုပ်သမားရေးရာဆိုင်ရာဥပဒေများ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ ရွှေလင်ဗန်း စက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည်။

အလုပ်သမားဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းက အလုပ်ရှင်၊ အလုပ်သမားများ၏ တည်ဆဲအလုပ်သမားဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည့် အခွင့်အရေးဆိုင်ရာ အပြောင်းအလဲများကို သိရှိနိုင်ရန်၊ အလုပ်ရှင်၊ အလုပ်သမားများ လိုက်နာ ဆောင်ရွက်ရမည့်အချက်များ သိရှိခြင်းဖြင့် လုပ်ငန်းခွင် အေးချမ်းသာယာနိုင်မည့်အကြောင်းများ၊ အလုပ်သမားများအနေဖြင့် မိမိတို့လိုအပ်ချက်များကို လုပ်ငန်းလုပ်ကိုင်မှု မပျက်ဘဲ လုပ်ငန်းခွင်အတွင်း ဖွဲ့စည်းထားသော အလုပ်သမားညှိနှိုင်းရေး ကော်မတီအဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းကြရန်၊ အလုပ်ရှင်၊ အလုပ်သမားများ နှစ်ဦးနှစ်ဖက် အပြန်အလှန် လေးစားကြရန် စသည့် အလုပ်သမားရေးရာဆိုင်ရာ ဥပဒေသိကောင်းစရာများကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။




မြို့နယ်(ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၈-၂၀၂၂ တနင်္ဂနွေ

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ကျန်းမာရေးနှင့်ကိုက်ညီ စားသုံးဆီနေကြာဆီ
- ၀၉:၁၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၀:၃၀ Economic Review
- ၁၁:၃၀ ဘဝနှင့်အနုပညာ 'အတအလှသရုပ်ဆောင် သိုဇ်ယက်ပြန်နဲ့နွံ့စန်း' (အပိုင်း-၂)
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ဝန်းရန့်လှင့်ပျံ့အမုန်း' (အပိုင်း-၁)
- ၁၅:၄၀ ကျန်းမာရေးမဂ္ဂဇင်း(တိုင်းရင်းဆေး)
- ၁၆:၃၅ မျိုးဗုဏ်တင့်စေဆိုကရေးတီးအငြွေ
- ၁၇:၁၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၃၅ This Week's Special Interest
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ New Future Program
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာပျက်နာစုံး' (အပိုင်း-၁၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၂)
- ၂၂:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သောအချိန်စက်ဝန်း' (အပိုင်း-၁၈)

**mitv**

- 07:01 Evergreen Classic : Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi)
- 07:08 Ecotourism: Pyarswal Elephant Camp And Mawlaik Golf Course
- 07:21 Fine Arts Podium (Conch Shell Wind Instrument)
- 07:37 Karunar Kabar Home for the Aged (Nay Pyi Taw)
- 08:01 News
- 08:26 Global Updates; Fighting water scarcity creativity
- 08:35 Myanmar's Traditions and Culture "Myanmar Pottery&quot
- 09:01 Taung Byone Nat Festival (Ep-1)
- 09:28 A Day in the Life of Pa-O Family
- 09:33 Buddha - Dhita (Buddhist Nuns)
- 10:01 News
- 10:43 Handmade Artisan Ye`Linn Oo

**MRTV NRC**

- မွန် (၀၆:၀၀ မှ ၀၈:၀၀) ရှေးဟောင်းမွန်ရိုးရာတူရိယာ
- ရခိုင် (၀၈:၀၀ မှ ၁၀:၀၀) ကျောက်ရိုးတော်ဓာတ်စေတီ
- ရှမ်း (၁၀:၀၀ မှ ၁၂:၀၀) ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၁)
- ဝ (၁၂:၀၀ မှ ၁၄:၀၀) လားရှိုးသို့အလည်တစ်ခေါက်
- ကချင် (၁၄:၀၀ မှ ၁၆:၀၀) ခနူးရိုးရာခေါင်းပေါင်းပေါင်းနည်း
- ကယား (၁၆:၀၀ မှ ၁၈:၀၀) ကေတုမတီတောင်ငူမြို့သို့အလည်တစ်ခေါက် (အပိုင်း-၁)
- ဝကောကရင် (၁၈:၀၀ မှ ၁၉:၀၀) ဝိန္နဲသီးနှင့်ကြက်သားဟင်း
- အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀) မသန်သော်လည်းစွမ်းတဲ့သူ
- အရှေ့ပိုးကရင် (၂၀ :၀၀ မှ ၂၁:၀၀) အုံညြဖွယ်ရာပဒုံဝူမြေမှာ
- ချင်း (ဖလမ်း) (၂၁:၀၀ မှ ၂၂:၀၀) ချင်းရိုးရာခေါင်းဆောင်းပြုလုပ်နည်း
- ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀) မိုဘိုင်းဖုန်းနဲ့ကျန်းမာရေး

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၁၅ Weekly Selected News
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၄၅ Football Highlights
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တနာတတ်သူတာဝန်ယူ'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ "PR SYSTEM" ရှင်းလင်းပွဲ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၁)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄)
- ၁၈:၀၀ Economic Review (အပိုင်း-၁၆)

**MRTV FARMERS' / H Channel**

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၀၅ ဖွံ့ဖြိုးဝေစည်တို့ကရင်ပြည်
- ၀၆:၄၀ MSME လုပ်ငန်းစွမ်းအားနိုင်ငံ့စီးပွားအင်အား
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ လူတောသားနှင့်ယောက္ခမလောင်း (အပိုင်း-၁)
- ၁၉:၀၀ City of the Future: Singapore – Full Episode National Geographic
- ၂၂:၀၀ ရုပ်ရှင်ဇာတ်လမ်း 'အပင်း'

**MRTV SPORTS / H Sports**

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary
- ၀၇:၃၀ Chengdu Special
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသော ပြိုင်ပွဲအဆင့်နှင့် ဘာသာရပ်များ ထုတ်ပြန်ကြေညာ

(ယမန်နေ့မှအဆက်)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဝေဘာဂီရိ (ကြိုး)
( ခ ) တောနှင့်တောင်စွယ် (ယိုးဒယား)
( ဂ ) မင်္ဂလာဆယ့်နှစ်ပါး (ကာလပေါ်)

### “ဂီတာ” အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) အောင်မင်္ဂလာ (ယိုးဒယား)
( ခ ) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)
( ဂ ) ပုံပမာ (ကြိုး)
(ဃ) ဖြူပြာမူရာ (ပတ်ပျိုး)
( င ) မန္တလာဘုံ (ဘွဲ့)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
( ခ ) ရွှေလည်တိုင် (ကာလပေါ်)
( ဂ ) ဆန်းဆန်းသဥ္စာကြာညောင် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) နန်းဘုံသီဟာဘွေ (ယိုးဒယား)
( ခ ) ဂုဏ်မြင့်သူ (ကာလပေါ်)(ပြည်လှဖေ)
( ဂ ) ဇေယျာအောင်ချာ (ကြိုး)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မိုးသက်လေနှင် (ကာလပေါ်)
( ခ ) ကန္တာတောခြေ (ယိုးဒယား)
(ဂ) စံရာတောင်ကျွန်း (ကြိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) သီလာမြေယံ (ကြိုး)
( ခ ) လူမနှော (ပတ်ပျိုး)
( ဂ ) ချစ်နှင်းမှုံမှုံ (ကာလပေါ်)

### “ဒုံမင်း” အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မဲဇာတောင်ခြေ (ပတ်ပျိုး)
( ခ ) မြရည်နန္ဒာ (ဘွဲ့)
( ဂ ) မှိုင်းမှိုင်းမြ (သီချင်းခံ)
(ဃ) ခါနွေဆန်းလန်းစီစီ (ယိုးဒယား)
( င ) မန်းတောင်လက်ယာ (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) တောင်တောသာယာ (ယိုးဒယား)
( ခ ) နံ့သာနီတောင် (ပတ်ပျိုး)
( ဂ ) ရွှေလည်တိုင် (ကာလပေါ်)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မေတ္တာဖျန်းမှလန်းဆန်းမယ် (ကာလပေါ်)
( ခ ) ကျွန်းကျွန်းပိုင်သ (ကြိုး)
( ဂ ) ဆန်းနွေဦး (ယိုးဒယား)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဆန်းဆန်းသဥ္စာကြာညောင် (ယိုးဒယား)
( ခ ) အန္တရာယ်ကင်း (ကာလပေါ်)
( ဂ ) မှိုင်းရိပ်ကယ်တည့် (ကြိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဝေဘာဂီရိ (ကြိုး)
( ခ ) မဟာဇနက (ကာလပေါ်)
( ဂ ) ရွှေပဒ္မုန် (ယိုးဒယား)

### “ဆိုင်းတစ်ဦးချင်း” အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) နှင်းယွန်းဂိမှာန် (မွန်)
( ခ ) သာရကာကျေး (ပတ်ပျိုး)
( ဂ ) ရွှေနန်းအောင်ချာ (ကြိုး)
(ဃ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
( င ) ရွှေညီလာ (လေးထွေသံကပ်)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) လက်ယာသပြေ (ပတ်ပျိုး)
( ခ ) မြိုင်ဂန္ဓမာ (ယိုးဒယား)
( ဂ ) မှိုင်းမှိုင်းမြ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဆွတ်ဖျန်းငယ်လေ (ကြိုး)
( ခ ) အတိုင်းမသိဘုန်းတော် (ဘွဲ့)
( ဂ ) ထွေထွေဆန်းဆန်း (ယိုးဒယား)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) လွမ်းပိုအောင် (ယိုးဒယား)
( ခ ) ရဂုံဟောမာန် (ပတ်ပျိုး)
( ဂ ) ရွှေပင်ရွှေဘုန်းပပဝင်း (ကြိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ခန်းတွင်းရိပ်သာ (ကြိုး)
( ခ ) ဘုံဆောင်မြင့် (ကြိုး)
( ဂ ) မြန်သပြေဗွေတကျွန်းခြားမြေ (ယိုးဒယား)

## တောင်ကြီးမြို့၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကား (မွမ်းမံ)သင်တန်းဆင်းပွဲ ကျင်းပ

တောင်ကြီး ဩဂုတ် ၂၀

ရှမ်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနနှင့် ရုရှားဘာသာစကားနှင့် ဆက်ဆံရေး ဟိုတယ်တိုးတက်ကောင်းမွန်စေရေး အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေကော်မတီတို့ ပူးပေါင်းဖွင့်လှစ် သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာ စကား(မွမ်းမံ) သင်တန်းဆင်းပွဲကို ဩဂုတ် ၁၈ ရက် ညနေ ၄ နာရီက တောင်ကြီးမြို့ Royal Taunggyi Hotel ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ်အတွင်း ဟိုတယ် ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကားသင်တန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် သုံးကြိမ် ဖွင့်လှစ် ပေးနိုင်ခဲ့ပြီး ယခုအခါ ကျိုင်းတုံမြို့တွင် သင်တန်းသား သင်တန်းသူ ၃၃ ဦးဖြင့် ရုရှားဘာသာစကားနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရေး တြိဂံဒေသ တိုင်းစစ်ဌာနချုပ် နယ်မြေကော်မတီ၏ နည်းပြပံ့ပိုးမှု နှင့် စတင်ဖွင့်လှစ်သင်ကြားနေပြီဖြစ်ကြောင်း၊ လားရှိုး မြို့၊ ညောင်ရွှေမြို့ အင်းလေးဒေသရှိဟိုတယ်ဝန်ထမ်း များကိုလည်း သင်ကြားပို့ချပေးရန် စီစဉ်ဆောင်ရွက် လျက်ရှိပါကြောင်း၊ ယခုတက်ရောက်ပြီးသွားသော သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှ ပို့ချလိုက်သော ဘာသာရပ်များကို အမြဲလေ့ကျင့် ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက သင်တန်းဖြစ်မြောက်ရေး ပိုင်းဝန်းပံ့ပိုးပေးခြင်းအတွက် တပ်မတော်ကွန်ပျူတာ နှင့် နည်းပညာသိပ္ပံ(ဟိုပုံး)သို့ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုတံဆိပ် ပေးအပ်ရာ ဒုတိယ ဗိုလ်မှူးကြီးဇော်ထက်က လက်ခံရယူပြီး ရုရှား



ဘာသာစကားနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန် စေရေး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သိန်းနိုင်က သင်တန်းသား ကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းလက်မှတ် များ ပေးအပ်ခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

## ကွမ်းခြံကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

ကွမ်းခြံကုန်း ဩဂုတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျပန်းစကားပြောပြိုင်ပွဲကို ဩဂုတ် ၁၉ ရက်က အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။



ဦးစွာ ကွမ်းခြံကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) မြို့နယ် ပညာရေးတာဝန်ခံ ဦးရဲတင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန့် ဆွေနွယ်ဦးက ကျပန်းစကားပြောပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက် အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့က ပညာရဲရင့်ပွဲလယ်တင့်၊ မူးယစ်ရန်စွယ်တို့ကာကွယ်၊ ယနေ့ လူငယ် နောင်ဝယ်လူကြီး၊ အစဉ်ရှေးရှုမြန်မာ့ယဉ်ကျေးမှု၊ ကျန်းမာခြင်း သည် လာဘ်တစ်ပါး၊ ချစ်မြတ်နိုးစရာမြန်မာ့အနုပညာ၊ စာပေမြင့်မှ လူမျိုးတင့်မည်၊ ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသစ်ကြီး တည်ဆောက်အံ့၊ အားကစားဖြင့်နိုင်ငံဂုဏ်ရည်မြှင့်တင်စို့၊ I have a Dream စသည့် ခေါင်းစဉ်ပါအကြောင်းအရာများဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ ကြကြောင်း သိရသည်။

ဆွေနွယ်(IPRD)

## ဒေါပုံမြို့နယ်၌ သမဝါယမအသင်းစုလီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ် ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရွှေယမုံခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သမဝါယမဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ဥမ္မာမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဒေါပုံမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဘုန်းနိုင်က မြို့နယ်အတွင်း သမဝါယမ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်း ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင် များ၊ အသင်းဝင်များ စုံစုံညီညီတက်ရောက်ခဲ့ကြပြီး တက်ရောက်လာ ကြသူများအား တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများ ပေးအပ် ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

# တရားဝင်ရွှေ့ပြောင်းသွားလာလုပ်ကိုင်ရေး အလုပ်သမားဝန်ကြီးဌာနက ပံ့ပိုးကူညီဆောင်ရွက်ပေး

**သဉ္ဇာ**

> **"နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ လူ့စွမ်းအားကို စနစ်တကျအကျိုးရှိစွာ အသုံးချနိုင်ရန်၊ ပြည်ပအလုပ်အကိုင်ရှာဖွေသူများအနေဖြင့် ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး ပြည်ပသို့ စနစ်တကျသွားရောက်လုပ်ကိုင်နိုင်ရန်၊ အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်နှင့် ရသင့်ရထိုက်သည့်အခွင့်အရေးများ ရရှိခံစားနိုင်စေရန်၊ ပြည်ပအလုပ်အကိုင် အမျိုးအစားအလိုက်ရရှိခဲ့သောအတွေ့အကြုံနှင့် အသိပညာများ၊ အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျပြန်လည်အသုံးချဆောင်ရွက်ခွင့်ရရှိနိုင်ရန် ရည်ရွယ်၍ ၁၉၉၉ ခုနှစ်တွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအားပြဋ္ဌာန်းခဲ့"**

နိုင်ငံတော်က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ကဏ္ဍအသီးသီးတွင် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ အလုပ်သမားဝန်ကြီးဌာနအနေဖြင့်လည်း လုပ်သားအင်အားထု အရည်အချင်းပြည့်ဝပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ရေး၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆက်ဆံရေး ကောင်းမွန်စွာဖြင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များ ဖြစ်ပေါ်နိုင်စေရေး၊ အလုပ်သမား ဥပဒေပါ အကျိုးခံစားခွင့်များရရှိစေရန် စည်းကြပ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင် မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါရရှိခံစားမှု လျော့နည်းကျဆင်းရေး၊ ပြည်တွင်း ပြည်ပတို့၌ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးနှင့် ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေး၊ လုပ်သားထု၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးရန် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းကျောင်းများ ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးရေး၊ လူမှုဖူလုံရေးအာမခံအလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်စေရေး၊ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ လူမှုစီးပွားဘဝမြင့်မားစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်သားအင်အားကို စနစ်တကျအကျိုးရှိစွာ အသုံးချနိုင်စေရန်၊ အလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်စေရေးနှင့် အလုပ်ရှင်၊ အလုပ်သမားများအကြား ဖြစ်ပွားသော အငြင်းပွားမှုများကို သက်ဆိုင်ရာဥပဒေများနှင့်အညီ အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်စေရေးတို့အတွက် မူဝါဒများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

## ခေတ်ကာလအခြေအနေနှင့် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်း

ရွှေ့ပြောင်းသွားလာခြင်းသည် ယနေ့ကမ္ဘာတွင် မရှိမဖြစ် အရေးပါသော အကြောင်းအရာတစ်ခု ဖြစ်လာပါသည်။ ရောယှက်ဆက်နွှယ်နေသော ကမ္ဘာ့ဈေးကွက်များ၊ နိုင်ငံဖြတ်ကျော် ကူးလူးဆက်ဆံမှုကွန်ရက်များ ပေါ်ထွန်းလာခြင်းနှင့် ဆက်သွယ်ရေးနည်းပညာများ လျင်မြန်စွာ တိုးတက်ထွန်းကားလာမှုများသည် လုပ်သားများ၊ ကျောင်းသားများ၊ အလုပ်သင်သင်တန်းသားများ၊ မိသားစုဝင်များနှင့် ကမ္ဘာလှည့်ခရီးသွားများကို ပိုမိုရွှေ့လျားသွားလာစေရန် ပံ့ပိုးပေးသည့် အကြောင်းအရာများဖြစ်ကြောင်း တွေ့ရှိလာရပါသည်။ ရွှေ့ပြောင်းသွားလာခြင်းဖြင့် ပိုမိုကောင်းမွန်သော ဘဝနေထိုင်မှု၊ အလုပ်အကိုင်၊ အကျိုးခံစားခွင့်တို့ကို ရရှိခံစားနိုင်လိမ့်မည်ဟု မျှော်လင့်ပြီး တစ်နေရာမှ တစ်နေရာ၊ တစ်နိုင်ငံမှ တစ်နိုင်ငံကို ရွှေ့ပြောင်းလုပ်ကိုင်လျက်ရှိပါသည်။ ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးအခြေအနေ ပြောင်းလဲမှုနှင့်အတူ နိုင်ငံတစ်နိုင်ငံချင်းစီ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု စသည့် အခြေအနေအမျိုးမျိုးကြောင့် ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှုများ ဆောင်ရွက်လျက်ရှိပါသည်။

## မြန်မာနိုင်ငံ၏ ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှုနှင့် အလုပ်သမားဝန်ကြီးဌာန၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအလုပ်သမားအဖွဲ့ (International Organization for Migration- IOM) သို့ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ၁၄၇ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး IOM နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားကို နှစ်စဉ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပလျက်ရှိပါသည်။

၁၉၉၀ ပြည့်နှစ် နှောင်းပိုင်းမှစ၍ မြန်မာအလုပ်သမားများသည် အလုပ်အကိုင်အခွင့်အလမ်းများအတွက် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့ကြပါသည်။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ လူ့စွမ်းအားကို စနစ်တကျ အကျိုးရှိစွာ အသုံးချနိုင်ရန်၊ ပြည်ပအလုပ်အကိုင်ရှာဖွေသူများအနေဖြင့် ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေပြီး ပြည်ပသို့ စနစ်တကျ သွားရောက်လုပ်ကိုင်နိုင်ရန်၊ အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်နှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိခံစားနိုင်စေရန်၊ ပြည်ပအလုပ်အကိုင် အမျိုးအစားအလိုက် ရရှိခဲ့သော အတွေ့အကြုံနှင့် အသိပညာများ၊ အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျ ပြန်လည်အသုံးချဆောင်ရွက်ခွင့်ရရှိနိုင်ရန် ရည်ရွယ်၍ ၁၉၉၉ ခုနှစ်တွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအား ပြဋ္ဌာန်းခဲ့ပါသည်။

အဆိုပါဥပဒေအရ ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီမှတစ်ဆင့် လုပ်သားစေလွှတ်ရမည်ဖြစ်ရာ ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီ ၄၅၅ ခုကို ခွင့်ပြုပေးခြင်း၊ အလုပ်သမားစုဆောင်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်း၊ အလုပ်သမားဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ်တွင် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများကို ကြီးကြပ်ကွပ်ကဲနိုင်ရန်နှင့် ပြည်ပရောက် မြန်မာအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (Myanmar Overseas Employment Agencies Fedration-MOEAF) ကို ဖွဲ့စည်းခြင်း၊ ပြည်ပနိုင်ငံများတွင် အလုပ်သမားရေးရာကိစ္စများ ပေါ်ပေါက်လာပါက တာဝန်ယူစေလွှတ်သည့် အေဂျင်စီအနေဖြင့် အပြည့်အဝ ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးနှင့် အမည်ခံအေဂျင်စီနှင့် မမှန်မကန်လုပ်ဆောင်နေသည့် အေဂျင်စီများကို တားဆီးကာကွယ်ရေးအတွက် အမှန်တကယ် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်သည့် အေဂျင်စီများသာ လိုင်စင်အသစ် လျှောက်ထားနိုင်ရေး စိစစ်ဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းသွားလာလုပ်ကိုင်မည့်သူများအတွက် ပြည်ပသို့မထွက်ခွာမီ မှတ်ပုံတင်ပေးပြီးကြောင်း အထောက်အထား သက်သေခံလက်မှတ် ထုတ်ပေးခြင်းနှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများက ပြည်ပသို့ မြန်မာလုပ်သားများ စေလွှတ်ပေးပို့မှုကို တည်ဆဲဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်မှုများကို လုပ်ဆောင်ပေးလျက်ရှိပါသည်။

အလားတူ ရွှေ့ပြောင်းသွားလာသူများအား တရားဝင်ရွှေ့ပြောင်းသွားလာ၍ သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေများနှင့်အညီ ခံစားခွင့်များ ရရှိနိုင်ရန် ဆောင်ရွက်ခြင်း၊ ပြည်ပသို့ စေလွှတ်မည့် အလုပ်သမားများအား လုပ်ငန်းခွင်အကြိုသင်တန်းပို့ချပေးခြင်း၊ ပြည်ပအလုပ်အကိုင်လုပ်ငန်း အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှ တင်ပြလာသော Demand Letter များအား စိစစ်ခြင်း၊ သက်ဆိုင်ရာနိုင်ငံသံရုံးသို့ မှန်/ မမှန် မေးမြန်းခြင်း၊ မြန်မာရွှေ့ပြောင်းလုပ်သား အများဆုံးရှိသည့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့၌ မြန်မာလုပ်သားများ၏ အလုပ်သမားရေးရာခံစားခွင့်များကို အပြည့်အဝရရှိစေရေးနှင့် ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အလုပ်သမားသံအရာရှိများကို ခန့်ထားခြင်း၊ အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား တရားဝင်မှတ်ပုံတင်ပေးခြင်း၊ နှစ်နိုင်ငံအလုပ်သမားရေးရာ သဘောတူစာချုပ်များ ရေးထိုးဆောင်ရွက်ခြင်း၊ ပြည်ပအလုပ်အကိုင်ရှာဖွေသူများအား ရပိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်နှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်၍ ပြည်ပသို့ စနစ်တကျ သွားရောက်လုပ်ကိုင်နိုင်စေရန် တရားဝင်လမ်းကြောင်းများဖွင့်ပေးပြီး သွားလာမှုလွယ်ကူစေရန် လုပ်ဆောင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

## အလုပ်သမားသံအရာရှိများ ထားရှိဆောင်ရွက်ခြင်း

ပြည်ပနိုင်ငံများရှိ မြန်မာအလုပ်သမားရေးရာကိစ္စရပ်များအား ကူညီဆောင်ရွက်ပေးရန်နှင့် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ ရပိုင်ခွင့်များကို ဆောင်ရွက်ပေးနိုင်ရန်အတွက် အလုပ်သမားသံအရာရှိများအား ကိုရီးယားသမ္မတနိုင်ငံ (၂၀၁၁ ခုနှစ်)၊ ထိုင်းနိုင်ငံ (၂၀၁၁ ခုနှစ်)၊ မလေးရှားနိုင်ငံ (၂၀၁၃ ခုနှစ်) တို့တွင် စတင်ထားရှိပြီး မြန်မာအလုပ်သမားများ အများဆုံးသွားရောက်လုပ်ကိုင်သည့် နိုင်ငံများတွင် အလုပ်သမားသံအရာရှိများ တိုးမြှင့်ခန့်အပ်တာဝန်ပေးအပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ အလုပ်သမားသံအရာရှိများအနေဖြင့် သက်ဆိုင်ရာ လုပ်ငန်းခွင်များရှိ မိမိတို့ မြန်မာနိုင်ငံသားအလုပ်သမားများအပေါ် ခေါင်းပုံဖြတ်မှုမခံရစေရေး၊ ဥပဒေပါအခွင့်အရေးများ ပြည့်ဝစွာရရှိရေးနှင့် လုပ်ငန်းခွင်အတွင်း ဘေးကင်းလုံခြုံစွာ လုပ်ကိုင်နိုင်ရေးတို့အတွက် အငြင်းပွားမှုဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

## ထိုင်းနိုင်ငံသို့သွားရောက်မည့် မြန်မာအလုပ်သမားများအား အထောက်အထားထုတ်ပေးခြင်း

ထိုင်းနိုင်ငံသို့ ရောက်ရှိအလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများအား နိုင်ငံသားစိစစ်ခြင်း၊ ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်း၊ ပြည်ပအလုပ်အကိုင် သက်သေခံကတ်ပြားထုတ်ပေးခြင်းတို့ကို ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများဖြင့် တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရရှိစေရန် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certi-ficate of Identity -CI) စခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရှိရပါသည်။

ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများအနေဖြင့် သက်ဆိုင်ရာအလုပ်ရှင်က လက်မှတ်ရေးထိုးပေးပို့သည့် Employment Contract များကို အေဂျင်စီ၏ Managing Director က လက်မှတ်ရေးထိုးအတည်ပြုပြီး အေဂျင်စီနှင့် အလုပ်သမားများသည် နီးစပ်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ သွားရောက်၍ အလုပ်သမားတစ်ဦးချင်းစီအလိုက် စာချုပ်ချုပ်ဆိုခြင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ၈ မိုင်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ပြည်ပအလုပ်သမားသက်သေခံကတ် (OWIC ကတ်) များ ခွင့်ပြုထုတ်ပေးခြင်းများ ဆောင်ရွက်၍ စာချုပ်ချုပ်ဆိုပြီး ရက်ပေါင်း ၉၀ အတွင်း သက်ဆိုင်ရာလုပ်ငန်းခွင်များသို့ ရောက်ရှိနိုင်ရန် ဆောင်ရွက်ရပါသည်။

## မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီး လမ်းမြေပြိုကျမှုကြောင့် ထိုင်းနိုင်ငံသို့ သွားရောက်မည့် အလုပ်သမားများအတွက် ဆောင်ရွက်ပေးခဲ့မှုအခြေအနေများ

၇-၈-၂၀၂၃ ရက်နေ့၊ နံနက် ၁၀ နာရီခန့်တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နှင့် မြဝတီမြို့အကြားရှိ တောနော်ရေတံခွန်အနီး၌ တောင်နံရံလျှောဆင်းမြေပြိုကျခဲ့၍ ယာဉ်သွားလမ်း ပေ ၁၅၀ ခန့်ပျက်စီးခဲ့သဖြင့် ယာဉ်များဖြတ်သန်းသွားလာ၍ မရသည့်ဖြစ်စဉ် ဖြစ်ပေါ်ခဲ့ပါသည်။

အဆိုပါ လမ်းမြေပြိုမှုဖြစ်ပွားခဲ့သည့် နေရာအနီးတွင် ရန်ကုန်မြို့မှ ထွက်ခွာလာသော ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် စေလွှတ်မည့် အလုပ်သမား ၆၆၀ ခန့် ရောက်ရှိနေကြောင်း သတင်းကြားသိသည်နှင့် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကရင်ပြည်နယ် ရုံးတာဝန်ခံအရာရှိသည် သွားရောက်ခဲ့ပြီး လမ်းပျက်စီးသည့် ဧရိယာကျယ်ပြန့်ခြင်း၊ မိုးဆက်လက်ရွာသွန်းခြင်း၊ ခြေကျင်ဖြတ်သန်းရန် မြေသားစိတ်မချရခြင်းတို့ကြောင့် အလုပ်သမားများအား ဆက်လက်ဖြတ်သန်းခြင်း မပြုစေဘဲ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှု၊

စာမျက်နှာ ၁၇ သို့ ✣

## ရမည်းသင်းမြို့နယ်၌ သီးနှံအခြေခံထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

**ရမည်းသင်း ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ သီးနှံအခြေခံ(ဝိုင်၊ ဖျော်ရည်၊ ယို၊ ဂျယ်လီအမျိုးမျိုး) ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီခွဲက ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာ သစ္စာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုးက အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက အသေးစား၊ သီးနှံအခြေခံ (ဝိုင်၊ ဖျော်ရည်၊ ယို၊ ဂျယ်လီအမျိုးမျိုး)ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းလက်မှတ် ပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံရယူသည်။

အဆိုပါ သီးနှံအခြေခံထုတ်လုပ်မှု နည်းပညာသင်တန်းကို သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်အထိ ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ကရင်ပြည်နယ်၌ ဝက်နှင့်ဆိတ်မွေးမြူရေးဇုန် သီးသန့်ဖော်ထုတ်

**ဘားအံ ဩဂုတ် ၂၀**

ဘားအံ-လှိုင်းဘွဲ ကားလမ်းမကြီးဘေးရှိ စက်မှုဇုန်အနောက်ဘက် မိဇံကျေးရွာ ပတုပ်စားကျက်ကွင်းနှင့် ပတုပ်တောင်ကွင်းတို့၌ ဝက်မွေးမြူရေးဇုန် သီးသန့်နှင့် ဆိတ်မွေးမြူရေးဇုန် သီးသန့်တို့ကို ဖော်ဆောင်လျက်ရှိရာ ဩဂုတ် ၁၉ ရက်တွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝက်နှင့်ဆိတ် မွေးမြူရေးဇုန် သီးသန့်ဖော်ထုတ်ရာတွင် အသစ် ဖောက်လုပ်နေသည့် ဇုန်ပတ်လမ်း၊ ဇုန်တွင်းလမ်း၊ ဝင်လမ်း၊ ထွက်လမ်းများဖော်ထုတ်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောကျော်ဝင်းနှင့် တာဝန်ရှိသူများက ပထမအဆင့်အနေဖြင့် တစ်ကြောင်းထိုး မြေသားလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေ



များကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိုဝင်ဘာလတွင် ကျရောက်မည့် ကရင်ပြည်နယ်နေ့အမီ ဖွင့်လှစ်နိုင်ရေး တွန်းအားပေး ဆောင်ရွက်ကြရန်၊ လက်ရှိမွေးမြူသူများနှင့် စိတ်ပါဝင်စားသူများအနေဖြင့် ဇုန်အသစ်တွင်မွေးမြူနိုင်ရေး လာရောက်ကြည့်ရှုလေ့လာနိုင်အောင် စီစဉ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး စားရေရိက္ခာဖူလုံပိုလျှံ၍ အသားထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားလာစေရန်နှင့် မွေးမြူရေးလုပ်ငန်းများမှတစ်ဆင့် ထုတ်ကုန်များ (ကုန်ချော) တိုးမြှင့်ထုတ်လုပ်ကာ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဝက်နှင့်ဆိတ်မွေးမြူရေးဇုန်သီးသန့်ကို ဖော်ဆောင်နေခြင်းဖြစ်ပြီး ရှင်းလင်းဆောင်၊ ဝက်ဒိုင်၊ ဆိတ်ဒိုင်၊ ရုံးခန်း၊ ဆေးဝါးနှင့် တိရစ္ဆာန်အစာဆိုင်နေရာများ ပါဝင်မည်ဟုသိရသည်။

ဝက်မွေးမြူရေးဇုန် ၄၉ ဒသမ ၀၇ ဧကနှင့် ဆိတ်မွေးမြူရေးဇုန် ၄၉ ဒသမ ၃၁ ဧကပေါင်တွင် တစ်ယူနစ်လျှင် သုည ဒသမ ၇၅ ဧကခန့်ရှိအကွက်ပေါင်း ၅၀ စီခန့် ဖော်ဆောင်၍ ခေတ်မီနည်းစနစ်များဖြင့် မျိုးကောင်းမျိုးသန့် ဝက်နှင့်ဆိတ် သီးသန့်မွေးမြူထုတ်လုပ်နိုင်ရန် ယခုကဲ့သို့ သီးသန့်ဇုန်များ ဖော်ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**မိတ္ထီလာ ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် လစ်လပ်သွားသော အမှုဆောင်နေရာ အစားထိုးရွေးချယ်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရွေးချယ်အစားထိုးပေး**

အခမ်းအနားတွင် သဘာပတိ ဦးကျော်ငြိမ်းက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနဦးစီးမှူး ဦးကျော်မိုးတင့်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွေးနုနုလှိုင်က ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဘဏ်ရှင်းတမ်း၊ အမြတ်ခွဲဝေစာရင်းများ၊ လုပ်ငန်းအစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်နှင့် အသင်းသားစာရင်းစစ်အဖွဲ့၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို တာဝန်ရှိသူက ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်သမဝါယမအသင်းစုတွင် လစ်လပ်သွားသော အမှုဆောင်(အချိန်ပိုင်း)တစ်ဦးနေရာအား အသင်းသားများ၏ဆန္ဒအရ တိုင်းဒေသကြီး ဖွံ့စည်းရေးဥက္ကဋ္ဌ ဦးကျော်မိုးတင့်က ရွေးချယ်အစားထိုးပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



✣ စာမျက်နှာ ၁၆ မှ

သက်ဆိုင်ရာနယ်မြေခံတပ်ဖွဲ့တို့၏ ပူးပေါင်းကူညီပေးမှုတို့ဖြင့် ရန်ကုန်မြို့တွင် ပြန်လည်စောင့်ဆိုင်းလိုသည့် အေဂျင်စီနှစ်ခုမှ အလုပ်သမား ၁၀၀ ခန့်အား ရန်ကုန်မြို့သို့ ထွက်ခွာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊ ကျန်ရှိသော အလုပ်သမား ၅၆၀ ခန့်အား လုံခြုံ၍ နေရာထိုင်ခင်း ကျယ်ပြန့်ပြီး သန့်စင်ခန်း၊ ရေ၊ မီးပြည့်စုံသည့် သာမညတောင်ခြေရှိ ဘုန်းကြီးကျောင်းများ၌ ခေတ္တတည်းခိုနိုင်ရန် စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

ထို့ပြင် အလုပ်သမားများအား လမ်းခရီးကောင်းမွန်သည့်အချိန်တွင် အမြန်ဆုံးစေလွှတ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရမည့်ကိစ္စရပ်များ၊ စီစဉ်ဆောင်ရွက်ရမည့် နည်းလမ်းများကို ၈-၈-၂၀၂၃ ရက်နေ့တွင် စခန်းလဝကအဖွဲ့၊ တံတားလဝကအဖွဲ့၊ မဲဆောက်မြို့ အလုပ်သမားသံအရာရှိရုံးနှင့် မဲဆောက်မြို့ ထိုင်းနိုင်ငံ အလုပ်အကိုင်ဌာန (Department of Employment-DOE)တို့နှင့် ဆွေးနွေးခြင်း၊ အလုပ်သမားများအား ကူညီစောင့်ရှောက်နိုင်ရန် သက်ဆိုင်ရာ စေလွှတ်သည့် အေဂျင်စီများအား အကြောင်းကြားခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရပါသည်။

လမ်းမြေပြိုမှု ဖြစ်ပေါ်ခဲ့သည့် နေရာအနီးတွင် ဖြတ်သန်းသွားလာ၍ရနိုင်သည့် နေ့ရက်ဖြစ်သော ၁၁-၈-၂၀၂၃ ရက်နေ့၊ နံနက် ၁၀ နာရီမှစတင်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကရင်ပြည်နယ် တာဝန်ခံအရာရှိ၊ မြဝတီမြို့ ကျောက်လုံးကြီးရပ်ကွက်ရှိ ရွှေ့ပြောင်းအလုပ်သမားရုံး တာဝန်ခံအရာရှိနှင့် ကော့ကရိတ်မြို့ နယ်မြေခံတပ်ဖွဲ့တို့ ညှိနှိုင်းဆောင်ရွက်၍ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတို့၏ ကြီးကြပ်ကူညီမှုဖြင့် ဘားအံမြို့ သာမညဘုန်းကြီးကျောင်း၌ တည်းခိုနေသည့် MoU ဖြင့် စေလွှတ်မည့် ရွှေ့ပြောင်းအလုပ်သမား ၅၆၀ ခန့်အား မြေပြိုမှုဖြစ်ပွားသည့်အနီးရှိ လမ်းလျှောက်သွားလာနိုင်သည့်နေရာမှတစ်ဆင့် လမ်းလျှောက်၍ လမ်းပျက်စီးမှုဖြစ်ပွားသည့်နေရာကို ဖြတ်ကျော်ပြီး ခရီးသည်တင်ယာဉ်များဖြင့် တင်ဆောင်ကာ မြဝတီမြို့ ကျောက်လုံးကြီးရပ်ကွက်ရှိ ရွှေ့ပြောင်းအလုပ်သမားရုံးသို့ ခေါ်ဆောင်ခဲ့သည်ကို တွေ့ရှိရပါသည်။

၁၁-၈-၂၀၂၃ ရက်နေ့တွင်ပင် အဆိုပါ အလုပ်သမားများအနက် Passport၊ OWIC ကတ် စသည့် ထိုင်းနိုင်ငံသို့ ဝင်ရောက်ခွင့်စာရွက်စာတမ်း ပြည့်စုံပြီး ဝင်ရောက်ချိန်မီသည့် အလုပ်သမား ၃၉၅ ဦးအား မြဝတီမြို့နယ် ရွှေ့ပြောင်းအလုပ်သမားရုံးမှ အမှတ် (၂) ချစ်ကြည်ရေးတံတားသို့လည်းကောင်း၊ ထိုမှတစ်ဆင့် ထိုင်းနိုင်ငံဘက်ခြမ်းသို့လည်းကောင်း ပို့ဆောင်ခြင်း၊ အလုပ်သမား ၃၉၅ ဦးလုံး အဆင်ပြေချောမွေ့စွာဖြင့် သက်ဆိုင်ရာလုပ်ငန်းခွင်သို့ ဆက်လက်ထွက်နိုင်ရေး မဲဆောက်မြို့နယ် DOE ဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကျန်ရှိသောအလုပ်သမား ၁၆၅ ဦးအား မြဝတီမြို့၌ ညအိပ်ရပ်နားနိုင်ရန် စီစဉ်ခြင်းများ လုပ်ဆောင်ပေးခဲ့ပါသည်။

အထောက်အထားပြည့်စုံသည့် အလုပ်သမားများအား ထိုင်းနိုင်ငံဆိုင်ရာ အလုပ်သမားဥပဒေများကို ဆွေးနွေးပို့ချပြီးပါက သက်ဆိုင်ရာလုပ်ငန်းခွင်များသို့ စေလွှတ်သွားမည်ဖြစ်ကြောင်း သိရပါသည်။

### အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ခြင်းကဏ္ဍများ

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရှိ အလုပ်သမားများအား ဘေးကင်းလုံခြုံသည့် လုပ်ငန်းခွင်များတွင် အေးချမ်းသာယာစွာ လုပ်ကိုင်နိုင်ရေး၊ ခံစားခွင့်များ ပြည့်ဝစွာရရှိရေး၊ Industrial Relation ကောင်းမွန်စေရေးနှင့် ဥပဒေပါ အခွင့်အရေးများ ခံစားခွင့်ရရှိနိုင်ရေးတို့အတွက် စည်းကြပ်ဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းခွင်အတွင်း ဖြစ်ပွားသည့် အလုပ်သမားရေးရာ အငြင်းပွားမှုများအား လုပ်ငန်းခွင်အဆင့်ဖြစ်သော အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) တွင် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် Bipartite ဆွေးနွေးခြင်း၊ ပြေငြိမ်းမှုမရရှိသည့် အငြင်းပွားမှုများအား အငြင်းပွားမှုဖြေရှင်းရေးယန္တရားဖြင့် ဖြေရှင်းပေးခြင်း၊ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာဥပဒေများအား သိရှိလိုက်နာဆောင်ရွက်နိုင်စေရေး အသိပညာပေးဆွေးနွေးပွဲများ စဉ်ဆက်မပြတ် လုပ်ဆောင်ပေးခြင်း၊ ဥပဒေများအား စည်းကြပ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် တာဝန်ခံဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်သည့် သင်တန်းများ ပြုလုပ်ပေးခြင်း၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များအတွက် နှီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရှိ အလုပ်သမားများ၏ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ပေးသကဲ့သို့ ပြည်ပနိုင်ငံများတွင် မိမိတို့နိုင်ငံသားများ အများဆုံးသွားရောက်သည့် နိုင်ငံများနှင့် ညှိနှိုင်းအစည်းအဝေးများပြုလုပ်ခြင်း၊ အလုပ်သမားသံအရာရှိများခန့်အပ်၍ ၎င်းအရာရှိများအနေဖြင့် မြန်မာအလုပ်သမားများ အလုပ်လုပ်ကိုင်ရန် အခက်အခဲရှိသည့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်၍ ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ၏ ပံ့ပိုးကူညီမှုဖြင့် အခက်အခဲဖြစ်နေသည့် အလုပ်သမားများအား ကူညီထောက်ပံ့ခြင်း၊ အလုပ်သမားစေလွှတ်ခွင့် တောင်းခံထားသည့် စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမားများ၏ အခြေအနေ၊ အလုပ်ခေါ်စာတွင် ပါရှိသည့်အတိုင်း အမှန်တကယ်အလုပ်လုပ်ကိုင်မှု ရှိ/ မရှိ၊ နေထိုင်စားသောက်မှုအခြေအနေ၊ အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးမှု အခြေအနေများကို သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးခြင်း၊ အလုပ်သမားများ စာချုပ်သက်တမ်းကာလပြီးဆုံး၍ ပြန်လည်စေလွှတ်ချိန်တွင် ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခြင်းများ လုပ်ဆောင်လျက်ရှိပါသည်။

မြဝတီ - ကော့ကရိတ် အာရှလမ်းမကြီး လမ်းပိုင်းမြေပြိုကျမှုကြောင့် သွားရေးလာရေး အခက်အခဲများ တွေ့ကြုံရသည့်ကာလ၌ပင် အချိန်မဆိုင်းဘဲ အလုပ်သမားများ၏ အကျိုးအား ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရသောကြောင့် အလုပ်သမားဝန်ကြီးဌာနသည် ကုန်ထုတ်စွမ်းအားဖြင့် နိုင်ငံတော်ကြီးအား ပံ့ပိုးကူညီဆောင်ရွက်ပေးနေသည့် ပြည်တွင်းအလုပ်သမားများ၊ နိုင်ငံတစ်နိုင်ငံ၏ လုပ်အားသယံဇာတဖြစ်သကဲ့သို့ မူရင်းနိုင်ငံနှင့် လက်ခံနိုင်ငံတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြသော ရွှေ့ပြောင်းအလုပ်သမားများအတွက် အားကိုးအားထားပြုရသည့် ဌာနတစ်ခုဖြစ်ကြောင်း လေ့လာတင်ပြလိုက်ရပါသည်။ ။

# မောင်တောမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်




စစ်တွေ ဩဂုတ် ၂၀

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မောင်တောမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မောင်တောမြို့နယ် ရွှေဇားကျေးရွာအနီး မွေးမြူရေးလုပ်ငန်းရှင် ဦးရော်ရှိတ်၏ ပုစွန်ကန်၌ ငါးပုစွန်မွေးမြူမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မောင်တောမြို့နယ် လှဖိုးခေါင် ယာယီနေရာချထားရေးစခန်းသို့ သွားရောက်ပြီး ပြန်လည်လက်ခံရေး ဆောင်ရွက်ကြမည့် ဝန်ထမ်းများအနေဖြင့် နေရာချထားရေးလုပ်ငန်းများ၊ လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်း၊ စတင်လက်ခံသည်မှ ပြန်လည်နေရာချထားသည်အထိ စနစ်တကျ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းနှင့် စခန်းအတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများကိုလည်း လိုအပ်သည့်ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စခန်းအတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအား စားသောက်ဖွယ်ရာများပေးအပ်ပြီး စခန်းအတွင်း ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မောင်တောမြို့ သာသနာ့ဗိမာန်၌ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်နေသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ထိုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့အစိုးရအဖွဲ့အနေဖြင့် မြေပြင်ကွင်းဆင်းကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ တောင်သူများနှင့်တွေ့ဆုံပြီး လိုအပ်ချက်များကို သိရှိကာ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများကလည်း ဌာနဆိုင်ရာအသီးသီး၏အားကို ရယူကာ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရသေ့တောင်မြို့နယ် အငူမော်ဆိပ်ကမ်းသို့ သွားရောက်ပြီး ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆိပ်ခံတံတားကို ကြည့်ရှုစစ်ဆေးကာ ပြန်လည်ပြုပြင်နိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)



# ကန်ထရိုက်လယ်ယာစနစ်ဖြင့် အခြေခံသမဝါယမအသင်းများ စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

အမရပူရ ဩဂုတ် ၂၀

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ရန်ပုံငွေ ကန်ထရိုက် လယ်ယာစနစ်ဖြင့် စိုက်ပျိုးထားသည့် တမုတ်ဆိုးကျေးရွာအုပ်စုရှိ တမုတ်ဆိုး (လယ်/ထွေ) သမဝါယမအသင်းသားများ စိုက်ပျိုးသော မိုးစပါးစိုက်ခင်းများကို မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ယမန့်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အမရပူရမြို့နယ်အနေဖြင့် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ရန်ပုံငွေဖြင့် တမုတ်ဆိုးကျေးရွာ၊ မိုင်လေးဆယ်ကျေးရွာ၊ မန်ကျည်းကိုင်းကျေးရွာ၊ တောင်ကိုင်းကျေးရွာ၊ ဂျိုရွာကျေးရွာ၊ ဆောက်တောဝကျေးရွာ၊ တလင်းကျေးရွာ၊ ရှမ်းရွာကြီးကျေးရွာ၊ ရေဘုတ်ကျေးရွာတို့ရှိ သမဝါယမအသင်း ကိုးသင်း၏ သမဝါယမအသင်းသားတောင်သူ ၁၉၂ ဦးက ကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါး ၁၀၀၄ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ညောင်တုန်းမြို့၌ ပညာရေးငွေစုငွေချေးသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ



ညောင်တုန်း ဩဂုတ် ၂၀

ညောင်တုန်းမြို့နယ် ပညာရေးငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက အခြေခံပညာမူလတန်းကျောင်း (အရှေ့ပိုင်း) ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ အသင်းယာယီဥက္ကဋ္ဌ ဦးယဉ်ထွေးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်ဝေဝေနွယ်က အသင်း၏တိုးတက်အောင်မြင်မှုများကို အကျဉ်းချုပ်ပြောကြားသည်။ ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်နွယ်နီအေးက အသင်းသားများ ငွေစုငွေချေးလုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားခြင်း၊ အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးတင်ဝင်းအေးက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ် ငွေစာရင်းလက်ကျန်ရှင်းတမ်းကို ဖတ်ကြားရှင်းလင်းသည်။ ဆက်လက်၍ အသင်းအတွင်းရေးမှူး ဦးထွန်းကျော်စိုးက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့်အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှုဆောင်သစ်၊ ဒါရိုက်တာအဖွဲ့ရွေးချယ်ရေး သဘာပတိ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နီအေးထံမှ အတည်ပြုချက်ရယူပြီး သဘာပတိရှေ့မှောက်ထံ ကတိသစ္စာခံယူကြကြောင်း သိရသည်။

ထွန်းကျော်(ညောင်တုန်း)

# ပန်းတနော်မြို့နယ်ရှိ Global Earth Agro & Aqua Industry Public Co.,Ltd သို့ မအူပင်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

ပန်းတနော် ဩဂုတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်ရှိ Global Earth Agro & Aqua Industry Public Co.,Ltd သို့ ဩဂုတ် ၁၉ ရက်က သင်ရိုးညွှန်းတမ်း လိုအပ်ချက်အရ သင်ကြားနေသည့် ဘာသာရပ်များတွင် အထောက်အကူ ဖြစ်စေရန်အတွက် မအူပင်တက္ကသိုလ်မှ ပါမောက္ခ (ဌာနမှူး) ဦးဆောင်၍ ကြီးကြပ်သူများ၊ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာကြသည်။



ထိုသို့ သွားရောက်လေ့လာရာတွင် Global Earth Agro & Aqua Industry Public Co.,Ltd သို့ မအူပင်တက္ကသိုလ်မှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာစန်းစန်းရီ ဦးဆောင်၍ ကြီးကြပ်သူ ဆရာ ဆရာမ ၂၆ ဦး၊ မအူပင်တက္ကသိုလ် သတ္တဗေဒအထူးပြု စတုတ္ထနှစ် ၂၈ ဦး၊ ပထမနှစ် ဂုဏ်ထူးတန်း ခြောက်ဦး၊ ဒုတိယနှစ်ဂုဏ်ထူးတန်း နှစ်ဦး၊ တတိယနှစ်ဂုဏ်ထူးတန်း တစ်ဦး၊ မဟာအရည်အချင်းစစ် တစ်ဦး၊ ပထမနှစ်မဟာတန်းနှစ်ဦး၊ ဒုတိယနှစ်မဟာတန်း ခြောက်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၆ ဦးတို့က လာရောက်လေ့လာကြရာ ကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်က လိုက်လံရှင်းလင်းပြသပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည့်ဖြိုးကျော်(ပြန်/ ဆက်)**

# ဇလွန်မြို့နယ်တွင် မိုးရာသီရေဘေးအန္တရာယ်ကာကွယ်ရေး သရုပ်ပြပွဲကျင်းပ



ဇလွန် ဩဂုတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၈ ရက်က ဧရာဝတီ – ဟင်္သာတ တာမိုင် (၂၅/၂) ဆန်တန်းရေကင်းစခန်း အမှတ် (၃)၌ ကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဟင်္သာတခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ရေဘေးကာကွယ်ရေး သရုပ်ပြပွဲနှင့် ရေဘေးကာကွယ်ရေး တာတမံများ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်ဆွေက ရေဘေးကာကွယ်ရေး တာတမံများ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအစီအစဉ်အရ လွှင့်ထူရမည့် သတိပေး အချက်ပြအလံများကို ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူးများအား ပေးအပ်ပြီး ဟင်္သာတခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က တာတမံများ၏ အရေးပေါ်အခြေအနေ ဖြစ်သော တာထိပ်ပေါ်ကျော်ခြင်း၊ ရေပေါက်(ထူးပေါက်)၊ တာအိ၊ သဲဗွက်ထ တာကျွံခြင်းများ ဖြစ်ပေါ်လာပါက ကာကွယ်ရန်နည်းလမ်းများဖြစ်သော မြေသားသို့မဟုတ် သဲအိတ်ကန်သင်းဆင့်ခြင်း၊ မြေကတုတ် (ရေခွေ) တို့ဖြင့် အရေးပေါ်ကာကွယ်စောင့်ရှောက်ရမည့်နည်းလမ်းများကို တက်ရောက်လာသည့် ဌာနဆိုင်ရာများ ၊ ဒေသခံပြည်သူများ သိရှိနားလည်စေရန် လက်တွေ့သရုပ်ပြရှင်းလင်းပြောကြားသည်။ **ဝေယံ (ပြန် / ဆက်)**

## နမ့်စန်၌ ဝန်ထမ်းပေါင်းစုံငွေစုငွေချေး သမဝါယမအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ

နမ့်စန် ဩဂုတ် ၂၀

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် ဝန်ထမ်းပေါင်းစုံငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဦးအောင်လွင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးမော်တို့က အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးကျော်ရွှေက သမဝါယမအသင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အမှုဆောင်ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားတင်ပြခဲ့ကာ အသင်းသားများ၏ အတည်ပြုချက်ရယူခဲ့ကြသည်။

ထို့နောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော အသင်းသားများ၏သားသမီး ငါးဦးကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပညာရည်ချွန်ဆုအဖြစ် တစ်ဦးလျှင် ဆုငွေကျပ် ငါးသောင်းစီ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ဝန်ထမ်းပေါင်းစုံငွေစုငွေချေးသမဝါယမအသင်းမှ တာဝန်ရှိသူများက အသင်းသား ၇၈၀ ၏ စုဆောင်းငွေပေါ်အတိုး စုစုပေါင်း ငွေကျပ် ၃၅၇၂၀၀၀၀ ကို စနစ်တကျ ခွဲဝေထုတ်ပေးခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**




## ဟသ်ာတမြို့၌ လွတ်လပ်ရေးပန်းခြံဖွင့်ပွဲကျင်းပ

ဟသ်ာတ ဩဂုတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်ခဲ့သည့် ဟသ်ာတမြို့ ရုံးကြီးရပ်ကွက်ရှိ လွတ်လပ်ရေးပန်းခြံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဘုန်းလွင်၊ ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးနေလင်းအောင်၊ ဟသ်ာတမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်းတို့က လွတ်လပ်ရေးပန်းခြံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြသည်။

ထို့နောက်လွတ်လပ်ရေးပန်းခြံဆိုင်းဘုတ်အား တိုင်းဒေသကြီး



စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဘုန်းလွင်နှင့် ခရိုင်အဆင့်တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြပြီး အသစ်ပြန်လည်မွမ်းမံပြင်ဆင်ထားသည့် လွတ်လပ်ရေးပန်းခြံအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## သထုံခရိုင်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

သထုံ ဩဂုတ် ၂၀

မွန်ပြည်နယ် သထုံမြို့နယ်တွင် သထုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စာပေချစ်မြတ်နိုးသူများအဖွဲ့နှင့် မြို့နယ်စာရေးဆရာများအသင်းတို့ ပူးပေါင်းကာ စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက စာဖတ်ဝိုင်းပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့် လူထုအခြေပြုဗဟိုဌာန၌ လစဉ် စာဖတ်ဝိုင်းများပြုလုပ်နေမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာများအသင်း ဥက္ကဋ္ဌစာရေးသူ ရွှေထုံခင်သီတာလှိုင်က စာပေရေးရာများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြို့နယ်စာရေးဆရာများအသင်းဥက္ကဋ္ဌစာရေးသူ ရွှေထုံခင်သီတာလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စာပေချစ်မြတ်နိုးသူများအသင်းအဖွဲ့ဝင်များက စာရေးသူ မောင်ခင်မင်(ဓနုဖြူ) ရေးသားသည့် "အမွေခံတစ်ယောက် အမွေပေးသူတစ်ရာ" စာအုပ်ကို အခန်းအလိုက် ဖတ်ရှုပြီး မှတ်သားဖွယ်ရာများ၊ ၎င်းတို့ နှစ်သက်ရာများကို အပြန်အလှန် သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၀၆၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၂၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဩဂုတ် ၂၁ ရက်မှ ၂၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၀၆၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၈-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၃၅ | ၂၂၈၅ | ၂၂၇၅ | ၂၂၆၅ | ၂၂၈၀ | ၂၃၀၅ | ၂၂၉၀ | ၂၂၇၀ | ၂၃၆၅ | ၂၃၈၀ | ၂၂၇၅ | ၂၂၈၅ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၅ | ၂၅၅၀ | ၃၃၁၅ |
| 95 Ron | ၂၃၄၅ | ၂၃၉၅ | ၂၃၉၅ | ၂၃၅၅ | ၂၃၉၅ | ၂၄၁၅ | ၂၄၀၀ | ၂၃၈၀ | ၂၄၇၅ | ၂၄၉၅ | ၂၃၈၅ | ၂၄၀၀ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၅ | ၂၆၆၅ | ၃၄၁၅ |
| HSD (500 ppm) | ၂၄၂၅ | ၂၄၇၅ | ၂၄၇၀ | ၂၄၃၅ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၆၅ | ၂၄၇၅ | ၂၅၁၀ | ၂၅၁၅ | ၂၅၁၅ | ၂၇၄၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၅၀၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၁၀ | ၂၅၅၀ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၅ | ၂၆၅၅ | ၂၆၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၉၀ | ၂၈၂၀ | ၃၄၇၅ |
| HSD (10 ppm) | ၂၅၀၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၁၀ | ၂၅၅၀ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၅ | ၂၆၅၅ | ၂၆၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၉၀ | ၂၈၂၀ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၂၄ | ၂၂၀၀ |
| 95 Ron | ၂၂၃၂ | ၂၃၁၁ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၇ |
| HSD (50 ppm) | ၂၃၈၅ | ၂၄၆၂ |
| HSD (10 ppm) | ၂၃၈၅ | ၂၄၆၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

■ မြန်မာ့ရိုးရာမှ

ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသော်လည်း လေးချီပြီးဆုံးသည်အထိ အနိုင်အရှုံး မပေါ်၍ အလူးအလဲဖြင့် ပူးတွဲသရေဖြစ်ခဲ့သည်။

၆၃ ဒသမ ၅ ကီလိုတန်း ငါးချီစိန်ခေါ်ပွဲဖြစ်သည့် စိန်လုံးချောနှင့် မိုးထက်အောင်တို့ပွဲစဉ်တွင် မိုးထက်အောင်၏ အားပါပြင်းထန်သည့် လက်သီးထိုးချက်ကြောင့် တတိယအချီတွင် စိန်လုံးချော အနားတောင်းခဲ့ရပြီး စတုတ္ထအချီ ၁ မိနစ် ၃၂ စက္ကန့်တွင် မိုးထက်အောင်က အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ငါးချီပွဲများကို ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ရာ ၇၁ ကီလိုတန်း ကျော်စွာဝင်း(မြန်မာ)နှင့် အာဝသန်(ထိုင်း)တို့ပွဲစဉ်တွင် ကျော်စွာဝင်းက ဘယ်ညာလက်သီးတွဲလုံးများဖြင့် တိုက်စစ်ဆင်ထိုးသတ်ခဲ့သလို အာဝသန်ကလည်း တံတောင်ရိုက်များဖြင့် အားပြု၍ တန်ပြန်ထိုးသတ်ခဲ့သည်။ ငါးချီပြီးဆုံးသည်အထိ ရေကုန်ရေခန်း ထိုးသတ်ကြသော်လည်း အရှုံးအနိုင်မပေါ်ဘဲ အလူးအလဲနှင့် ပူးတွဲသရေသာ ဖြစ်ခဲ့ရသည်။

၇၅ ကီလိုတန်း ထွန်းမင်းအောင်(မြန်မာ)နှင့် Tokeshi(ဂျပန်)တို့ပွဲစဉ်တွင် ထွန်းမင်းအောင်က ခြေကန်ချက်၊ ဒူးတိုက်ချက်များဖြင့် တရစပ်တိုက်စစ်ဆင် ယှဉ်ပြိုင်ခဲ့ပြီး Tokeshi ကလည်း တံတောင်ရိုက်ချက်၊ ခေါင်းတိုက်ချက်များဖြင့် ပြန်လည်ခုခံထိုးသတ်ခဲ့သည်။ ငါးချီပြီးဆုံးသည်အထိ သူတင်ကိုယ်တင် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အရှုံးအနိုင်မပေါ်ဘဲ အလူးအလဲနှင့် ပူးတွဲသရေသာ ဖြစ်ခဲ့သည်။

အဓိက ခေါင်းတွဲဆိုင်းဖြစ်သည့် ၈၀ကီလိုတန်း ထွန်းထွန်းမင်းနှင့် သွေးသစ်ဝင်းလှိုင်တို့ပွဲစဉ်တွင် ထွန်းထွန်းမင်းက ထိုးနေကျပုံစံအတိုင်း အားပါသောလက်သီးထိုးချက်၊ ခြေကန်ချက်များဖြင့် တိုက်စစ်ဆင်ထိုးသတ်ခဲ့သလို သွေးသစ်ဝင်းလှိုင်ကလည်း အမှားကိုစောင့်ကာ ထောက်လက်သီး၊ ဝိုက်လက်သီးများဖြင့် တန်ပြန်ထိုးသတ်ခဲ့သည်။ နှစ်ဦးလုံး ထိုးကွင်းထိုးကွက် သတ်ကွင်းသတ်ကွက် အစုံအလင်ဖြင့် ပညာကုန်ထုတ်ယှဉ်ပြိုင်ခဲ့ကြ၍ ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သော်လည်း ငါးချီပြီးဆုံးသည်အထိ အနိုင်အရှုံးမပေါ်ဘဲ အလူးအလဲနှင့်ပူးတွဲသရေသာ ဖြစ်ခဲ့သည်။

**သတင်း-လင်းရာမ၊ ဓာတ်ပုံ- ကိုထက်**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 5

### Unit 5 My school
### Lesson 1: My favourite place at school

**Read the following dialogue and fill in the blanks with the suitable words given below.**

| | | | | |
|---|---|---|---|---|
| didn't | call | came | better | give |
| see | played | did | had | see |

**Win Win:** Hey, what did you do yesterday, Toe Toe?
**Toe Toe:** I went to the park with my friends. Then, we ____(1)____ table tennis.
**Win Win:** Did you ___(2)___ Soe Soe there?
**Toe Toe:** No, I ____(3)___. She didn't come.
**Win Win:** Did you ___(4)____ her?
**Toe Toe:** Yes, I did when I ___(5)____ home.
**Win Win:** What ___(6)____ he say?
**Toe Toe:** She said she ___(7)_____ some bad food and got a stomachache.
**Win Win:** Did she ___(8)____ to the doctor?
**Toe Toe:** Yes, she did.
**Win Win:** Did the doctor ___(9)____ her any medicine?
**Toe Toe:** Yes, he gave and now she is feeling __(10)___.
**Win Win:** That's good.

Writing

(A) Fill in the blanks with a suitable word form.

1. My brother is a good (swim) _______.
2. Daw Thinzar is our (library) ________.
3. Messi is my favourite football (play) _____.
4. (read) He reads slowly. He is a slow ______.
5. We sing the (nation) ___ Anthem every day.

**(B) Supply the correct form of the verb given the brackets.**

(1) (study) My sister ________ her school lessons every day.
(2) (play) I ________ table tennis on Sundays.
(3) (have) Our family _______ dinner at about 7 o'clock.
(4) (read) Do you ________ the newspaper every day?
(5) (sing) Myat Noe ________ her favourite song now.
(6) (plant) Mother _________ flowers in the garden.

****************************

Answers

Reading

**(1) played (2) see (3) didn't (4) see (5) came (6) did (7) had (8) call (9) give (10) better**

Writing

**A. (1) swimmer (2) librarian (3) player (4) reader (5) national**

**B. (1) studies (2) play (3) has (4) read (5) is singing (6) plants**

*********************

## Grade 6

### Unit 3
### Lesson 4: My favourite room

**A. Translate the following words into Myanmar.**

**Things in the living room**

1. Carpet ______
2. Coffee table ______
3. Chair ______
4. Sofa ______
5. Pillow/ cushion ______
6. Bookshelf/bookcase ______
7. Books ______
8. Mirror ______
9. Picture ______
10. Painting ______
11. Plants ______
12. TV set ______
13. Dvd player ______

**B. Translate the following words into Myanmar.**

**Things in the bedroom**

1. Bed ____________
2. Pillow and bolster ____________
3. Mattress ____________
4. Blanket ____________
5. Chair ____________
6. Desk ____________
7. Lamp ____________
8. Alarm clock ____________
9. Night table ____________
10. Ceiling fan ____________
11. Bookcase ____________
12. Wardrobe ____________

****************

**Answers**

**Unit 3 Lesson 4 : My favourite room**

**A. 1.ကော်ဇော 2. ကော်ဖီစားပွဲ 3. ထိုင်ခုံ 4. ဆိုဖာ 5. ခေါင်းအုံး/ ခေါင်းအုံးအသေးကူရှင် 6. စာအုပ်စင် 7. စာအုပ်များ 8. မှန် 9. ရုပ်ပုံကားချပ် 10. ပန်းချီကား 11. အပင်များ 12. တီဗွီအစုံ 13. ဒီဗွီဒီ**

**B. 1.အိပ်ရာ 2. ခေါင်းအုံးနှင့် ဖက်လုံး 3. မွေ့ယာ 4. စောင် 5. ထိုင်ခုံ 6. စားပွဲ 7. မီးအိမ် 8. နှိုးစက်နာရီ 9. ညစားပွဲ 10. မျက်နှာကြက်ပန်ကာ 11. စာအုပ်စင် 12. ဗီရို**

*******************

## Grade 7

### Unit 3
### Lesson 3: The most expensive jeans

**I. Change the following into the superlative forms.**

1. fashionable -the__________
2. suitable -the__________
3. expensive -the__________
4. warm -the__________
5. cold -the__________
6. fun -the__________
7. good -the__________
8. much/many -the__________
9. little -the__________
10. modern -the__________

**II. Supply the correct form of the words given in brackets.**

1. (beauty) Flowers can _____ a garden with their vibrant colors.
2. (fashion) Zaw Lay's new shoes are very _____ and go well with his jeans.
3. (warm) The sun gives us light and ________.
4. (suit) This area is a _______ place for a picnic.
5. (good) I will do my _______.
6. (good) Her essay is as _________ as mine.
7. (good) Uncle Soe can play the piano very ________.

**III. Supply the correct form of the verbs given in brackets.**

1. (offer) Our family ________ "Soon" to the monks once a month.
2. (you, have) How long _________ a motorbike?
3. (give) Our Maths teacher never _______ us homework.
4. (you, spend) How much ________ on these clothes?
5. (afford) This smartphone is not expensive. I can _______ it.
6. (you, do) What _______ now?
7. (not, buy) Mother ______ anything expensive in the market this morning.

**IV. Choose the correct answer: "many" or "much" or "a lot of" or "a little" or "a few".**

1. I have _____ homework to complete tonight.
2. There is _____ traffic on the road during rush hour.
3. I have _____ books on my bookshelf.
4. I have _____ time before the meeting starts.
5. I have _____ dollars in my wallet.
6. There are _____ people at the concert.
7. There is _____ noise in the busy city.

************

Answers

Unit 3 Lesson 3 : The most expensive jeans

**I. 1. The most fashionable; 2. The most suitable; 3. The most expensive; 4. The warmest; 5. The coldest; 6. The most fun; 7. The best; 8. The most; 9. The least; 10. The most modern;**

**II. 1. beautify; 2. fashionable; 3. warmth; 4. suitable; 5. best; 6. good; 7. well;**

**III. 1. offers; 2. have you had; 3. gives; 4. did you spend; 5. afford; 6. are you doing; 7. didn't buy;**

**IV. 1. a lot of; 2. much; 3. many; 4. a little; 5. a few; 6. a lot of; 7. much;**

*********************

## Grade 8

### Unit 3
### Lesson 4: Let's play in the school band!

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. What i______________ does she play in the school band?
2. We heard a loud s______ from outside.
3. We use a pair of d_____to strike the drums.
4. Wood is a poor c_____________ of heat.
5. What is your favourite singer or b________?

**II. Supply the correct form of the words given in brackets.**

1. (music) Do you play a ________instrument?
2. (music) Chit San Maung is a talented _________.
3. (conduct) In our school band, only the __________ holds the major mace.
4. (wood) This chair is made of wood. It is a __________ chair.
5. (produce) Myanmar is one of the rice ____________ in the world.

**III. Supply the correct form of the verbs given in brackets.**

1. (produce) Sounds can ______________ by striking two things.
2. (play) Various kinds of musical instruments ____________ in the school band.
3. (blow) A strong wind ______________ last night.
4. (make) These watches ______________ in Switzerland.
5. (strike) When percussion instruments ______________, they produce sounds.

*********************

**IV. Answer the questions.**

1. How many groups of musical instruments are there in a school band?
2. How do wind instruments produce music?
3. How do percussion instruments produce sounds?
4. What are wind instruments made of?
5. What are the flute and the clarinet usually made of?
6. What are the trumpet and the trombone made of?
7. Who holds the major mace in a school band?

*********************

Answers

Unit 3

Lesson 4: Let's play in the school band!

**I. 1. instrument; 2. music; 3. sound; 4. drumsticks; 5. conductor;**

**II. 1. musical; 2. musician; 3. wooden; 4. producers; 5. production;**

**III. 1. be produced; 2. are played; 3. blew; 4. are made; 5. are struck;**

**IV. 1. There are two groups of musical instruments. 2. Wind instruments produce music only when air is blown into them. 3. Percussion instruments produce sounds when they are struck or beaten. 4. Wind instruments are made of wood or brass. 5. The flute and the clarinet are usually made of wood. 6. The trumpet and the trombone are made of brass. 7. The conductor holds the major mace in a school band.**

*********************

## Grade 9

### Unit 3 Lesson 4: Have you booked a holiday this year?

**I. Match the letter elements on the left with their descriptions below.**

1. Date 1. ___________
2. Sender's address 2. ___________
3. Recipient's address 3. ___________
4. Salutation 4. ___________
5. Body of the letter 5. ___________
6. Closing 6. ___________
7. Signature 7. ___________

**a. The part where you write the main content or message of the letter.**

**b. The part where you write the date when the letter is being written.**

**c. The part where you write the name and address of the person you are writing to.**

**d. The part where you write your own name and address.**

**e. The part where you write a polite greeting to the recipient.**

**f. The part where you write a polite closing to the letter.**

**g. The part where you sign your name.**

**II. Rearrange the letter elements in the correct order to form a formal letter.**

- Closing
- Body of the letter
- Recipient's address
- Signature
- Sender's address
- Date
- Salutation

1.__________ 2.__________ 3.__________

4.__________ 5.__________ 6.__________

7.__________

**III. Write a Formal Letter Imagine you have an issue with a product you recently purchased. Write a formal letter to the customer service department of the company. Make sure to include all the necessary letter elements.**

Your Address ________________

Date ____________

Customer Service Department of (Company Name ____________ )

Company Address _________

Subject : ______________________________

Dear Sir/Madam,

__________________________________________________

__________________________________________________

__________________________________________________

_______

**Sincerely,**

**[Your Name]**

**[Signature]**

* * * * * * * * * * * * * * *

*Answers*

*Lesson 4 : Have you booked a holiday this year?*

*I. 1. (b) 2. (d) 3. (c) 4. (e) 5. (a) 6. (f) 7. (g)*

*II. 1. Sender's address 2. Date 3. Recipient's address 4. Salutation 5. Body of the letter 6. Closing 7. Signature*

*III. I am writing to bring to your attention an issue I have encountered with a product I recently purchased from your company. On 3rd July, I bought a piece of sunscreen from your store.*

*Unfortunately, upon using the product, I have noticed it is overdue. This has caused inconvenience and frustration for me as a customer.*

*I kindly request your assistance in resolving this matter. I would appreciate it if you could provide a solution such as a replacement or refund. I have attached a copy of the purchase receipt for your reference.*

*I have always held your company in high regard and have been a loyal customer for ten years. I believe in the quality of your products and hope that you can address this issue satisfactorily.*

*Thank you for your attention to this matter. I look forward to hearing from you soon. Should you require any further information, please contact me.*

* * * * * * * * * * * * * * *

## Grade 12

### Unit 3 DIET AND NUTRITION

(ယခင်တစ်ပတ်တွင် ဖော်ပြပါရှိသည့် မေးခွန်းများ၏ အဖြေများ)

(2) Read the passage (Seen passage)

(A)1. grains; 2. fresh fruits and vegetables; 3. fatty acids; 4. balanced; 5. balanced diet; 6. ill health; 7. balanced diet; 8. taken;

(B)1. Grains are rice, wheat, maize, millet, barley, and corn and they can provide us carbohydrates. 2. We can get minerals, vitamins and fibre from fresh fruits and vegetables. 3. Animal products are meat, fish and eggs, yogurt, milk, etc. 4. Beans, milk products, and animal products provide us fatty acids. 5. A balanced diet means eating more fruits, vegetables and grains, and consuming less food high in fat, sugar and cholesterol. 6. Lack of essential nutrients leads a major cause of ill health. 7. We should have a balanced diet to strengthen our immune system and protect us against illness. 8. We can combat illness by taking vitamins or other nutritional supplements in another way.

* * * * * * * * * * * * * * *

**V. (3) Read the passage. (Seen passage)**

On the other hand, there are certain kinds of food which are not good for us: processed foods, refined foods and high–cholesterol foods. Many processed foods such as corned beef, canned meat and fish are not **advisable**. The consumption of these foods is associated with high blood pressure because they contain a lot of sodium. In addition, the **artificial** colourings and flavourings in **processed** foods are chemicals that can be harmful to our health.

Refined foods are highly processed foods – foods that have been stripped of their original nutrient content and fibre. Examples of these foods include white flour, white rice, table sugar and high fructose corn syrup. They are not good for our health because essential nutrients are lost in food processing.

Also, high–cholesterol foods such as fried foods, full–fat dairy products and red meat are linked to a **higher** risk of heart disease. These foods are bad for us because they contain saturated fat. Therefore, we must be **careful** to avoid consuming foods high in sodium, fat, sugar, and cholesterol.

**(A) Write the correct word or words to complete each sentence. (5 marks)**

1. Processed foods, refined foods and high–cholesterol foods harm our ________.
2. Many processed foods contain a lot of ________.
3. ________can be found in processed foods, which are harmful to our health.
4. The artificial colourings and flavourings in processed foods are toxic ________.
5. ________ are white flour, white rice, table sugar and high fructose corn syrup.
6. ________ lose essential nutrients in food processing.
7. If we eat fried foods, the ________ in our blood will be high.
8. Fried foods and red meat contain ________.
9. Foods that contain ________ fat are not good for us.
10. Foods high in sodium, fat, sugar and cholesterol should ________.

**(B) Answer each question in one sentence. (5 marks)**

1. What kinds of foods are not good for us?
2. What are processed foods?
3. Why are processed foods harmful to our health?
4. What are refined foods? Give examples.
5. What can lead to heart disease in a higher risk?
6. Why should full–fat dairy products be avoided?

* * * * * * * * * * * * * * *

**(4) Read the passage. (Seen passage)**

Nutrition is closely related to the environment. If national institutions and local communities fail to protect the environments around them, their hopes of thriving in the long run will be dashed. Also, the human world will suffer from food insecurity. Forests bring many benefits to the human world. Being a haven of biodiversity, forests are an **excellent** source of foods such as mushrooms, bamboo shoots, nuts, berries, leaves, and tubers. Deforestation will lead to loss of biodiversity and loss of nutrition for many local communities.

The root cause of environment damage is pollution. Air, water and soil pollutants are causing **adverse** effects on plants, animals and humans as well. Moreover, environmental damage and loss of biodiversity adversely affect diet, nutritional value and health. Thanks to recent research on nutrition, we come to know that environmental deterioration can cause nutrition–related health problems such as malnutrition and infectious diseases.

In conclusion, diet and nutrition are the very basic life–sustaining forces of all living things and the keystone of good health. In addition, they must be taken into consideration in the environmental context. A nutritious diet, which is necessary for the survival and healthy development of human beings, also depends on the environmental policies of the governments.

**(A)Write the correct word or words to complete each sentence. (5 marks)**

1. The __________ between nutrition and the environment is close.
2. Failure by national institutions and local communities to protect their surrounding environments will __________ their hopes of long–term thriving.
3. The process of __________ will result in the loss of biodiversity and nutritional deprivation for numerous local communities.
4. Eating a balanced diet and getting proper ________ are extremely important for good health.
5. The survival and healthy growth of human beings rely on the _________ of the governments.

**(B) Answer each question in one sentence. (5 marks)**

6. What will happen if national institutions and local communities fail to protect the environments around them?
7. Why are forests considered an excellent source of food?
8. Who will be affected by the loss of biodiversity and nutrition?
9. What are the causes of adverse effects on plants, animals, and humans?
10. What kind of health problems can be caused by environmental deterioration?

* * * * * * * * * * * * * * *

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၄-၈-၂၀၂၃ ရက်မှအဆက်

ဤကဲ့သို့ အခန်းကြီး၏ အနေအထားနှင့် အလုပ်လုပ်နေကြသည်ကို တွေ့ရသောအခါ ခင်သန်းဌေး အနေဖြင့် သည်မျှအထိ စနစ်တကျရှိလိမ့်မည်ဟု မထင်မိပေ။ "ကရော်ကမည်" ဖြစ်ကတတ်ဆန်းသာ ပြုလုပ်ဖွဲ့စည်းထားသော စုပေါင်းအဖွဲ့ဖြစ်မည်ဟု ထင်မိခဲ့၏။ ယခုမူ စုပေါင်းထန်းလုပ်ငန်းဝင်းကြီး ထဲသို့ ဝင်လာကတည်းက အတွင်းရှိအဆောက်အအုံကြီးများကို မြင်ရကာ အံ့သြနေရသလို ယခုတစ်ဖန် ကိုအေးဆွေတို့ အလုပ်လုပ်နေသော ရုံးခန်းကျယ်ကြီးကို မြင်ရပြန်သောအခါ "ဒီမျှအထိ တိုးတက်နေပါကလား" ဟု တွေးမိကာ ပို၍တအံ့တသြဖြစ်ရပြန်သည်။

ယင်းသို့ အခန်းဝတွင်ရပ်ကာ အခန်းကြီးအား တစေ့တစောင်း အကဲခတ်နေစဉ် ခင်သန်းဌေး၏ လက်တစ်ဖက်မှ ကိုင်ထားသော ပုသိမ်ထီးရိုးအဖျားပိုင်းသည် တံခါးပေါင်နှင့် အမှတ်မထင်ထိခတ်သွားကာ ဂျစ်ခနဲဟု မြည်သွားသည်။

ထိုအချိန်မှာ လက်နှိပ်စက် ရိုက်သူကလည်း မရိုက်သေးဘဲနေသော ကြားကာလဖြစ်ရာ အခန်းကြီးတစ်ခုလုံးသည် တိတ်ဆိတ်လျက်ရှိသည်။ ထို့ကြောင့် မိမိအလုပ်များတွင် စိတ်ဝင်စားစွာလုပ်နေကြသော အခန်းထဲရှိလူများက ခင်သန်းဌေးကို တစ်ပြိုင်နက်လိုလို လှမ်းကြည့်လိုက်ကြသည်။

"ဟင် ဌေးဌေး''

ကိုအေးဆွေသည် ရုတ်တရက် အံ့အားသင့်စွာ ကြည့်နေရာမှ ရုတ်ခြည်းထလိုက်မိသည်။ သူသည် ခင်သန်းဌေးတစ်ယောက် ယခုလို မိမိထံသို့ ရောက်လာလိမ့်မည်ဟု ဘယ်လိုမှ မမျှော်လင့်ခဲ့မိပေ။

"ဩော် လာပါ လာပါ ဌေးဌေး၊ အထဲထိအောင် လာပါ။ ဒီမှာ လာထိုင်ပါ"

ကိုအေးဆွေက ဝမ်းသာအယ်လဲအမူအရာဖြင့် နေရာမှထလာပြီး ဖိတ်ခေါ်နေရာ ခင်သန်းဌေးသည် အခန်းထဲသို့ ဝင်လာ၏။ ထိုနောက် ကိုအေးဆွေ ညွှန်ပြသောကုလားထိုင်တွင် ဝင်ထိုင်၏။ သူသည် လက်ကိုင်အိတ်လေးထဲမှ လက်ကိုင်ပဝါလေးကို ထုတ်ကာ မျက်နှာမှ ချွေးပေါက်စို့လေးများကို သုတ်ရင်း အခန်းကြီးတစ်ခုလုံး၏ အနေအထားကို ထပ်မံ၍ အကဲခတ်နေ၏။

ပြတင်းပေါက်မှ လေပြည်လေးသည် ထန်းပင်များကြားမှ တသုတ်သုတ်နှင့် ပြေးဝင်လာသည်။ အဆောက်အအုံအပြင်ဘက်တွင်မူ နေသည် ချစ်ချစ်တောက်ပူလျက်ရှိ၏။ အဝေးဆီတွင်ကား မြူမှုန်တို့သည် တလိပ်လိပ် ထလျက်ရှိသည်။ အဝေးဆီမှ ဥသြတွန်ကျူးသံသည် သာယာကြည်နူးစွာဖြင့် သဲ့သဲ့မျှ ထွက်ပေါ်လာ၏။

ကိုအေးဆွေ၏ လက်ဝဲဘက်ရှိ အလုပ်လုပ်နေသောသူများသည် အမှတ်မထင် ရုတ်တရက် ရောက်ရှိလာသော ခင်သန်းဌေးကိုလည်းကောင်း၊ ခင်သန်းဌေးရောက်ရှိလာခြင်းကြောင့် ရုတ်ခြည်း ထူးခြားစွာ အမူအရာပြောင်းလဲ၍လာသော ကိုအေးဆွေကိုလည်းကောင်း ကြည့်၍ ၎င်းတို့ အချင်းချင်း တစ်ဦးနှင့်တစ်ဦး မျက်စပစ်ပြနေကြသည်။ ထိုနောက် သူတို့အလုပ်များကို သူတို့ ပြန်လုပ်နေကြသည်။

ထိုစဉ်ဝယ် ကိုအေးဆွေမှာ ယဉ်စစလေးဖြင့် ဝင်းပစွာလှနေသော ခင်သန်းဌေးကိုကြည့်ကာ အမှတ်မထင် ငေးမောနေမိသည်။ ကိုအေးဆွေမျက်စိထဲတွင်မူ ခင်သန်းဌေး၏ မျက်နှာလေးမှာ ကြည့်၍မဝနိုင်အောင် ဖြစ်နေသည်။ မတွေ့ရသည်မှာလည်း ကြာပြီဖြစ်၍ ရင်ထဲမှာ တလှပ်လှပ်ဖြစ်ကာ လှုပ်ရှားနေသည်။ တစ်ချိန်တည်းမှာလည်း မထင်မှတ်ဘဲ ရောက်ရှိလာသော ခင်သန်းဌေးအား ဘာကြောင့် ရောက်ရှိလာသည်ကိုသိရန် ခင်သန်းဌေး၏ရင်ထဲမှ နှလုံးခုန်သံကိုကျက်မှတ်ကာ အဖြေရှာနေမိသည်။

ပြီးခဲ့သောတစ်ချိန်ကမူ ခင်သန်းဌေးသည် မိမိအား သူ့မိဘများ၏ ရန်သူတစ်ယောက်ဟု သတ်မှတ်ခဲ့၏။ ထန်းပိုင်ရှင်၊ ထန်းသမားတိုက်ပွဲကို လအကမှ ဖျန်ဖြေရှင်းလင်းပြီးသည့်နောက် မကြာမီသောကာလမှာပင် မိမိထံသို့ စိတ်ဆိုးမာန်ဆိုးဖြင့် စာရေးလိုက်ခဲ့ဖူး၏။ မိမိက ပြန်လည်၍ ဖြေရှင်းစာများ အစောင်စောင်ပေးပို့ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ထိုနောက် တစ်နှစ် တစ်ခါလည်သည့်တိုင်အောင် လုံးဝ အဆက်ဖြတ်တောက်ခဲ့၏။

ထိုစဉ်ကဆိုလျှင် ကိုအေးဆွေမှာ ကိုယ်ကချစ်နေရသူ ခင်သန်းဌေး၏ ရုတ်တရက် ပစ်ခွာစိမ်းကားသွားခြင်းကို ခံလိုက်ရသဖြင့် ရင်ဝယ် တနင့်နင့်နှင့် အသည်းခိုက်မျှ ခံစားခဲ့ရသည်။

သည်ကဲ့သို့ မိမိ၏ရင်ဝယ် တစိမ့်စိမ့် ချစ်နေမိလေသောသူက သည်မျှထိ အဆက်ဖြတ်ကာ စိမ်းကားသွားလေသောအခါ မိမိထက်ချစ်ရသူ ပေါ်ပေါက်လာ၍များ ခရှင်လောင်းရိပ်အောက်က သမီးပျိုပီပီ ကျောခိုင်း၍သွားလေပြီလားဟု ယိုးမှားခဲ့သည်။ သံသယ ဖြစ်ခဲ့သည်။ ယခုတော့မူ ဘာမပြော ညာမပြောနှင့် မိမိရှေ့မှောက်သို့ မယုံကြည်နိုင်လောက်အောင် ရောက်ရှိနေပေပြီ။ ဤသည်ကပင် အံ့သြစရာကောင်းလောက်အောင် အတွေးရခက်လှသည်။

သို့တစေ မည်သို့ပင်ဖြစ်စေကာမူ အသားအရေစိုပြည်၍ ချောမွတ်လန်းဆန်းဝင်းပနေသည့် သူ၏ မျက်နှာလေးကို မြင်ရသောအခါ ကိုအေးဆွေ၏ ရင်သည် အလိုလိုအေးမြသွားသည်။ သံသယများကလည်း အလိုလိုကင်းစင်ကုန်သည်။ တကယ်တော့ ကိုအေးဆွေနှင့် ခင်သန်းဌေးတို့ မတွေ့ရသည်မှာ ပြီးခဲ့သောနှစ် သင်္ကြန်မတိုင်မီက ဖြစ်လေသည်။ နောက်တစ်ပတ်ဆိုလျှင် ယခုနှစ် သင်္ကြန်ပင်ကျပေဦးတော့မည်။

"ဌေးဌေး၊ ဘယ်တော့က ရန်ကုန်ကပြန်ရောက်လဲ"

အတန်ကြာမှ ကိုအေးဆွေက မိမိသတိကိုထိန်းကာ ခင်သန်းဌေးအား မေးရတော့၏။ အမှန်မှာ ပြီးခဲ့သောရက်ပိုင်းလောက်ကတည်းက ပြန်ရောက်နေကြောင်း လှကြည်မှတစ်ဆင့် ကြားခဲ့၏။

"တစ်ပတ်လောက်ရှိနေပြီ ကိုအေးဆွေ"

"ဩော် ဟုတ်လား"

ကိုအေးဆွေက မသိဟန်ဖြင့်ဆို၏။ ပြီးမှ-

"ဘယ့်နှယ့်လဲ ဌေးဌေး၊ စာမေးပွဲဖြေနိုင်ရဲ့နော်"

"ဟုတ်ကဲ့၊ ဖြေနိုင်ပါတယ်"

"ဩော် ဒါနဲ့ ဌေးဌေးတစ်ယောက်တည်း ဒီကို လာခဲ့သလား"

အဖော်မပါ တစ်ယောက်တည်းရောက်လာသော ခင်သန်းဌေးအားတွေ့ရ၍ ကိုအေးဆွေက အံ့သြစွာဖြင့် မေး၏။

"မဟုတ်ပါဘူး၊ ဒေါ်လေးလည်းပါပါတယ်"

"ဒါဖြင့် ဌေးဌေးတို့ဒေါ်လေးကော မတွေ့ပါလား"

"ဒေါ်လေးလား၊ ရွာထဲကို ကိစ္စတစ်ခုနဲ့ တန်းသွားတယ်။ ဌေးသာ ကိုအေးဆွေနဲ့ အေးအေးဆေးဆေး စကားပြောချင်တာနဲ့ ဒီကို တန်းဝင်လာတာ။ ညနေလောက်မှ ထန်းလျက်လှည့်ယူရင်း ဌေးကို ဝင်ခေါ်မတဲ့"

ခါတိုင်း ထန်းလျက်လှည့်နေ့ဆိုလျှင် ခင်သန်းဌေးတို့ ဒေါ်လေးမညွှန့်မေသည် ညနေလောက်မှ သွားသိမ်းလေ့ရှိသည်။ ရှေးယခင်များကကဲ့သို့ ထန်းသမားအိမ်တွင် နေကုန်နေခန်း သွားရောက်စောင့်ဆိုင်းယူနေစရာ မလိုတော့ပေ။ စုပေါင်းထန်းလုပ်ငန်းအဖွဲ့ကလုပ်သဖြင့် စာရင်းနှင့် အင်းနှင့် အတိအကျ ဖြစ်သည်။ သွားမယူသော်လည်း ကိစ္စမရှိ။ နောက်အပတ်မှ စုပေါင်း၍ယူလျှင်လည်း ဖြစ်သည်။ သို့မဟုတ်ဘဲ အထမ်းငှား၍ အပို့လွှတ်ပါဆိုလျှင်လည်း စာရင်းနှင့်တကွ အိမ်တိုင်ရာရောက် အပို့လွှတ်သည်။ ထန်းပိုင်ရှင်များအား ငါးစုတစ်စု (ငါးရက်တွင် တစ်ရက်ရသည့်ထန်းလျက်ကို) ပေးသည်မှအပ အခြားကိစ္စများတွင် ကိုအေးဆွေတို့၏ စုပေါင်းထန်းလုပ်ငန်းအဖွဲ့မှာ စနစ်ကျသည်၊ စည်းကမ်းရှိသည်၊ စိတ်ချရသည်၊ ထန်းလျက်ကောင်းရသည်ဟု ဒေါ်လေးချီးကျူးနေသည်ကို ခင်သန်းဌေးမှာ ရန်ကုန်မှပြန်ရောက်ကတည်းက မကြာခဏကြားနေရသည်။

ယနေ့လည်း ဒေါ်လေးသည် ညနေခင်းလောက်တွင် လက်ပံပင်ရွာသို့ ကိစ္စတစ်ခုဖြင့်သွားရင်း စုပေါင်းထန်းလုပ်ငန်းမှ ထန်းလျက်ကို ဝင်ယူမည်ဟု ဆို၏။ ဤတွင် ခင်သန်းဌေးက သူပါလိုက်မည်ဟု ဆိုပြီး နံနက်ထမင်းစားပြီးစကတိုင် သွားကြရန် အတင်းပူဆာသည်။ သို့ဖြင့် တူမချစ်၏ အလိုသို့ လိုက်ကာ လာခဲ့ကြ၏။ သည်ရောက်သောအခါတွင်လည်း ဒေါ်လေးသည် ခင်သန်းဌေးအား ရွာထဲသို့ ဖွတ်ခေါ်နေပြန်သည်။ ခင်သန်းဌေးက ထွေးရီနှင့် တွေ့လိုသည်၊ စုပေါင်းထန်းလုပ်ငန်းကိုလည်း အေးအေးလူလူ ကြည့်ချင်ပါသည်ဟု အကြောင်းပြကာ လမ်းခွဲနေရစ်သည်။

"ဒီလိုဆိုရင် ကျွန်တော်တို့ အေးအေးဆေးဆေး စကားပြောဖို့ အချိန်ရတာပေါ့နော်။ ကဲ ကဲ ဒါဖြင့် အားမနာတမ်းသာ လွတ်လွတ်လပ်လပ်နေပါဗျာ"

ကိုအေးဆွေသည် စားပွဲပေါ်ရှိ စာစောကရေးလက်စစာအုပ်ကို ပြန်ပိတ်၍ နေသားတကျထားသည်။ ဖောင်တိန်ကိုလည်း အဖုံးပြန်စွပ်၍ တစ်နေရာတွင်ထားသည်။

"ဟော၊ မမဌေးကြီးပါလား"

ထိုအခိုက် ထွေးရီရောက်လာပြီး ဝမ်းသာအားရဖြင့် ခင်သန်းဌေးအား နှုတ်ဆက်လိုက်၏။ ထွေးရီ၏ လက်ထဲတွင် ဗလာစာအုပ်တစ်အုပ် ကိုင်လျက်သားပါလာသည်။

"ဟယ်၊ ထွေးရီတောင် အတော်ကြီးထွားလာပါပေါ့ကလား"

ခင်သန်းဌေးသည် ထွေးရီအား ခြေစွန်းခေါင်းစွန်း ကြည့်၍ အကဲခတ်ရင်းက လက်တစ်ဖက်ကိုပါ ဆွဲယူလိုက်ပြီး အံ့သြဟန်ဖြင့်ဆို၏။

ထိုအခါ ထွေးရီမှာ ရှက်သလိုလိုနှင့် သူ့ကိုယ်ကို ပြန်ကြည့်သလိုလိုလုပ်ပြီး ပြုံးရယ်နေ၏။ ပြီးမှ သတိရပြီး လက်ထဲတွင်ပါလာသော ကော်ပီဗလာစာအုပ်ကို ကိုအေးဆွေအား လှမ်းပေးလိုက်၏။ ကိုအေးဆွေကလည်း စာအုပ်ကိုလှမ်းယူလိုက်ပြီး စာရင်းရေးသွင်းရန် အခြားစာအုပ်တစ်အုပ်ကို လှမ်း၍ဆွဲယူနေသည်။

"မမဌေး၊ ဘယ်တုံးက ရန်ကုန်ကပြန်ရောက်လဲ ဟင်"

"တစ်ပတ်လောက် ရှိသွားပြီဆိုပါတော့။ အဲ အဲ၊ နေဦး၊ ဌေး ထွေးရီကိုပေးဖို့ လက်ဆောင်တစ်ခု ပါလာတယ်" ဟုဆိုကာ ခင်သန်းဌေးသည် စားပွဲပေါ်တွင်တင်ထားသည့် သူ၏ အဖြူရောင်လက်ကိုင်အိတ်လေးထဲမှ တစ်စုံတစ်ခုကို ထုတ်ယူနေသည်။ ထိုနောက် စက္ကူသေတ္တာလေးကို ထုတ်ပေးလိုက်သည်။

ကိုအေးဆွေကလည်း "ဘာများလဲ" ဟု အောက်မေ့ကာ စာရင်းရေးမှတ်နေရာမှ စိတ်ဝင်စားစွာ လှမ်းကြည့်နေ၏။ ထွေးရီသည် စက္ကူသေတ္တာလေးကို လှမ်းယူပြီး ဖွင့်ကြည့်လိုက်သည်။

"ဟယ်၊ လှလိုက်တာ"

ထွေးရီက ပြောပြောဆိုဆို ပုလဲပုတီးကုံးလေးကို ရုတ်တရက် ထုတ်ယူလိုက်ပြီးလျှင် သူ၏ လည်တိုင်ကြော့ကြော့လေးအား ကပ်၍ ကြည့်နေသည်။ ခင်သန်းဌေးမှာ ထွေးရီ၏ ဝမ်းသာအားရဖြစ်နေပုံလေးကိုကြည့်ကာ ကျေနပ်ကြည်နူးသွားသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

**"ကိုအေးဆွေမှာ ယဉ်စစလေးဖြင့် ဝင်းပစွာလှနေသော ခင်သန်းဌေးကိုကြည့်ကာ အမှတ်မထင် ငေးမောနေမိသည်။ ကိုအေးဆွေမျက်စိထဲတွင်မူ ခင်သန်းဌေး၏ မျက်နှာလေးမှာ ကြည့်၍မဝနိုင်အောင် ဖြစ်နေသည်။ မတွေ့ရသည်မှာလည်းကြာပြီဖြစ်၍ ရင်ထဲမှာ တလှပ်လှပ်ဖြစ်ကာ လှုပ်ရှားနေသည်။ တစ်ချိန်တည်းမှာလည်း မထင်မှတ်ဘဲရောက်ရှိလာသော ခင်သန်းဌေးအား ဘာကြောင့်ရောက်ရှိလာသည်ကိုသိရန် ခင်သန်းဌေး၏ရင်ထဲမှ နှလုံးခုန်သံကိုကျက်မှတ်ကာ အဖြေရှာ . . ."**

# စပိန်အမျိုးသမီးအသင်း အမျိုးသမီးကမ္ဘာ့ဖလား ဆွတ်ခူး

စပိန်အမျိုးသမီးအသင်းနဲ့ အင်္ဂလန်အမျိုးသမီးအသင်းတို့ဩဂုတ် ၂၀ ရက် ညနေပိုင်းက ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ယှဉ်ပြိုင်ကစားခဲ့တဲ့ အမျိုးသမီးကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်မှာ စပိန်အသင်းက အင်္ဂလန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမျိုးသမီးကမ္ဘာ့ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ စပိန်အသင်းက ပထမပိုင်းပွဲကစားချိန် ၂၉ မိနစ်မှာ ကာမိုနာရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အင်္ဂလန်အသင်းကတော့ စပိန်အသင်းကို ရှုံးနိမ့်ခဲ့လို့ အမျိုးသမီးကမ္ဘာ့ဖလားကို ပထမဆုံးအကြိမ်ရရှိရေးမျှော်လင့်ချက်ပျက်ခဲ့ရတာဖြစ်ပါတယ်။

စပိန်အသင်းဟာ ဘာစီလိုနာအမျိုးသမီးအသင်းက ကစားသမားအများစုဖြင့် ဖွဲ့စည်းထားတာဖြစ်ပြီး ဘာစီလိုနာအမျိုးသမီးအသင်းဟာ အခုဘောလုံးရာသီမှာ အမျိုးသမီးချန်ပီယံလိဂ်ဖလားကို နှစ်ကြိမ်မြောက် ဆွတ်ခူးထားတဲ့ ကစားသမားတွေဖြစ်ပါတယ်။

အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲကို ဘောလုံးကွင်း ၁၀ ကွင်းမှာ အသင်းပေါင်း ၃၂ သင်းက ပွဲစဉ် ၆၄ ပွဲအထိ ယှဉ်ပြိုင်ကစားခဲ့ပြီး သွင်းဂိုးစုစုပေါင်း ၁၆၄ ဂိုးသွင်းယူခဲ့တာဖြစ်ပါတယ်။ ဂိုးအများဆုံးသွင်းခဲ့တဲ့ ကစားသမားကတော့ ဂျပန်အမျိုးသမီးအသင်းမှ မီယာဇာဝါဖြစ်ပြီး ငါးဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့အသင်းကတော့ စပိန်အသင်းဖြစ်ပြီး ၁၈ ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။






# အင်တာမိုင်ယာမီအသင်းအား ပထမဆုံးဆုဖလားရယူပေးနိုင်ခဲ့တဲ့ မက်ဆီ

တိုက်စစ်မှူး မက်ဆီဟာ အင်တာမိုင်ယာမီအသင်းနဲ့အတူ ခုနစ်ပွဲမှာ ၁၀ ဂိုးသွင်းပြီး အင်တာမိုင်ယာမီအသင်းအား ပထမဆုံးဆုဖလားကို ရယူပေးနိုင်ခဲ့တာကြောင့် ကမ္ဘာ့အကောင်းဆုံးကစားသမားဆိုတဲ့ ဂုဏ်ပုဒ်ကို ဆက်ထိန်းထားနိုင်ခဲ့ပြီဖြစ်ပါတယ်။

မက်ဆီဟာ လိဂ်ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်ဖြစ်တဲ့ နာရှ်ဗီးလ်အသင်းနဲ့ပွဲစဉ်မှာ အင်တာမိုင်ယာမီအသင်းအတွက် ပွဲကစားချိန် ၂၃ မိနစ်မှာ ဦးဆောင်ဂိုးသွင်းယူပေးခဲ့ပြီး ပွဲကစားချိန် ၅၇ မိနစ်မှာ နာရှ်ဗီးလ်အသင်းက ချေပဂိုးပြန်လည်ရရှိခဲ့လို့ ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာ ၁၀ ဂိုး- ၉ ဂိုးနဲ့ အင်တာမိုင်ယာမီအသင်းက အနိုင်ရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

အင်တာမိုင်ယာမီအသင်းဟာ တိုက်စစ်မှူး မက်ဆီနဲ့အတူ ဘာစီလိုနာအသင်းဖော်တွေဖြစ်တဲ့ ဂျော်ဒီအယ်လ်ဘာနဲ့ ဆာဂျီယိုဘက်စကွက်တို့ မရောက်ရှိမီက ယခုဘောလုံးရာသီ မေဂျာလိဂ်ပြိုင်ပွဲမှာ ရလဒ်ပိုင်းအတော်လေးဆိုးရွားခဲ့တာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ မေဂျာလိဂ်ပြိုင်ပွဲမှာ ခုနစ်ပွဲဆက် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့တဲ့အပြင် လိဂ်ဖလားကိုလည်း ရယူနိုင်ခဲ့ပြီဖြစ်ပါတယ်။ အခုရရှိခဲ့တဲ့လိဂ်ဖလားဟာ အသင်းစတင်တည်ထောင်ခဲ့တဲ့ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးရရှိခဲ့တဲ့ ဆုဖလားလည်းဖြစ်ပါတယ်။

အခုလိုဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဟာ ဘလွန်းဒီအောဆုကို ခုနစ်ကြိမ်ရရှိထားတဲ့ တိုက်စစ်မှူး မက်ဆီအတွက် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိခဲ့တဲ့အပြင် ကစားသမားဘဝတစ်လျှောက် ဆုဖလား ၄၄ လုံးအထိ ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

# အီတလီနိုင်ငံလက်ရွေးစင်အသင်းက လူစီယာနိုစပယ်လက်တီအား နည်းပြသစ်အဖြစ်ခန့်အပ်

အီတလီနိုင်ငံလက်ရွေးစင်အသင်းဟာ ရောဘတ်တိုမန်စီနီ အသင်းနည်းပြအဖြစ်ကနေ ထွက်ခွာသွားခဲ့ပြီးနောက် နာပိုလီအသင်း နည်းပြဟောင်းတစ်ဦးဖြစ်တဲ့ လူစီယာနိုစပယ်လက်တီကို နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ပါတယ်။

အသက်၆၄ နှစ်အရွယ်ရှိစပယ်လက်တီဟာ ၃၃ နှစ်တာကာလအတွင်း အီတလီစီးရီးအေဖလားကို ပထမဆုံးအကြိမ်ရယူပေးနိုင်ခဲ့ပြီးနောက် နွေရာသီကာလအတွင်းက နာပိုလီအသင်းကနေ ထွက်ခွာခဲ့သူလည်း ဖြစ်ပါတယ်။

အီတလီနိုင်ငံ လက်ရွေးစင်အသင်း နည်းပြအဖြစ် တာဝန်ယူခဲ့တဲ့ အသက် ၅၈ နှစ်အရွယ်ရှိ ရောဘတ်တိုမန်စီနီဟာ ဩဂုတ် ၁၃ ရက်က အီတလီနည်းပြအဖြစ်ကနေ နုတ်ထွက်ခဲ့တာဖြစ်ပါတယ်။

ရောဘတ်တိုမန်စီနီဟာ အင်္ဂလန်အသင်းကို အီတလီအသင်းက ပင်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ ယူရို ၂၀၂၀ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာကြောင့် အီတလီအသင်းနဲ့အတူ ယူရို ၂၀၂၀ ဖလားကို ရယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ဒါပေမယ့် နည်းပြမန်စီနီဟာ ပြီးခဲ့တဲ့နှစ်အတွင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိရေးအတွက် မစွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အီတလီနိုင်ငံ လက်ရွေးစင်အသင်းက စပယ်လက်တီကို နည်းပြအဖြစ်ခန့်အပ်ခဲ့ပြီး စပယ်လက်တီဟာ စက်တင်ဘာ ၁ ရက်မှာ အီတလီနိုင်ငံလက်ရွေးစင်အသင်း နည်းပြတာဝန်ကို စတင်ထမ်းဆောင်မှာဖြစ်တယ်လို့ သိရပါတယ်။

နည်းပြစပယ်လက်တီဟာ အီတလီစီးရီးအေကလပ် ရိုးမားအသင်း၊ အင်တာမီလန်အသင်းတို့မှာ နည်းပြအဖြစ် တာဝန်ယူ ကိုင်တွယ်ခဲ့သလို ရုရှားကလပ် စိန့်ပီတာဇဘတ် အသင်းမှာလည်း ငါးနှစ်ကြာ တာဝန်ယူကိုင်တွယ်ခဲ့သူလည်း ဖြစ်ပါတယ်။



ငွေကြယ် - ရေးသားသည်

# စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲတွင် ဂျိုကိုဗစ်နဲ့ အယ်လ်ကာရက်ဇ်တို့ ထိပ်တိုက်တွေ့ဆုံနေ



စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်နဲ့ ကမ္ဘာ့နံပါတ်တစ်အဆင့်ရှိ အယ်လ်ကာရက်ဇ်တို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိပါတယ်။

အယ်လ်ကာရက်ဇ်ဟာ ဩဂုတ် ၁၉ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ ပိုလန်တင်းနစ်ကစားသမား ဟူဘာ့ဟာကက်ကို ၂-၆၊ ၇-၆(၇-၄)၊ ၆-၃ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ကမ္ဘာ့နံပါတ်နှစ်အဆင့်ရှိ ဂျိုကိုဗစ်ကတော့ ဂျာမနီတင်းနစ်ကစားသမား အလက်ဇန်းဒါးဗီရက်ဗ်ကို ၇-၆(၇-၅)၊ ၇-၅ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အသက် ၂၀ အရွယ်ရှိ အယ်လ်ကာရက်ဇ်ဟာ ပြီးခဲ့တဲ့လက ကျင်းပတဲ့ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်မှာ ဂျိုကိုဗစ်ကို အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အယ်လ်ကာရက်ဇ်ဟာ စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲသမိုင်းမှာ ဗိုလ်လုပွဲတက်ခဲ့တဲ့ အသက်အငယ်ဆုံး တင်းနစ်ကစားသမားဖြစ်ပြီး ဂျိုကိုဗစ်ကတော့ အသက် ၃၆ နှစ်ရှိပြီဖြစ်လို့ ဗိုလ်လုပွဲတက်ခဲ့တဲ့ တင်းနစ်ကစားသမားတွေထဲမှာ အသက်အကြီးဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

ဂျိုကိုဗစ်ဟာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကိစ္စနဲ့စပ်လျဉ်းပြီး အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲနဲ့ အခြားသောပြိုင်ပွဲတွေမှာ လွဲချော်ခဲ့ရတာဖြစ်တာမို့ ၂၀၂၁ ခုနှစ်နောက်ပိုင်း အမေရိကန်မြေကို ပထမဆုံးအကြိမ် ပြန်လည်ခြေချခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ■

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

## ၁၈-၈-၂၀၂၃ ရက်နေ့အထိ အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

| စဉ် | နာမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၅၀၁၈။ | ဗိုလ်ချုပ်အေးမြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ဝင်းမြင့် မိသားစုကောင်းမှု | ၁၃၂၀၀၀၀၀ |
| ၅၀၁၉။ | Myat Aye Kan Co.,Ltd မိသားစုကောင်းမှု | ၈၀၀၀၀၀၀ |
| ၅၀၂၀။ | ဗိုလ်မှူးကြီးဟန်ဝင်းအောင်နှင့်ဇနီး ဒေါ်သိန်းသိန်းမော် မိသားစုကောင်းမှု | ၃၂၀၀၀၀၀ |
| ၅၀၂၁။ | ဘုရားဒါယကာကြီးဆရာဦးစောနောင် နှင့်ဇနီး ဘုရားဒါယိကာမ ဒေါက်တာစောနန်းရွှေရည် စိန်ပြည်စိုးဆေးတိုက်မိသားစုကောင်းမှု | ၃၁၀၀၀၀၀ |
| ၅၀၂၂။ | ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့်ဇနီးမိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၅၀၂၃။ | ဗိုလ်မှူးကြီးအောင်ဇော်လင်းနှင့်ဇနီး မိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၅၀၂၄။ | ဗိုလ်မှူးကြီးမင်းထွဋ်ဦးနှင့်ဇနီး မိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၅၀၂၅။ | နှစ်ဖက်သောမိဘများအား အမှူးထား၍ ဗိုလ်ချုပ်အောင်လင်းထွန်းနှင့်ဇနီး ဒေါ်တင်ဇာလွင်၊ ဗိုလ်ကြီးအောင်မြင့်ထွန်းနှင့်ဇနီး မသီရိလွင်၊ မနှင်းနီတြာအောင်၊ မောင်နေယံလင်း မိသားစုကောင်းမှု | ၁၄၀၀၀၀၀ |
| ၅၀၂၆။ | ဗိုလ်ချုပ်ထင်လတ်ဦးနှင့်ဇနီး ဒေါ်ဥမ္မာကျော် မိသားစုကောင်းမှု | ၁၂၀၀၀၀၀ |
| ၅၀၂၇။ | မိခင်ကြီး ဒေါ်မြင့်မြင့်သိန်းအားအမှူးထား၍ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀၀ |
| ၅၀၂၈။ | ဒေါ်နန်းမြင့်မြင့်သိန်း မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၅၀၂၉။ | အမှတ်(၃)သံမဏိစက်ရုံ(ရွာမ)မှ ဝန်ထမ်းမိသားစုများကောင်းမှု | ၁၀၀၀၀၀၀ |
| ၅၀၃၀။ | ဦးမောင်ကြိုင်နှင့်ဇနီး ဒေါ်ထွေးကြည် မိသားစုကောင်းမှု | ၇၀၀၀၀၀ |
| ၅၀၃၁။ | ပစ္ဆိမဂုဏ်ပါဠိတက္ကသိုလ်စာသင်တိုက်မှ ဆရာတော်များကောင်းမှု | ၅၃၆၀၀၀ |
| ၅၀၃၂။ | ဦးခင်မောင်ဗိုလ်နှင့်ဇနီး ဒေါ်သဇင်မြင့် မိသားစုကောင်းမှု | ၅၁၀၀၀၀ |
| ၅၀၃၃။ | ဗိုလ်မှူးသန်းထွန်း(ငြိမ်း)မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၀၃၄။ | ဦးခင်ထွန်းနှင့်ဇနီး ဒေါ်သန်းသန်းမြင့် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၀၃၅။ | ဒေါ်ခင်တုတ်၊ ဒေါ်နွဲ့နွဲ့ရီမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၀၃၆။ | ဒေါ်ရွှေကြည်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၀၃၇။ | ဦးညီဂေါင်နှင့်ဇနီး ဒေါ်အေးမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၀၃၈။ | ဦးဖိုးဖြူနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစုကောင်းမှု | ၄၅၀၀၀၀ |
| ၅၀၃၉။ | ဒေါ်ခင်လှကြည်၊ ဒေါ်ငွေးကြည်မိသားစုကောင်းမှု | ၃၁၁၀၀၀ |
| ၅၀၄၀။ | ဒေါ်သန်းတင်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၀၄၁။ | ဦးခင်မောင်ဝင်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီဂီဒေါ်သန်းသန်းနွဲ့မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၀၄၂။ | ဦးသိန်းထူးနှင့်ဇနီး ဒေါ်မြင့်မြင့်သန်း မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၀၄၃။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဌာနချုပ် (ခ)ဘောလုံးအသင်းကောင်းမှု | ၃၀၀၀၀၀ |
| ၅၀၄၄။ | (ဦးမောင်မောင်တင်) မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၀၄၅။ | အင်းတကော်ကျောင်းစုဆရာတော်နှင့် ဒါယကာများကောင်းမှု | ၂၀၀၀၀၀ |
| ၅၀၄၆။ | ဦးသိန်းထူးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၀၄၇။ | ဦးသက်ဇော်လင်းနှင့်ဇနီး ဒေါ်နှင်းနှင်းနွယ် မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၀၄၈။ | ဦးမြင့်စိုးနှင့်ဇနီး ဒေါ်အုန်းမြင့်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၀၄၉။ | ဒေါ်သန်းသန်းငွေးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၀၅၀။ | ဒေါက်တာခင်မောင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်မြင့်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၀၅၁။ | ဗိုလ်မှူးချုပ်ဦးကျော်နှင့်ဇနီး ဒေါ်ခင်စန်းကြည် မိသားစုကောင်းမှု | ၁၈၀၀၀၀ |
| ၅၀၅၂။ | ဦးသောင်းမြင့်နှင့်ဇနီး ဒေါ်တင်မြင့်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၅၀၅၃။ | ဒေါ်ကြည်မြင့်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၅၀၅၄။ | ဒေါ်ဝင်းကြည်မိသားစုကောင်းမှု | ၁၂၅၀၀၀ |
| ၅၀၅၅။ | ဒေါ်စန်းကြူမိသားစုကောင်းမှု | ၁၂၁၀၀၀ |
| ၅၀၅၆။ | ဦးသိန်းထူး၊ (သမီး) ဒေါ်အေးအေးခိုင်၊ ဒေါ်မြမြခိုင် မိသားစုကောင်းမှု | ၁၂၀၀၀၀ |
| ၅၀၅၇။ | ပဲခူးမယ်တော်ကြီးနှင့်(၇)ရက်သားသမီးများကောင်းမှု | ၁၂၀၀၀၀ |
| ၅၀၅၈။ | ဒေါ်တင်အေးမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၀၅၉။ | ဒေါ်စိန်စိန်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၀၆၀။ | ပိုင်ကောင်းထက်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၀၆၁။ | ဦးသက်ဦးနှင့်ဇနီး ဒေါ်လှမေမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၀၆၂။ | ဦးတင်အေးနှင့်ဇနီး ဒေါ်ဝင်းမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၀၆၃။ | ဦးစံရီနှင့်ဇနီး ဒေါ်ကိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၆၄။ | ဦးသိန်းဟန်နှင့် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၆၅။ | ဦးဝင်းမင်းသူမိုး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၆၆။ | ဦးဘမောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၆၇။ | ဦးကျော်တင်နှင့်ဇနီး ဒေါ်အေးချိုချို သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၆၈။ | ဦးရဲမြင့်နှင့်ဇနီး ဒေါ်ခင်စိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၆၉။ | ဦးစောလင်းနှင့်ဇနီး ဒေါ်ခင်အေးရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၇၀။ | ဦးငွေရနှင့်ဇနီး ဒေါ်ခင်ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၇၁။ | ဦးတင်ဝင်းဦးနှင့်ဇနီး ဒေါ်အေးအေးမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၇၂။ | ဦးဘုန်းမြင့်နှင့်ဇနီး ဒေါ်သန်းရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၇၃။ | ဦးကျော်တင့်နှင့်ဇနီး ဒေါ်အေးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၇၄။ | ဦးသတိုးအောင်နှင့်ဇနီး ဒေါ်သီတာညို မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၇၅။ | ဆရာကြီးဦးရဲမြင့်နှင့်ဇနီး ဒေါ်ဆန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၇၆။ | အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးရုံး၊ဆရာဝန်နှင့် သူနာပြု(၁၉)ဦးတို့ကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၇၇။ | ဦးဇော်လင်းလင်းနှင့်ဇနီး ဒေါ်စန္ဒာအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၇၈။ | ဦးတင်ဝင်းနှင့်ဇနီး ဒေါ်ခင်မာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၇၉။ | ဦးအေးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၈၀။ | ကိုလတ်နှင့်ဇနီး ဒေါ်အိချိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၈၁။ | ဒေါ်အမာကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၈၂။ | ဗိုလ်ကြီးတင်ငွေးနှင့်ဇနီး ဒေါ်ကြည်ကြည်ဆွေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၈၃။ | ဒေါ်ခင်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၈၄။ | ဒေါ်ညိုညိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၈၅။ | ဦးကျော်စိုးဝင်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်မိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၈၆။ | ဦးစိုးသူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၀၈၇။ | မယ်တော်ကြီးဒေါ်မိုးရှိန်၊ (အစ်မကြီး) ဒေါ်ဝင်းရွှေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** — **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည်** — **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

---

**❂ ကျောဖုံးမှ**

လေးယောက်တွဲ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ သုံးယောက်တွဲ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် သုံးယောက်တွဲ အသင်းလိုက် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိကြောင်း သိရသည်။

အုပ်စုခွဲဝေထားမှုအရ လေးယောက်တွဲ အမျိုးသားပြိုင်ပွဲ အုပ်စု(က)တွင် မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအို၊ အုပ်စု(ခ)တွင် ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ အမျိုးသမီးပြိုင်ပွဲ အုပ်စု(က)တွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဂျပန်၊ မြန်မာ၊ အုပ်စု(ခ)တွင် ဖိလစ်ပိုင်၊ လာအို၊ အိန္ဒိယနှင့် တရုတ်၊ သုံးယောက်တွဲ အမျိုးသားပြိုင်ပွဲ အုပ်စု(က)တွင် မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ အုပ်စု(ခ)တွင် ထိုင်း၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ မြန်မာ၊ အမျိုးသမီးပြိုင်ပွဲ အုပ်စု(က)တွင် အိန္ဒိယ၊ ဗီယက်နမ်၊ တရုတ်၊ အုပ်စု(ခ)တွင် တောင်ကိုရီးယား၊ ထိုင်း၊ မြန်မာ အသင်းတို့ ပါဝင်နေသည်။

**ကြေးတံဆိပ်တစ်ခုသာ ရယူနိုင်ခဲ့**

မြန်မာပိုက်ကျော်ခြင်းအသင်းသည် ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၄ ခုနှစ် အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများ ရယူနိုင်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ပြိုင်ပွဲတွင်မူ ရွှေ၊ ငွေဆုတံဆိပ်များနှင့် လွဲချော်ပြီး ကြေးတံဆိပ်တစ်ခုသာ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**ကိုညီလေး**

## (၁၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
## ဒေါ်စန်းစန်းရီ
### (၂၁-၈-၂၀၁၂) မှ (၂၁-၈-၂၀၂၃)

ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး ကွယ်လွန်ခဲ့သည်မှာ (၂၁-၈-၂၀၂၃)ရက်တွင် (၁၁)နှစ်ပြည့်သွားပြီ ဖြစ်သော်လည်း ယနေ့ထိတိုင် လွမ်းဆွတ်သတိရလျက်ရှိဆဲပါ။ လစဉ် (၂၁)ရက်နေ့တိုင်းလည်း လစဉ်မပြတ် အမေ့အတွက် ရည်စူးကုသိုလ်အလှူများပြုလုပ်ပေးခဲ့တာ (၁၁)နှစ်တိုင်ခဲ့ပါပြီ။ ယနေ့(၂၁-၈-၂၀၂၃)မှာလည်း အမေကွယ်လွန်တာ (၁၁)နှစ်ပြည့်ရည်စူးအလှူအဖြစ် တောင်ဒဂုံ၊ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်မှ သံဃာတော်အပါး (၂၀၀)တို့အား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ သံဃာတော်အသုံးအဆောင်ပစ္စည်းများ ဖြစ်သော သင်္ကန်း၊ ထီး၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဂျုတ် စသောပစ္စည်းများ၊ ဆေးဝါးများ၊ အာဟာရ ဖြစ်ဖွယ်စားစရာများ၊ အားသွင်းမီးလုံးများ၊ စာအုပ်၊ ဘောပင်များ စသည်တို့ကို လှူဒါန်းပေးခဲ့ပါတယ်။ ကျေးဇူးရှင်ဖခင်ကြီးလည်း မြင့်မြတ်သောဘုံဘဝကိုရောက်ရှိသွားတာ (၂)နှစ်ပြည့်ပြီးသွားပြီဖြစ်ပါတယ်။ အဖေနဲ့အမေတို့ လှူဒါန်းခဲ့ကြသော ထာဝရအလှူများကိုလည်း ဆက်လက်လှူဒါန်းပေးသွားပါ့မယ်။ အဖေနဲ့အမေတို့ကိုယ်တိုင်ပြုလုပ်ခဲ့ကြတဲ့ ကုသိုလ်ကောင်းမှုများနှင့် ကျန်ရစ်သူ သားသမီး မြေးများမှ ပြုလုပ်ပေးတဲ့ ကုသိုလ်ကောင်းမှုများအားလုံးကို ရရှိ၊ သိမြင်၊ ခံစားနိုင်ကြရပြီး သာဓုခေါ်ဆိုနိုင်ပါစေ။

**အဖေနဲ့အမေကိုချစ်သော သားသမီးများနှင့်**
**ဘိုးဘိုးကြီးနှင့်ဘွားဘွားကြီးကိုချစ်သော မြေးများ**

---

## ဗိုလ်မှူးကြီးမျိုးမြင့် (ငြိမ်း)
**စတသ-၁၄**
### အသက် (၇၄) နှစ်

ချယ်ရီရိပ်ဖောင်ဒေးရှင်း၏ စောင့်ရှောက်ခံဆရာ တစ်ဦးဖြစ်သူ စစ်တက္ကသိုလ်လေ့ကျင့်ရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)သည် ၂၀-၈-၂၀၂၃ ရက်နေ့ မွန်းလွဲ ၁၃:၅၀ နာရီတွင် ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**ချယ်ရီရိပ်ဖောင်ဒေးရှင်း**

---

## ဝမ်းနည်းကြေကွဲခြင်း
**ကြည်း-၇၈၆၂ ဒုတိယဗိုလ်မှူးကြီး ကြည်လွင်(ငြိမ်း)**
**ညွှန်ကြားရေးမှူးချုပ် MRTV (ငြိမ်း)**
### အသက်(၈၆)နှစ်

ဦးကြည်လွင် [ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)၊ ညွှန်ကြားရေးမှူးချုပ် MRTV (ငြိမ်း)]သည် ၁၈-၈-၂၀၂၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**ဦးဝင်းမော်-ဒေါ်ခင်ခင်လေး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးဝင်းမြင့်ဟန်**
**အထွေထွေမန်နေဂျာ (ငြိမ်း)၊ မြန်မာ့အာမခံလုပ်ငန်း**
**အဖွဲ့ဝင်ဟောင်း၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့**
**အကြံပေးပုဂ္ဂိုလ်(ငြိမ်း)၊ ပထမအမျိုးသားအာမခံ(အထွေထွေ)**
### အသက်(၈၃)နှစ်

ဆရာကြီး ဦးဝင်းမြင့်ဟန်သည် ၁၉-၈-၂၀၂၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မြန်မာ့အာမခံလောကတွင် ကြီးမားသော ဆုံးရှုံးမှုကြီးဖြစ်ရပြီး မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**အမှုဆောင်အရာရှိချုပ်နှင့် ဝန်ထမ်းများ**
**ပထမအမျိုးသားအာမခံ(အထွေထွေ) ကုမ္ပဏီလီမိတက်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးဝင်းမြင့်ဟန်**
**အထွေထွေမန်နေဂျာ (ငြိမ်း)၊ မြန်မာ့အာမခံလုပ်ငန်း**
**အဖွဲ့ဝင်ဟောင်း၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့**
**အကြံပေးပုဂ္ဂိုလ်(ငြိမ်း)၊ ပထမအမျိုးသားအာမခံ(အထွေထွေ)**
### အသက်(၈၃)နှစ်

ဆရာကြီး ဦးဝင်းမြင့်ဟန်သည် ၁၉-၈-၂၀၂၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မြန်မာ့အာမခံလောကတွင် ကြီးမားသော ဆုံးရှုံးမှုကြီးဖြစ်ရပြီး မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**အာမခံကိုယ်စားလှယ်များ**
**ပထမအမျိုးသားအာမခံ(အထွေထွေ) ကုမ္ပဏီလီမိတက်**

---

## (၁)လပြည့်ဆွမ်းကျွေးတရားတော်နာ ဖိတ်ကြားလွှာ
## ဒေါ်မြင့်ကြည်
**အထက(၆)၊ ဗိုလ်တထောင်(ငြိမ်း)၊ (သထုံ၊ မအူပင် - အသင်း)**
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ လမ်း(၅၀)၊ တိုက်(ဘီ)၊ အခန်း(၄၁၅)နေ ဒေါ်မိုးမဉ္ဇူ၏ မွေးစားမိခင် ဒေါ်မြင့်ကြည်သည် လွန်ခဲ့သော ၂၃-၇-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မော်လမြိုင်မြို့၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်ခဲ့ပါသည်။ ဒေါ်မြင့်ကြည် အသက်(၈၆)နှစ်အား ရည်စူး၍ သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး အမျှပေးဝေမည်ဖြစ်ပါသောကြောင့် (၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်) ၂၃-၈-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---


**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။




---

**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြခင် (ကော့မှူး)
### အသက်(၉၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ အဖျောက်ကျေးရွာနေ (ဦးညိမ်း)၏ဇနီး၊ ဦးသန်းစိန်(Executive Director,Mandalay Technology Co.,Ltd)-ဒေါ်နီနီ၊ (ဦးချိုပို)-ဒေါ်တူးတူး၊ ဦးစိုးတင့်-ဒေါ်ခင်စန်းအေး၊ ဦးတင်နွဲ့-ဒေါ်မဉ္ဇူအောင်၊ (ဒေါ်ရီရီဝင်း)၊ ဦးသန်းလွင်-ဒေါ်ခင်သန်းလွင်တို့၏ မိခင်၊ မြေး ၁၂ ယောက်၊ မြစ် ၁၁ ယောက်တို့၏ ဘွားဘွားကြီး ဒေါ်မြခင်သည် ၁၉-၈-၂၀၂၃ရက် ည ၈:၁၅ နာရီတွင် ၉၆-ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၂၁-၈-၂၀၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ရှုကီ(ခ)ဒေါ်ဝင်းရီ (လန်းဆန်းစတိုး)
### အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ (၂)ရပ်ကွက်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ်(၃၇၉)နေ (ဦးစိန်ဆင့်-ဒေါ်မွေးနှံ့) တို့၏သမီး ချွေးမ၊ သုံးခွမြို့နေ (ဦးကျင်လှိုင်-ဒေါ်ကျင်မြ)တို့၏သမီး၊ ဦးစိန်ထွန်း-ဒေါ်ခင်နှင်းရီ၊ (ဦးကြည်ဟိန်)-ဒေါ်သင်းသင်းရီ၊ ဦးခင်ဝင်း-ဒေါ်စန္ဒာဝင်း၊ ဦးမင်းမင်းအောင်-ဒေါ်မိုးစန္ဒာကျော်၊ ဦးမျိုးမင်းအောင်၊ ဦးမိုးမင်းအောင်-ဒေါ်ဥမ္မာခိုင်တို့၏မွေးသမိခင် ကျေးဇူးရှင်၊ မြေး ၁၅ ယောက်တို့၏ အဘွား၊ (ဦးအောင်မြင့်)၏ ဇနီးသည် ၁၉-၈-၂၀၂၃(စနေနေ့) ညနေ ၃:၂၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို တရုတ်သင်္ချိုင်းတွင် ကောင်းမွန်စွာ(ဂူသွင်း)သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ၂၁-၈-၂၀၂၃(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ခရမ်းမြို့၊ (၂)ရပ်ကွက်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ်(၃၇၉)နေ (ဦးအောင်မြင့်-ဒေါ်ဝင်းရီ) တို့၏ နေအိမ်သို့ ကြွရောက်၍ သုသာန်သို့ လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးအေးမောင်လှိုင်
**လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)**
**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း**
### အသက်(၅၂)နှစ်

ဦးသိန်းလှိုင်(အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့၊ ပါမောက္ခ၊ ဌာနမှူး -ငြိမ်း၊ အရှေ့တိုင်းပညာဌာန၊ မော်လမြိုင်တက္ကသိုလ်)-(ဒေါ်ကျင်အေး) တို့၏သားလတ်၊ ဦးအေးမင်းလှိုင်(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)-ဒေါက်တာဒေါ်စုစုမြတ် (ရန်ကုန်စီးပွားရေးတက္ကသိုလ်) တို့၏ ညီ/မောင်၊ ဒေါ်ယဉ်ယဉ်လှိုင်(ဆေးတက္ကသိုလ်-၁၊ ရန်ကုန်-ငြိမ်း)၏ အစ်ကို ဦးအေးမောင်လှိုင်သည် ၁၉-၈-၂၀၂၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၈-၂၀၂၃ ရက် နံနက် ၉:၃၀ နာရီတွင် အမှတ်(၅၈/၁-ခ)၊ စက်တွင်းလမ်း၊ အလုံမြို့နယ် နေအိမ်သို့ ဆွမ်းကျွေးအလှူ တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးဝင်းမြင့်ဟန်
**(အထွေထွေမန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း-ငြိမ်း)**
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးသာဟန်-ဒေါ်အုံးမြ)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ(ဦးရှမ်းဖြူ-ဒေါ်သီ)တို့၏သားသမက်၊ ရန်ကုန်မြို့နေ (ဦးခင်မောင်မြင့်-ဒေါ်ခင်ညွန့်ယဉ်)တို့၏မောင်၊ ရန်ကုန်မြို့နေ ဦးရဲဝင်းဟန်-ဒေါ်ဆွေဆွေလာဘ်၊ ဒေါ်ကလျာဟန်၊ ဦးဝေဖြိုးဟန်-ဒေါ်မေဂျူလိုင် တို့၏ မွေးသဖခင်၊ မောင်အာကာဝင့်ဟန်၏ ချစ်လှစွာသော အဘိုး၊ (ဒေါ်တင်မြရီ)၏ ချစ်လှစွာသောခင်ပွန်း ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးဝင်းမြင့်ဟန်(အထွေထွေမန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း-ငြိမ်း) အသက်(၈၃)နှစ်သည် ၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း (၃)ရက် ၁၉-၈-၂၀၂၃ (စနေနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကာယကံရှင်၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၁၇)လမ်း၊ အမှတ်(၂/က)ရှိ တိုက်၏(ပထမထပ်) (၂)လွှာ၊ အကျယ်အဝန်း (၁၈ ပေx၅၂ ပေ)ရှိ ရေမီးစုံ တိုက်ခန်း (၁) ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြတ်လေးလွင် [၁၂/သဃက(နိုင်)၁၃၆၀၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှသန်း(LL.B) ဥပဒေတွဲ့**
**အထက်တန်းရှေ့နေ (စဉ်-၄၉၇၀၀၊ ၂၇-၄-၁၈)**
**ဒုတိယထပ်၊ တိုက် - ၄၉၀(B)၊ လယ်ယာရွှေမြေလမ်း၊**
**မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၃၁၀၃၃၈၉**

---


**အိုဇုန်းလွှာနှင့်**
**ရာသီဥတု**
**ကောင်းမွန်ဖို့**
**လက်တွဲညီညီ**
**ဆောင်ရွက်စို့**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။
၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။
၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ "ပညာရေးဆိုသည်မှာ အမျိုးမျိုးသော သင်ယူလေ့လာမှုနည်းလမ်းများမှတစ်ဆင့်ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်၊ အရည်အသွေးနှင့် တန်ဖိုးများ" ဟု ဖွင့်ဆိုသည်ကိုလည်းတွေ့ရ...

❖ လူတစ်ယောက်သည် ပညာကို မွေးကင်းစအရွယ်ကတည်းကစပြီး ဘဝတစ်သက်တာ သင်ယူလေ့လာနေကြရခြင်းဖြစ်...

❖ ပညာကိုသင်ယူလေ့လာထားသည့် လူတစ်ဦးချင်းစီသည် မိမိတတ်မြောက်ထားသည့် ပညာနှင့်ဘဝကို ပြည့်စုံအောင်မြင်အောင် တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး လူ့အသိုက်အဝန်းကို အထောက်အကူပြုစေနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃)ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## အာရှအားကစားပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၂၀

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားလေးမျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားသည်။

**ယှဉ်ပြိုင်ရန်စီစဉ်ထား**

အာရှအားကစားပြိုင်ပွဲ၏ ပိုက်ကျော်ခြင်း အားကစားနည်းတွင် ပြိုင်ပွဲအမျိုးအစားခြောက်မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲနှစ်မျိုး၊ အမျိုးသမီးပြိုင်ပွဲ နှစ်မျိုးတွင် ယှဉ်ပြိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်း အသင်းသည်

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❂

## မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီး၏ တွဲဆိုင်း ခြောက်ဆိုင်း ယှဉ်ပြိုင်ထိုးသတ်



၇၅ ကီလိုတန်းတွင် ထွန်းမင်းအောင်(မြန်မာ)နှင့် Tokeshi(ဂျပန်)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

ရန်ကုန် ဩဂုတ် ၂၀

အဌမအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီး၏ တွဲဆိုင်း ခြောက်ဆိုင်းကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ယနေ့မွန်းလွဲ ၂ နာရီတွင် စတင်ကျင်းပခဲ့သည်။

**အပြန်အလှန်ရှိ**

ဦးစွာ လေးချီစိန်ခေါ်ပွဲများကို စတင်ယှဉ်ပြိုင်ထိုးသတ်ရာ ၅၄ ကီလိုတန်း တိုင်းကျော်နှင့် ဝူသော်ဒိုတို့ ပွဲစဉ်တွင် ဖွင့်ထိုးခဲ့သဖြင့် တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်ရှိခဲ့ပြီး ပထမအချီတွင် တိုင်းကျော် အမှတ်စဉ်ရေတွက်ခံခဲ့ရသလို ဒုတိယအချီတွင် ဝူသော်ဒို အမှတ်စဉ်နှစ်ကြိမ်ရေတွက်ခံခဲ့ရကာ အနားတောင်းခဲ့ရသည်။ တတိယအချီ ၁ မိနစ် ၆ စက္ကန့်တွင် ဝူသော်ဒို ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်းမရှိ၍ တိုင်းကျော်က အနိုင်ရရှိခဲ့သည်။

၆၅ ကီလိုတန်း ဟံသာဝတီနှင့် စီတိုးတို့ ပွဲစဉ်တွင် နှစ်ဦးစလုံး ပညာကုန်ထုတ်

စာမျက်နှာ ၁၉ ကော်လံ ၅ သို့ ■

**ယနေ့ ဖတ်စရာ**


နိုင်ဂျာနိုင်ငံမှ နိုင်ငံရေးသင်ခန်းစာ
ဆောင်းပါး စာမျက်နှာ » ၈

အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးအတွက် ပြန်လည်ဆက်စပ်မိသည်များ ...
ဆောင်းပါး စာမျက်နှာ » ၁၁

အိန္ဒိယနိုင်ငံ၏ လဆင်းယာဉ် Chandrayaan-3 ဩဂုတ် ၂၃ ရက်တွင် လကမ္ဘာပေါ်သို့ ဆင်းသက်မည်
စာမျက်နှာ » ၁၃




စပိန်အမျိုးသမီးအသင်း အမျိုးသမီးကမ္ဘာ့ဖလားဆွတ်ခူး
စာမျက်နှာ » ၂၃